# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၆၂)


# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်း

အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၁

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်)

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် United league of Arakan(ULA/Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၃.၃.၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ (၁/၂၀၂၁) ဖြင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါ United league of Arakan(ULA/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့သည် အကြမ်းဖက်လုပ်ငန်းများကို ပြုလုပ်ခြင်းမရှိတော့သဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉) ရပ်တို့နှင့်အညီ တစ်နိုင်ငံလုံး ထာဝရ ငြိမ်းချမ်းရေးရရှိရေး တည်ဆောက်ရန်အတွက်လည်းကောင်း ယင်းအဖွဲ့အား ၂၀၂၁ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့မှစ၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းလိုက်သည်။

ဥက္ကဋ္ဌ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားရေလုပ်သားများအား တပ်မတော်မှ စစ်ရေယာဉ်(တပင်ရွှေထီး)ဖြင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့



အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား စစ်ရေယာဉ်(တပင်ရွှေထီး)ဖြင့် ပြန်လည်ခေါ်ဆောင်လာစဉ်။

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်နှင့် အညီ မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့နေရသော အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သားများကို သွားရောက်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာ့တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီးကျော်လင်းဇော် ဦးဆောင်သော စစ်ရေယာဉ် (တပင်ရွှေထီး)သည် မတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)မှ အိန္ဒိယနိုင်ငံသို့ စတင်ထွက်ခွာခဲ့သည်။

စစ်ရေယာဉ် (တပင်ရွှေထီး) သည် အိန္ဒိယနိုင်ငံ၊ အန်ဒမန်ကျွန်းရှိ ပို့ဘလဲယား (Port Blair) ဆိပ်ကမ်းသို့ မတ် ၇ ရက် မွန်းလွဲပိုင်းတွင်ရောက်ရှိခဲ့ပြီးမတ် ၈ ရက်တွင်


*စာမျက်နှာ ၁၁ ကော်လံ ၁* ❍



## တာဝန်ကို ဦးထိပ်ပန်ဆင်ကြသူများ

ဆောင်းပါး စာ ၆

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ပြည်တွင်းသတင်း စာ ၁၂


## ထူးခြားသည့် နေ့အပူချိန်များ

၁၀-၃-၂၀၂၁

| | | | | | |
|---|---|---|---|---|---|
| ချောက်မြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် | ဆင်ဖြူကျွန်းမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် | ကြို့ပင်ကောက် | ၄၀ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် | ဘားအံမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |

**မြန်မာ့အလင်း**

# နေပြည်တော်မြို့တော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေး

နေပြည်တော်သည် မိမိတို့နိုင်ငံ၏ မြို့တော်ဖြစ်သဖြင့် ယခုထက် ပိုမိုတိုးတက်စည်ကားအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၂/၂၀၂၁) တွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ မိမိတို့နိုင်ငံ၏ အချက်အချာကျသောနေရာတွင် တည်ထားခြင်းကြောင့် ပညာသင်ကြားရေးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အပြင် အခြားသောသဘာဝပတ်ဝန်းကျင်မထိခိုက်စေနိုင်သည့် စက်ရုံ၊ အလုပ်ရုံများအား ဖွင့်လှစ်နိုင်ရေး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နေပြည်တော်၌ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် (၈၁) ပေရှိ ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ်ရုပ်ပွားတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်၏ သက်တမ်းမှာ ၁၅ နှစ်ကျော်ကျော် ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့တော်ဟောင်းဖြစ်ခဲ့ပြီး ယခု စီးပွားရေးမြို့တော် ဖြစ်သည့် ရန်ကုန်မြို့နှင့်လည်းကောင်း၊ ယဉ်ကျေးမှု မြို့တော်၊ အထက်မြန်မာနိုင်ငံ၏ အစည်ကားဆုံးမြို့တော်ဖြစ်သည့် မန္တလေးမြို့နှင့် လည်းကောင်း၊ အမြန်လမ်းမကြီးနှင့် ချိတ်ဆက်ထားပြီး နေပြည်တော်မြို့တော်က ဗဟိုအချက်အချာတွင် တည်ရှိနေသည်။ ပဲခူးရိုးမနှင့် ရှမ်းရိုးမတို့၏အကြားတွင် တည်ရှိနေခြင်း၊ ရာသီဥတုရေမြေ သဘာဝတို့ မျှတကောင်းမွန်ခြင်းတို့ကြောင့် သာယာလှပသောပတ်ဝန်းကျင်လည်း ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် အခြေခံကောင်းများနှင့် ပြည့်စုံသည်။ စက်ရုံ၊ အလုပ်ရုံကုန်ထုတ်လုပ်ငန်းများအတွက် လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်နှင့် လုပ်သားအင်အားလိုအပ်ချက်များ လွယ်လင့်တကူရရှိနိုင်သည်။ စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ရန်အတွက် ဒေသတွင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန် ကုန်ကြမ်းများရရှိနိုင်သော ဒေသလည်း ဖြစ်သည်။

နေပြည်တော်တွင် ရှိနေပြီးဖြစ်သည့် အခြေခံအဆောက်အအုံများ၊ မြို့တော်၏ အနီးအနား၌ တည်ရှိနေသည့် သဘာဝပတ်ဝန်းကျင်၊ ရိုးရာလူနေမှုပုံစံများ၊ နေပြည်တော်နှင့် ဆက်နေသည့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့နှင့် ထိစပ်နေသည့်ဒေသများ၏ အလှအပများ စသည်တို့က နေပြည်တော်ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အခြေခံများပင်ဖြစ်သည်။ လက်ရှိတည်ထားပြီးဖြစ်သည့် ဟိုတယ်ဇုန်များမှာ လူနေရပ်ကွက်များနှင့် အလှမ်းဝေးနေပြီး သီးခြားစီ တည်ရှိနေခြင်းကြောင့် ခရီးသည်များ သွားလာတတ်သည့်နေရာများ၊ ငွေကြေးသုံးစွဲတတ်သည့်နေရာများ၊ ညအပန်းဖြေနေရာများနှင့် အစီအစဉ်များ စသည်တို့ကို ဟိုတယ်ဇုန်များနှင့် တစ်ဆက်တစ်စပ်တည်း တည်ဆောက်ဖန်တီးပေးထားခြင်းအားဖြင့် ပြည်တွင်းပြည်ပခရီးသည်များ နေပြည်တော်ကို ပိုမိုစိတ်ဝင်စားလာနိုင်မည်ဖြစ်သည်။

ပြည်တွင်းခရီးသည်များအနေဖြင့်မူ ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ နက္ခတ်တာရာပြတိုက်၊ တိရစ္ဆာန်ဥယျာဉ် စသည့်လည်ပတ်ဖွယ်နေရာများ၊ ဥပ္ပါတသန္တိစေတီတော်၊ နေပြည်တော်ဗုဒ္ဓဂယာ၊ မဟာသကျရံသီ စသည့်နေပြည်တော် မြို့တော်တည်ပြီးနောက် တည်ထားပေါ်ပေါက်လာသည့် စေတီဘုရားပုထိုးများနှင့် ရှေးယခင်ကတည်းက ရှိနေသည့် ဘုရားစေတီများသို့ လှေ့လာလည်ပတ်ဖူးမြော်ကြည်ညိုနိုင်ကြသည်။ ယခုအခါ နေပြည်တော်တွင် တည်ထားမည့် ကမ္ဘာတွင်အကြီးဆုံး စကျင်ကျောက်ဆစ်ရုပ်ပွားတော်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းကျောက်တော်ကြီးများကို မန္တလေးတိုင်းမှသည် နေပြည်တော်ကောင်စီနယ်မြေသို့ ရေကြောင်း၊ ကုန်းကြောင်းတို့မှ ယာဉ်ယန္တရားကြီးများနှင့် ပင့်ဆောင်လျက်ရှိရာ ဉာဏ်တော်အမြင့် ၈၁ ပေရှိမည့် ဘူမိဖသမုဒြာထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ထားပြီးချိန်တွင် နေပြည်တော်မြို့တော်ကြီးတွင် ဗုဒ္ဓသာသနာ စည်ပင်ပွင့်လန်းခြင်းနှင့်အတူ မြို့တော်၏ ဂုဏ်ကျက်သရေ အစီးအပွားလည်း ပိုမိုကြီးပွားတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲဝင်စွမ်းရည်နှင့် တိုက်ပွဲဝင်စွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁) ရက် သောကြာနေ့မှ (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက် (၉:၀၀) နာရီမှ မွန်းလွဲ (၁၆: ၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆: ၀၀) နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည့် နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက် (စနေနေ့) မွန်းလွဲ (၁၆: ၀၀) နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်<br>
ရွေးချယ်တင်မြှောက်ရေးအဖွဲ့<br>
အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊<br>
ရန်ကုန်တိုင်းဒေသကြီး

## ဆူပူဆန္ဒပြမှုများကို အခြားနိုင်ငံများ၏ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူခဲ့သည်မှာ တစ်လရှိပြီဖြစ်ကြောင်း၊ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဆန္ဒပြမှုများမှာ ကိုဗစ်ကာလအကျပ်အတည်း ထိန်းချုပ်မှု၊ တခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယခုလိုဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်း ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက်ရှိကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# လယ်ယာကဏ္ဍအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအပြင် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ရေးကိုပါ အဓိကထား စီမံဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၁၀**

လယ်ယာကဏ္ဍ တစ်ခုလုံး၏ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများ ထိရောက်စွာရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၁၅) ၌ ကျင်းပသည်။

**အဓိကထား စီမံဆောင်ရွက်**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ၏ စီးပွားရေး အသွင်သဏ္ဌာန် ပြောင်းလဲမှု ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအပြင် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ရေးကိုပါ အဓိကထား စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော်ရာ၌ သီးနှံ သားငါးထုတ်လုပ်မှုသာမက ကုန်ချောအဆင့်အထိ ထုတ်လုပ်မှု ကွင်းဆက် တစ်လျှောက်လုံးအတွက် အကျုံးဝင်မည့် အစီအမံများကို စီမံကိန်းများတွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



လယ်ယာကဏ္ဍတစ်ခုလုံး၏ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ ထိရောက်စွာရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**စီမံကိန်းလုပ်ငန်းများ ပြီးပြတ်ရေး**

အဆိုပါ အစည်းအဝေးတွင် နောင်တိုးပွားလာမည့် လူဦးရေ သန်းတစ်ရာခန့်၏ စားနပ်ရိက္ခာနှင့် အာဟာရဓာတ်ဖူလုံရေး အတွက် ဆန်စပါးအပါအဝင် အဓိကသီးနှံသားငါးများ ထုတ်လုပ်မှုဆိုင်ရာ ရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရေး၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ အကြား၊ မြို့ပြနှင့် ကျေးလက်ဒေသများအကြားရှိ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းသွားစေရန် လယ်ယာကဏ္ဍက အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများတွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ယင်းသို့ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက ပါဝင်နေသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ နိုင်ငံတကာ ငွေကြေးထောက်ပံ့မှု အစီအစဉ်များနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်အညီ လိုအပ်သည့် စီမံကိန်းများရရှိအောင် ညှိနှိုင်းဆောင်ရွက်ရေး၊ အထောက်အပံ့ချေးငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း လုပ်ငန်းများအား သွက်လက် မြန်ဆန်စွာဖြင့် သတ်မှတ်ကာလ အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရေး၊ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် ထုတ်လုပ်မှုပုံစံများ ပြောင်းလဲကျင့်သုံးရေး၊ မိုးရွာသွန်းမှု သိသာစွာ လျော့နည်းခဲ့သဖြင့် နိုင်ငံတစ်ဝန်းရှိ ဆည်ရေလှောင်တမံများ ဝင်ရေသိုလှောင်နိုင်မှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု လျော့နည်းကျဆင်းခဲ့ခြင်းအပေါ် ရေအနည်းလိုသီးနှံများနှင့် တန်ဖိုးမြင့် သီးနှံများ၊ မွေးမြူရေး လုပ်ငန်းများကို ပြောင်းလဲအစားထိုး လုပ်ကိုင်နိုင်ရေးနှင့် ကျေးလက်ဒေသလူမှုစီးပွားရေး တိုးတက်စေမည့် လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်မည့် အစီအမံများ ပါဝင်သည့် စီမံကိန်းများ ပြင်ဆင်ရေးဆွဲရေး၊ ဆည်တမံများရှိ ရေများနှင့် မြစ်ရေတင်များမှ ရေများကို အလေအလွင့် အနည်းဆုံးနှင့် အကျိုးရှိစွာ အသုံးပြုနိုင်မည့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးမှု အကောင်အထည်ဖော် ဆောင်ရွက်ရေး တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ၂၀၂၁ ခုနှစ်၊ ပထမ (၃) လပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၁) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**




ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ပထမ(၃)လပတ်လုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေများအပေါ် ပြန်လည် သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးစစ်အေး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်နှင့် ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယ အမြဲတမ်းအတွင်းဝန်တို့ ပါဝင်တက်ရောက်ဆွေးနွေးတင်ပြကြသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့တော် မြို့ပြဖိုင်ဘာကွန်ရက် စီမံကိန်းဆောင်ရွက်ချက်များကိုစစ် တွေ့ဆုံညှိနှိုင်း

**ရန်ကုန် မတ် ၁၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များဖြစ်ကြသော ဒေါက်တာဇော်ဝင်း၊ ဒေါက်တာငွေစန်း၊ ဦးအောင်နိုင်တို့နှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဗိုလ်တထောင်မြို့နယ် ၄၆ လမ်းရှိ ၁၂ ထပ်ခွဲရုံး အစည်းအဝေးခန်းမ၌ EAGER Communications Group Co., Ltd မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရန်ကုန်မြို့တော် မြို့ပြဖိုင်ဘာကွန်ရက်စီမံကိန်းလုပ်ငန်းရပ်များကိုစစ် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။ **(ယာအပေါ်ပုံ)**



ထိုသို့တွေ့ဆုံရာတွင် EAGER Communications Group Co.,Ltd ဥက္ကဋ္ဌ ဦးဣန္ဒိလုက ရန်ကုန်မြို့တော် မြို့ပြဖိုင်ဘာကွန်ရက် စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်၊ တည်ဆောက် ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံ့လူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန်ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ်ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များနှင့် အချို့သောပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟု စွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံး တုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများစသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရလည်းကောင်း ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရလည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံး တုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း စသည်ဖြင့် ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့်လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ ၅၀၆နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့်လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ် အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက်တွင် အသိပေးကြေညာကာ တပ်ဆင်ထားရှိပြီးဖြစ်သော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့်**
**CRPH နှင့် CRPH ကဖွဲ့စည်းသည့်**
**အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်းမရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH) အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့်ဥပဒေနှင့် ဆန့်ကျင်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄- ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# (၁၁) ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးကျင်းပ






**နေပြည်တော် မတ် ၁၀**
(၁၁) ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 11 th ASEAN Military Operation Meeting (11th AMOM) ကို Online Video Conferencing စနစ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။ **(ယာပုံ)**

**ပါဝင်ဆွေးနွေး**

အဆိုပါ Video Conferencing တွင် မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံမှ Brigadier General Haji Abdul Razak bin Haji Abdul Kadir နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ကမ္ဘောဒီးယားနိုင်ငံမှ Major General Pen Sokrethvithyea နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အင်ဒိုနီးရှားနိုင်ငံမှ Major General Tiopan Aritonang နှင့်ကိုယ်စားလှယ်အဖွဲ့များ၊ လာအိုနိုင်ငံမှ Brigadier General Sonethong Keolokham နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ မလေးရှားနိုင်ငံမှ Major General Hashim bin Aman Shah နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဖိလစ်ပိုင်နိုင်ငံမှ Major General Edgardo Y. De Leon နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ စင်ကာပူနိုင်ငံမှ Brigadier General Ho Kum Luem နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ထိုင်းနိုင်ငံမှ Lieutenant General Chitchanok Nujjaya နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဗီယက်နမ်နိုင်ငံမှ Major General Nguyen Duc C an နှင့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆွေးနွေးကြသည်။

**အဖွင့်မိန့်ခွန်း ပြောကြား**

ဦးစွာ 11th ASEAN Military Operation Meeting (11th AMOM) ဥက္ကဋ္ဌ ဘရူနိုင်းဘုရင့်တပ်မတော်မှ Brigadier General Haji Abdul Razak bin Haji Abdul Kadir က အဖွင့်မိန့်ခွန်း ပြောကြားသည်။

**အလှည့်ကျ ဆွေးနွေး**

ထို့နောက် "စစ်ဘက်ဆိုင်ရာ စုစည်းပူးပေါင်းဆောင်ရွက်ရေးအတွက် ဂရုပြုပြင်ဆင်၊ အောင်ပွဲဝင် (We Care, We Prepare, We Prosper towards an Integrated ASEAN Military Cooperation)" အပေါ်အမြင်များအား နိုင်ငံအလိုက် အလှည့်ကျ ဆွေးနွေးကြသည်။ ဆက်လက်၍ အာဆီယံတပ်မတော်များ၏ ၂ နှစ် လုပ်ငန်းစီမံချက်အား ဆွေးနွေးအတည်ပြုခြင်းအပါအဝင် အခြားကိစ္စရပ်များအား ဆွေးနွေးကြသည်။

**ဥက္ကဋ္ဌတာဝန်များအား လွှဲပြောင်း**

ယင်းနောက် (11th AMOM) ဥက္ကဋ္ဌ ဘရူနိုင်းဘုရင့်တပ်မတော်မှ Brigadier General Haji Abdul Razak bin Haji Abdul Kadir က အပိတ်မိန့်ခွန်း ပြောကြားပြီး 12th ASEAN Military Operation Meeting (12th AMOM) ကို အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယားတပ်မတော်မှ Major General Pen Sokrethvithyea ထံသို့ ဥက္ကဋ္ဌတာဝန်များအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကမ္ဘောဒီးယား တပ်မတော်မှ Major General Pen Sokrethvithyea က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အစည်းအဝေးအောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၂/ ၂၀၂၁)ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၂/ ၂၀၂၁)ကို မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို၊ MITV တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၀**

နေ့အပူချိန်များမှာ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိသည်။ **မိုး/ဇလ**

# တာဝန်ကို ဦးထိပ်ပန်ဆင်ကြသူများ

ဇွဲ

**ပုဂ္ဂလိကဝန်ထမ်းဘဝ၊ ကိုယ်ပိုင်အသေးစားလုပ်ငန်းရှင် ဘဝ၊ နိုင်ငံ့ဝန်ထမ်း ဘဝ စသည်တို့ကို ကျင်လည်ခဲ့တဲ့ စာရေးသူအတွက်တော့ နိုင်ငံ့ဝန်ထမ်းဘဝကို ပိုင်ဆိုင်ရခြင်းက အဖိုးမဖြတ်နိုင်တဲ့ ဂုဏ်ယူမှုတစ်ရပ် ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ မိတ်ဆွေအပေါင်းအသင်းတွေ ငွေကြေးအောင်မြင်ပြည့်စုံလာကြတာ တွေ့တဲ့အခါ၊ ပုဂ္ဂလိကဝန်ထမ်းတွေ လစာတွေကောင်းတာကို ကြားတဲ့အခါ မိတ်ဆွေတွေအတွက် ဝမ်းသာမုဒိတာပွားပေမယ့် အားမကျခဲ့ပါဘူး။ ဘာကြောင့်လဲဆိုရင် အတတ်ပညာချင်းတူပေမယ့် စာရေးသူတို့က နိုင်ငံ့ဝန်ထမ်းတွေဖြစ်တာမို့ နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို ပိုမိုဆောင်ရွက်ခွင့်ရတယ်လို့ ခံယူချက်ကြောင့် ဖြစ်ပါတယ်။**

ဘယ်နေရာကိုရောက်ရောက် နိုင်ငံ့ဝန်ထမ်းဖြစ်တာကြောင့် ထိန်းသိမ်းနေထိုင်ရမယ့် အပြုအမူ၊ အပြောအဆိုတွေ၊ ယဉ်ကျေးမှုတွေကို အတတ်နိုင်ဆုံး ထိန်းသိမ်းနေထိုင်ကြရပါတယ်။ ကိုယ့်အပြုအမူ၊ ကိုယ့်လုပ်ရပ်တွေဟာ ကိုယ့်ဌာနအတွက် အကျိုးပြုနိုင်စေဖို့နဲ့ ဘယ်သောအခါမှ အကျိုးပျက်စီးဖို့ မဖြစ်စေရဘူးဆိုတဲ့အတွေးဟာ နိုင်ငံ့ဝန်ထမ်းတိုင်းမှာ ရှိမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေက နိုင်ငံတော်ရဲ့ မောင်းနှင်အားတွေဆိုရင် နိုင်ငံ့ဝန်ထမ်းတွေက မရှိမဖြစ်လိုအပ်တဲ့ အင်ဂျင်တွေပဲဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ဂုဏ်ယူစွာ နေထိုင်ခဲ့တာပါ။

## အယူအဆကွဲလွဲ

လက်ရှိမှာ နိုင်ငံရေးအခြေအနေ အပြောင်းအလဲတစ်ရပ်ကို ကြုံလိုက်ရပြီး နိုင်ငံ့ဝန်ထမ်းတွေကြားထဲ သွေးထိုးလှုံ့ဆော်မှုတွေ၊ အယူအဆကွဲလွဲမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဌာနတွင်းက ဝန်ထမ်းအချို့ CDM လုပ်သွားကြတယ်။ အချို့ကျလည်း မလုပ်ပေမယ့် မြှောက်ပင့်ပေးပြီး ဌာနအကျိုးစီးပွားပျက်ပြားအောင် ကြံဆောင်ကြတယ်။ အများစုသော စာရေးသူတို့လို အေးအေးချမ်းချမ်းနဲ့ လုပ်ငန်းခွင် ပျော်ရွှင်လိုတဲ့သူတွေအတွက်တော့ အတော်ကို စိတ်ထိခိုက်ကြရပါတယ်။

ကိုယ့်တာဝန်အတွက် ရုံးကိုလာရာမှာတောင် ရုံးမတက်ဖို့ တိုက်တွန်းတာတွေ၊ မိတ်ဆွေအချို့ရဲ့ လှောင်ပြောင်ရယ်မောတာတွေကို ခံစားရတယ်။ အကျပ်ကိုင်သူအချို့က Social Punishment လုပ်မယ်ဆိုပြီး ပြောလာတာတွေကိုတောင် တိုက်ရိုက်ကြုံတွေ့လာရပါတယ်။ အစပိုင်းမှာ ကိုယ့်အယူအဆနဲ့ကိုယ် လွတ်လပ်စွာ သဘောထားကွဲလွဲကြတယ်ဆိုပြီး နားလည်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံ့အရေးဟာ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တာမို့ မပိတ်ပင်မတားဆီးဘဲ ယုံကြည်ချက်ကြောင့်ဆိုတဲ့ စိတ်နဲ့ လွှတ်ထားပေးလိုက်ခြင်းကနေ နောက်ပိုင်းမှာ CDM မလုပ်တာနဲ့ သစ္စာဖောက်အဖြစ် ရောက်နေသယောင် ပြောဆို တိုက်ခိုက်တာတွေကို တိုက်ရိုက် ကြုံလာရတဲ့အခါ ကိုယ့်ဌာနတွင်းက CDM လုပ်သွားတဲ့ မိတ်ဆွေတွေထက် ပြင်ပကနေ မြှောက်ပင့်သွေးထိုးပေးနေသူတွေကို အတော်လေးရွံ့ရှာစက်ဆုပ်မိလာပါတော့တယ်။

## စိတ်ခံစားချက်ချင်း မတူညီ

ပြီးခဲ့တဲ့ရက်မှာ သတင်းတွေကို ကြည့်မိရင်း လူမှုကွန်ရက်ပေါ်က ပြည်ပရောက် မြန်မာသံအမတ်ကြီးတွေရဲ့ သဘောထားခံယူချက်တွေကို ကြည့်မိ၊ ဝေဖန်သူတွေရဲ့ သဘောထားတွေကို စေ့ငုကြည့်တဲ့အခါ လူချင်းတူပေမယ့် စိတ်ခံစားချက်ချင်း မတူညီ၊ လူချင်းတူပေမယ့် ခံယူချက်ချင်းကွဲပြား၊ လူချင်းတူပေမယ့် ပရနဲ့ အတ္တ မကွဲပြားဘဲ ကိုယ့်အတွက်ကိုယ်ကြည့်တဲ့ လူ့အတ္တသမားတွေကို မြင်လာရပါတယ်။

**မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဦးမောင်မောင်လင်းကို CDM လုပ်ဖို့ လာရောက်** တောင်းဆိုနေကြတာကို ရုပ်သံရိုက်ကူးထားတဲ့ မှတ်တမ်း ကြည့်မိတဲ့အခါ တောင်းဆိုသူတွေကို အေးအေးဆေးဆေး ရှင်းပြနေတဲ့ သံအမတ်ကြီးကို တွေ့ရပါတယ်။ လာရောက်ဆွေးနွေးမှုကို လက်သင့်ခံပြီး အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ သူ့အမြင်ကို ထုတ်ဖော်ပြောကြားနေတာ၊ လက်ရှိနိုင်ငံရဲ့ ပကတိအခြေအနေကို သုံးသပ်ပြတာနဲ့ နိုင်ငံတော်ရဲ့ကျေးဇူးသစ္စာကို စောင့်သိရိုသေတာတွေကို မြင်တွေ့ရပါတယ်။ အမှန်တရားက ဖိနှပ်စီးတုန်း မုသာဝါဒက ကမ္ဘာတစ်ပတ် ပတ်မိနေပြီဆိုသလို သံအမတ်ကြီးရဲ့ရင်ထဲက ပြည်သူတွေ အထိနာမှာစိုးလို့ ပြောပြတဲ့ စေတနာစကားတွေ၊ အခုလို ဆိုရှယ်မီဒီယာတွေကနေ အရှက်ခွဲနိုင်တာကို သိလျက်နဲ့ သူ့ယုံကြည်ချက်၊ သူ့ခံယူချက်ကို ရှင်းပြနေတာတွေကို မြင်တွေ့ရတယ်။ လူမှုကွန်ရက်မှာ သူ့ကိုဝိုင်းဝန်းပြီး ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချနေတာကိုလည်း မြင်တွေ့နေရပါတယ်။ လောကကြီးမှာ အားကြီးသူသာ အနိုင်ရတယ်ဆိုရင် မတရားမှုတွေအားကြီးလာတဲ့အခါ ဘယ်လိုတွန်းလှန်ကြရမလဲ။ မတရားမှုနဲ့ မမှန်ကန်မှုတွေက ကြီးစိုးထားရင် အမှန်တရားက ခေတ္တငုပ်လျှိုးရတော့တာလို့ သံဝေဂသဘောပိုက်မိပါတယ်။

## ဒီမိုကရေစီနည်းလမ်းကို သွေဖည်နေ

> **“အစ္စရေးသံအမတ်ကြီးလိုပဲ ပြည်သူတွေနဲ့ ရန်တိုက်ပေးခံရသူနောက်တစ်ဦးက နော်ဝေနိုင်ငံမှာ သွားရောက်တာဝန်ထမ်းဆောင်နေတဲ့ သံအမတ်ကြီး ဒေါ်မော်မော်ဖြစ်ပါတယ်။ အမျိုးသမီးတစ်ဦး နိုင်ငံရပ်ခြားအထိ သွားရောက်ပြီး နိုင်ငံတာဝန်ထမ်းဆောင်နေသူကို ဂုဏ်ယူအားပေးရမယ့်အစား CDM မှာ မပါဝင်တဲ့အတွက် သူပုန်အဖြစ် သတ်မှတ်ပါတယ်ဆိုပြီး ပြောဆိုနေကြတာတွေကို မြင်တွေ့ရပါတယ်။ ပြည်သူတွေအတွက် သံခင်းတမန်ခင်းကိစ္စရပ်တွေမှာ တာဝန်မကျေပွန်တာလား၊ ပြည်ပရောက်နိုင်ငံသားတွေကို နှိပ်စက်ကလူပြုနေသလား၊ တစ်ခုမှမဟုတ်ပါဘူး။ နိုင်ငံအတွက်ပေးအပ်သမျှ တာဝန်တွေ ကျေပွန်အောင် ဆောင်ရွက်သူ၊ နိုင်ငံအတွက် အလုပ်အကျွေးပြုသူ၊ မှန်ကန်သူကို အမှားဖြစ်အောင်၊ နိုင်ငံ့အတွက် ဒုက္ခပေးတဲ့သူဖြစ်အောင် ပြောဆိုရေးသားဝေဖန်နေခြင်းဟာ ဒီမိုကရေစီနည်းလမ်းကို သွေဖည်နေပြီလို့ ပြောရမှာဖြစ်ပါတယ်”**

အစ္စရေးသံအမတ်ကြီးလိုပဲ ပြည်သူတွေနဲ့ ရန်တိုက်ပေးခံရသူနောက်တစ်ဦးက နော်ဝေနိုင်ငံမှာ သွားရောက်တာဝန်ထမ်းဆောင်နေတဲ့ သံအမတ်ကြီး ဒေါ်မော်မော်ဖြစ်ပါတယ်။ အမျိုးသမီးတစ်ဦး နိုင်ငံရပ်ခြားအထိ သွားရောက်ပြီး နိုင်ငံတာဝန်ထမ်းဆောင်နေသူကို ဂုဏ်ယူအားပေးရမယ့်အစား CDM မှာ မပါဝင်တဲ့အတွက် သူပုန်အဖြစ် သတ်မှတ်ပါတယ်ဆိုပြီး ပြောဆိုနေကြတာတွေကို မြင်တွေ့ရပါတယ်။ ပြည်သူတွေအတွက် သံခင်းတမန်ခင်း ကိစ္စရပ်တွေမှာ တာဝန်မကျေပွန်တာလား၊ ပြည်ပရောက်နိုင်ငံသားတွေကို နှိပ်စက်ကလူပြုနေသလား၊ တစ်ခုမှမဟုတ်ပါဘူး။ နိုင်ငံအတွက် ပေးအပ်သမျှ တာဝန်တွေ ကျေပွန်အောင် ဆောင်ရွက်သူ၊ နိုင်ငံအတွက် အလုပ်အကျွေးပြုသူ၊ မှန်ကန်သူကို အမှားဖြစ်အောင်၊ နိုင်ငံ့အတွက် ဒုက္ခပေးတဲ့သူဖြစ်အောင် ပြောဆိုရေးသားဝေဖန်နေခြင်းဟာ ဒီမိုကရေစီနည်းလမ်းကို သွေဖည်နေပြီလို့ ပြောရမှာဖြစ်ပါတယ်။

ဒီနေရာမှာ နိုင်ငံတော်ကနေ စေလွှတ်တဲ့အတွက် ကမ္ဘာ့နိုင်ငံအချို့ကို အလုပ်တာဝန်ဖြင့် သွားရချိန်တွေမှာ ကြုံတွေ့နေရတဲ့ ပြည်ပရောက် မြန်မာသံရုံးအချို့ကို ရောက်ရှိခဲ့ဖူးပါတယ်။ များသောအားဖြင့် သံရုံးအသိုင်းအဝိုင်းမိသားစုတွေဟာ အခွင့်ထူးခံလူတန်းစားတွေ မဟုတ်ကြပါဘူး။ အားလုံးဟာ အမိမြေကနေ ဝေးကွာနေရပေမယ့် နိုင်ငံအတွက် နိုင်ငံတကာမျက်နှာစာကနေ တာဝန်ယူပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆိုတဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ နိုင်ငံခြားရေးမူဝါဒကို ဖော်ဆောင်နေကြရသူတွေပါ။ သူတို့တွေဟာ အခြားသော ပြည်တွင်းမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေအတိုင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရပြီး ကိုယ့်နိုင်ငံနဲ့ ရောက်ရှိနိုင်ငံတွေအကြား မိတ်ဝတ်မပျက်ဆက်ဆံရေးကို ဖော်ဆောင်ကြရသူတွေ ဖြစ်ပါတယ်။

## စိတ်မသက်မသာ ဖြစ်မိ

ဒီလို နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အတင်းအကျပ်ဖိအားပေးပြီး အလုပ်တာဝန်တွေ မထမ်းဆောင်ဖို့ တိုက်တွန်းတာကို အံ့ဩလို့မဆုံးနိုင်ပါဘူး။ ပြည်ပရောက်နေတဲ့ မြန်မာနိုင်ငံသားတိုင်းရဲ့ အရေးကိစ္စမှန်သမျှကို ဆောင်ရွက်ပေးနေတာ မြန်မာသံရုံးတွေပဲ ဖြစ်ပါတယ်။ သံရုံးတွေဟာ ပြည်ပရောက် မြန်မာတွေအတွက်တော့ မိဘအိမ်ပဲ ဖြစ်ပါတယ်။ အကယ်၍များ သံရုံးမိသားစုတွေ အားလုံး CDM လုပ်သွားကြမယ်ဆိုရင် အဲဒီနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေ အရေးကိစ္စတစ်ရပ်ရပ်ကြုံလာတဲ့အခါ ဘယ်သူက ဆောင်ရွက်ပေးကြမလဲ၊ ဆိုက်ရောက်နိုင်ငံရဲ့ ဥပဒေရေးရာတွေ၊ သံခင်းတမန်ခင်းနည်းအရ ဖြေရှင်းညှိနှိုင်းမှုတွေကို ဘယ်သူတွေက လုပ်ဆောင်ပေးကြမလဲ၊ နိုင်ငံကူးလက်မှတ်သက်တမ်းကုန်ဆုံးတဲ့အခါ ဘယ်သူတွေက တာဝန်ယူကြမလဲ စတဲ့ မေးခွန်းပေါင်းစုံကို တွေးမိရင်း စိတ်မသက်မသာ ဖြစ်မိပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက ကုလသမဂ္ဂမှာ တာဝန်ထမ်းဆောင်နေတဲ့ မြန်မာသံအမတ်ကြီး ဦးကျော်မိုးထွန်းက အလွတ်သဘောတွေ့ဆုံပွဲတစ်ခုမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကိုယ်စားမပြုဘဲ

*စာမျက်နှာ ၇ သို့*

> **“ရိုးမတက်နဲ့ ရှန်းထွက်”လို့ အော်နေကြသူတွေ၊ မြှောက်ပေးကြသူတွေဟာ ကလေးတွေ ထိခိုက်ကြတဲ့အခါ စိတ်မကောင်းဖြစ်တဲ့အကြောင်း အွန်လိုင်းကနေ ဖြန့်ဝေရေးသားနေရုံပဲလား။ ဘယ်သူနိုင်နိုင် အာဏာမရတဲ့ ပြည်သူတွေကပဲ ပေးဆပ်ကြရတာပဲ မဟုတ်လား။ ဆူပူသူ၊ ဆန္ဒပြသူနဲ့ CDM လုပ်သူတွေထဲမှာ နိုင်ငံရေးသဘောတရား နားမလည်ပါဘူး။ သို့သော် နိုင်ငံကောင်းစားစေချင်လို့ဆိုတဲ့ စေတနာနဲ့ ရိုးသားစွာ၊ အေးချမ်းစွာ ဆန္ဒပြသူလည်း ရှိမှာပါ။ နောက်ကွယ်မှာ မိမိအကျိုးစီးပွားအရ ဆန္ဒပြသူတွေလည်း ရှိနိုင်ပါတယ်။ ထောက်ပံ့မှုတွေကို မျှော်ကိုးပြီး ဆန္ဒပြသူလည်း အများသားပါ။ အကျိုးအမြတ် တစ်စုံတစ်ရာအတွက် ရည်ရွယ်ပြီး လုပ်ကြတာ၊ သူများလုပ်လို့ လိုက်လုပ်ကြတာမျိုးလည်း တစ်ပုံကြီးပါပဲ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)နှင့် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဖွဲ့စည်းထားရှိမှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ၊ လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (၂၀၂၀-၂၀၂၄)နှင့် မြန်မာနိုင်ငံလူငယ်ရေးရာ ကော်မတီဖွဲ့စည်းထားရှိမှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်ရေးရာ ကိစ္စရပ်များသည် နိုင်ငံတော်နှင့် မိသားစုများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ် လုပ်ငန်းများ ဖြစ်ပါကြောင်း၊ မိသားစုများတွင် သားသမီးများသည် အနာဂတ်ဖြစ်သကဲ့သို့ လူငယ်များသည် မိမိတို့နိုင်ငံ၏ အနာဂတ်များ ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လူငယ်ရေးရာ ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသည့်အတွက် မွန်မြတ်သည့်အလုပ်ကို လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် လူငယ်ထုအင်အားမှာ နိုင်ငံတော်၏ စွမ်းအားစုများပင် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ကို မိတ်ဆက်ဖြန့်ချိခဲ့ပြီး ဖြစ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီအပါအဝင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်နှင့် ခရိုင် / မြို့နယ် လူငယ်ရေးရာ ကော်မတီများ ဖွဲ့စည်းထားရှိမှုများအပေါ် ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရပ်နား၍ မရပါကြောင်း၊ မိမိတို့အနေဖြင့် ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ မသန်စွမ်း၊ သက်ကြီးရွယ်အိုကိစ္စရပ်များကို ဆောင်ရွက်ပေးနေသည့် ဌာနဖြစ်ပါကြောင်း၊ လူငယ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) တို့၏ ရေးဆွဲဆောင်ရွက်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီ ဖွဲ့စည်းထားရှိမှုများနှင့် ပြင်ဆင်ဖွဲ့စည်းရန်အတွက် အဆိုပြုဖွဲ့စည်းမှုများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးရုံးရှိ ဌာနခွဲများ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှု၍ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

တရားမဝင်အဖွဲ့အစည်းတစ်ခုကို ကိုယ်စားပြုတယ်ဆိုပြီး ပြောဆိုသွားတာကို ကြားတွေ့ရပါတယ်။ ဒါကြောင့် အဆိုပါသံအမတ်ကြီးကို ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်လိုက်တာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် နောက်ကွယ်က ဖြစ်ရပ်တွေကလည်း လူမှုကွန်ရက်ပေါ်မှာ ဆက်တိုက်ပျံ့နှံ့လာပါတယ်။ ပြည်သူတွေနဲ့ အတူရှိတယ်လို့ ပြောကြားခဲ့တဲ့သူဟာ ပြည်သူတွေ အထိအခိုက်အဖိတ်အစဉ်ဖြစ်ရတဲ့အခါမှာရော အနားမှာ ရှိခဲ့ပါသလား။ နိုင်ငံရေးခိုလှုံခွင့်ကိုယူပြီး တစ်ဖက်နိုင်ငံသားတွေအဖြစ်ခံယူပြီး ပြည်သူနဲ့အတူလို့ ပြောဆိုလာတာကို လက်ခံတဲ့ မြန်မာနိုင်ငံသားဟာ စဉ်းစားတွေးခေါ်မှုအရာမှာ တော်တော်အားနည်းနေပြီလို့ ဆိုရမှာပါပဲ။

**"ရုံးမတက်နဲ့ ရှန်းထွက်"လို့ အော်နေကြသူတွေ၊ မြှောက်ပေးကြသူတွေဟာ ကလေးတွေ ထိခိုက်ကြတဲ့အခါ စိတ်မကောင်းဖြစ်တဲ့အကြောင်း အွန်လိုင်းကနေ ဖြန့်ဝေရေးသားနေရုံပဲလား။ ဘယ်သူနိုင်နိုင် အာဏာမရတဲ့ ပြည်သူတွေကပဲ ပေးဆပ်ကြရတာပဲ မဟုတ်လား။ ဆူပူသူ၊ ဆန္ဒပြသူနဲ့ CDM လုပ်သူတွေထဲမှာ နိုင်ငံရေးသဘောတရား နားမလည်ပါဘူး။ သို့သော် နိုင်ငံကောင်းစားစေချင်လို့ဆိုတဲ့ စေတနာနဲ့ ရိုးသားစွာ၊ အေးချမ်းစွာ ဆန္ဒပြသူလည်း ရှိမှာပါ။ နောက်ကွယ်မှာ မိမိအကျိုးစီးပွားအရ ဆန္ဒပြသူတွေလည်း ရှိနိုင်ပါတယ်။ ထောက်ပံ့မှုတွေကို မျှော်ကိုးပြီး ဆန္ဒပြသူလည်း အများသားပါ။ အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ရည်ရွယ်ပြီး လုပ်ကြတာ၊** သူများလုပ်လို့ လိုက်လုပ်ကြတာမျိုးလည်း တစ်ပုံကြီးပါပဲ။

ဒါကြောင့် ဘယ်သူတွေအကောက်ကြံဖောက်ပြန်ပြီး ရုံးမတက်အောင် ဖိအားပေးလည်း အပြုံးမပျက်၊ အမုန်းလည်းမဖက်ဘဲ ယုံကြည်ချက်အတိုင်း ရုံးတက်ကြသူ အနယ်နယ်အရပ်ရပ်မှ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရေခြားမြေခြား နိုင်ငံ့တာဝန်ထမ်းဆောင်ပေးကြသူတွေအားလုံးကို လေးစားဂုဏ်ယူမိပါကြောင်း။ ။

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အတ္ထရံမြစ်ရေသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မတ် ၁၀**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်များနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့မွန်းလွဲ ၂ နာရီက မော်လမြိုင်မြို့ အတ္ထရံမြစ်ရေသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်းကို သွားရောက်စစ်ဆေးသည်။ **(ယာပုံ)**

ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် အတ္ထရံမြစ်ရေသန့်စင်စက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် မြစ်ရေသန့်စင်မှုလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်တွင် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ကိုကိုက အတ္ထရံမြစ်ရေသန့်စင် စက်ရုံတည်ဆောက်ရေး စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

အတ္ထရံမြစ်ရေသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်းသည် မော်လမြိုင်မြို့ သာယာအေး ရပ်ကွက်၊ လှိုင်ဈေးလမ်း၊ အတ္ထရံ (၂) မြစ်ရေတင် စက်ရုံဝင်းအတွင်းတွင် တည်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ၁၅-၉-၂၀၁၉ ရက်နေ့မှ စတင်ကာ စီမံဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေး၊ ခေတ်မီနည်းပညာအကူအညီဖြင့် ရေပေးဝေရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် သန့်ရှင်းသည့် သောက်သုံးရေကို ဈေးနှုန်းသက်သာစွာဖြင့် ၂၄ နာရီ သုံးစွဲနိုင်ရေး ရည်ရွယ်၍ အတ္ထရံမြစ်ရေသန့်စင်စက်ရုံတည်ဆောက်ရေး စီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ပြီး အဆိုပါစီမံကိန်းသည် မော်လမြိုင်မြို့ ရပ်ကွက် ၁၄ ရပ်ကွက်ရှိ လူဦးရေ ၁၅၀၀၀၀ ခန့်အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဈေးများတွင် အေးချမ်းစွာဖြင့် ပုံမှန်ရောင်းဝယ်ဖောက်ကားလျက်ရှိ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ဈေးများတွင် ဈေးရောင်းချသည့် ဈေးသည်များ လာရောက်ဈေးဝယ်ယူကြသူ ပြည်သူများ အေးချမ်းစွာဖြင့် ပုံမှန်ပင် ဈေးရောင်း/ဝယ် ပြုလျက်ရှိသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်သည် နိုင်ငံတော် အစိုးရ၏ ရုံးဝန်ထမ်းအများစု နေထိုင်ရာဖြစ်ပြီး လာရောက်ဈေးရောင်းကြသူ အများစုမှာ အနီးပတ်ဝန်းကျင်မြို့နှင့် ကျေးရွာများမှ ပြည်သူများ၊ ဝန်ထမ်းအချို့၏ မိသားစုဝင်များဖြစ်ကြသည်။

ထို့အပြင် ဇမ္ဗူသီရိမြို့နယ်အတွင်း နေထိုင်သူ ရုံးဝန်ထမ်းများနှင့် ပတ်ဝန်းကျင်ကျေးရွာနေ ပြည်သူအများ အဓိကအားကိုးအားထားပြုသည့် ဈေးကြီးနှစ်ဈေးမှာ နေပြည်တော် သပြေကုန်းဈေးနှင့် နေပြည်တော် မြို့မဈေးတို့ဖြစ်သည်။ အဆိုပါဈေးကြီးနှစ်ဈေးရှိ မှတ်ပုံတင်ဈေးဆိုင်ခန်းများဖြင့် ရောင်းချသည့် ဈေးဆိုင်များ၊ ပျံကျဈေးရောင်းချသည့် ဈေးဆိုင်များကို နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဈေးရောင်းချခွင့်ပြုထားကြောင်း သိရသည်။ သပြေကုန်းဈေးနှင့် မြို့မဈေးတို့တွင် ယခင်က မွန်းလွဲ ၂ နာရီမှ ည ၁၀ နာရီအထိ ရောင်းချသည့် ညဈေးတန်း ဖွင့်လှစ်ရောင်းချခဲ့ရာ ဈေးရောင်းချသူများ၊ ဈေးဝယ်ယူသူများ အထူးသဖြင့် အဆိုပါဈေးများအနီး ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ကြသည့် နိုင်ငံ့ဝန်ထမ်းများ အလွန်အဆင်ပြေခဲ့ကြောင်းသိရပြီး လွန်စွာလည်း စည်ကားခဲ့သည်ဟု သိရသည်။

ကမ္ဘာ့ကူးစက်မြန် ကပ်ရောဂါတစ်မျိုးဖြစ်သည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ



ကိုဗစ်-၁၉ မြန်မာနိုင်ငံတွင်း ကူးစက်မှုဖြစ်ပွားပြီးနောက် ပြည်သူများ၏ ကျန်းမာရေးအတွက် လူစည်ကားသည့် ညဈေးတန်းရောင်းချခြင်းကို ယာယီပိတ်ထားကြောင်း သိရသည်။

ယနေ့အချိန်ကာလတွင် နိုင်ငံတော်အစိုးရအား အကျပ်အတည်းဖြစ်စေရန် ရည်ရွယ်၍ ဆူပူမှုကို ဦးဆောင်ဦးရွက်ပြုသူအချို့၏ နောက်ကွယ်မှ စေခိုင်းမှုကြောင့် အချို့မြို့ကြီးများတွင် ဒီမိုကရေစီအရေး အကြောင်းပြကာ ဆူပူဆန္ဒပြခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခြင်း၊ လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန်ရေးသားမှုများ ရှိနေသော်လည်း ဇမ္ဗူသီရိမြို့နယ်ရှိ ဈေးများတွင် အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ရောင်းဝယ်ဖောက်ကားလျက်ရှိသည်ဟု ဈေးရောင်းသူများ၊ ဈေးဝယ်သူများနှင့် တွေ့ဆုံမေးမြန်းစဉ်က သိခဲ့ရသည်။

သပြေကုန်းဈေး သားငါးရောင်းသူ ဒေါ်လှခင် (အမည်လွှဲ) က "ကျွန်မက ပျဉ်းမနားကနေ လာရောင်းတာ၊ ၁၀ နှစ်နီးပါး ရှိပြီ၊ ဝန်ထမ်းမြို့ဆိုတော့ ဝန်ထမ်းတွေကို အားပြုရောင်းရတာပေ့ါ။ ရောင်းအားက အရင်ထက်တော့ ကျတယ်။ ဒါပေမယ့် ဆိုးဆိုးရွားရွားကြီး မဟုတ်ဘူး၊ နေ့စဉ်စားသုံးတဲ့ အရာကို ရောင်းတော့နေ့တိုင်းတော့ ရောင်းရတယ်၊ ဈေးမထွက်ဖို့တော့ မရှိဘူးလေ။ ဈေးရောင်းတာက ကိုယ့်စီးပွားရေး၊ ကိုယ့်မိသားစု နေထိုင်စားသောက်ရေးပဲ။ ဈေးရောင်းပိတ်ပြီးတော့ တခြားဘာမှမလုပ်ဘူး၊ အကြောင်းကိစ္စတစ်ခုခုရှိလို့ ဈေးပိတ်ရမယ်ဆိုရင် တာဝန်ရှိတဲ့သူတွေ လိုက်ပြောမှာပေ့ါ။ ဈေးကတော့ မြင်တဲ့ အတိုင်းပါပဲ။ အသွားအလာမပျက်၊ ပုံမှန်အတိုင်း ဈေးရောင်းဈေးဝယ်နေကြတာ" ဟု သပြေကုန်းဈေး၏ ရောင်းဝယ်ဖောက်ကားမှု အခြေအနေကို ရှင်းပြသည်။

ထို့ပြင် နေပြည်တော် မြို့မဈေးကြီးတွင်လည်း ပုံမှန်အတိုင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ဘောဂသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောသည်။ ဇမ္ဗူသီရိမြို့နယ် ဥဒ္ဒေါသိဒ္ဓိရပ်ကွက်ရှိ ဂန္ဓမာဈေး၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ သရဖီဈေး၊ ဓနသိဒ္ဓိရပ်ကွက်ရှိ အင်ကြင်းဈေးများ၏ ဈေးရောင်းချခွင့်အချိန်များကိုလည်း နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ရောင်းချခွင့်ပြုထားကြောင်း၊ အဆိုပါ ရပ်ကွက်အတွင်းရှိ ဈေးများတွင်လည်း အေးချမ်းစွာဖြင့် ပုံမှန်ပင် ဈေးရောင်း/ဝယ်လျက်ရှိကြောင်း သိရသည်။

ဈေးများနှင့်ပတ်သက်၍ နေ့စဉ်လုပ်ငန်းဆောင်ရွက်နေရမှုများနှင့်ပတ်သက်၍လည်း ဈေးအုပ်ချုပ်ရေးတာဝန်ခံ တစ်ဦးဖြစ်သူ ဦးဘကျော်က "ဈေးသည်က ဈေးရောင်း၊ လိုအပ်သူက လာဝယ်၊ အေးအေးချမ်းချမ်းပဲ၊ ကျွန်တော်တို့ကလည်း ရုံးအလုပ်လုပ်၊ ဈေးသန့်ရှင်းရေးလုပ်၊ ပုံမှန်လည်ပတ်နေတာပါပဲ။ ဟိုတလောကပဲ ဖေ့စ်ဘွတ်ပေါ်မှာ မဟုတ်မမှန် ကောလာဟလတွေ့လို့ ဈေးထဲက ဈေးရောင်းသူတွေ အလန့်တကြားမဖြစ်ဖို့၊ မယုံကြည်ကြဖို့ ဟမ်းစပီကာနဲ့လိုက်အော်၊ ဗီနိုင်းနဲ့ စာရိုက်ပြီး မြင်သာတဲ့နေရာတွေမှာ လိုက်ကပ်ထားပေးတယ်။ ကျွန်တော် တာဝန်ယူထားတဲ့ ဈေးအပါအဝင် ကျန်တဲ့ ဈေးတွေလည်း အားလုံးပုံမှန်ရောင်းဝယ်ဖောက်ကားနေလျက်ရှိပါတယ်" ဟုပြောသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဈေးများ၊ စီးတီးမတ်များ၊ စတိုးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် ပြည်သူများအနေဖြင့် ပုံမှန်အတိုင်း ဝယ်ယူစားသုံးသွားလာနေကြသော်လည်း ကိုဗစ်-၁၉ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးမှုများရှိကြောင်း၊ အများပြည်သူများ လာရောက်ဝယ်ယူစားသုံးသည့် နေရာများတွင်လည်း ကိုဗစ်-၁၉ ကာကွယ်လုပ်ငန်းစဉ်များကို ဆက်လက်ထားရှိနေဆဲဖြစ်ကြောင်း သိရသည်။

**၁၂၆**

---

❑ *ကျောဖုံးမှ*

ပြန်လည်ပြေးဆွဲပေးလျက်ရှိပါတယ်၊ နှင်းပိတ်တဲ့ ရက်တွေဆို ရာသီဥတုအခြေအနေအရ အဆင်ပြေအောင် ပို့ဆောင်ပေးသွားမှာပါ " ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး ကာလအတွင်း ကားကူးဇက်ရေယာဉ် တစ်စင်းဖြင့် ပြေးဆွဲခဲ့ပြီး လက်ရှိအချိန်တွင် အဆိုပါယာဉ်ကူးတို့ ခရီးလမ်း၌ ကုန်စည်နှင့် မော်တော်ယာဉ်များ သွားလာရေး အဆင်ပြေစေရေးအတွက် ကားကူးဇက်ရေယာဉ် နှစ်စင်းဖြင့် ရန်ကုန် (ဝါးတန်း) ဆိပ်ကမ်းမှ စတင် ထွက်ခွာချိန် နံနက် ၇ နာရီနှင့် ဒလဆိပ်ကမ်းမှ ည ၆ နာရီ မိနစ် ၂၀ နောက်ဆုံးအချိန်အထိ အသွား ခြောက်ခေါက်၊ အပြန် ခြောက်ခေါက် စုစုပေါင်း ၁၂ ခေါက်ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ ရန်ကုန်မြစ်ကို ဖြတ်သန်းတည်ဆောက်လျက်ရှိသော ကိုရီးယား-မြန်မာ (ချစ်ကြည်ရေး) ဒလမြစ်ကူးတံတားကြီး တည်ဆောက်ရေးလုပ်ငန်းများကို မြစ်လယ်၌ ဆောင်ရွက်လျက်ရှိရာ ကားကူးဇက် ရေယာဉ်သွားသောလမ်းကြောင်းသည် အဆိုပါ တံတားတည်ဆောက်ရေး စီမံကိန်းဧရိယာမှ သတ်မှတ်ထားသော ရေလမ်းကြောင်းအတိုင်း ဖြတ်သန်းမောင်းနှင်နေရခြင်းကြောင့် ခရီးသည်၊ မော်တော်ယာဉ်နှင့် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်ရကြောင်း သိရသည်။

"ဒီကားကူးဇက်လမ်းကြောင်းက ကုန်စည်နဲ့ မော်တော်ယာဉ်တွေကို ဦးစားပေးသယ်ယူပို့ဆောင် ပေးရတာဖြစ်တဲ့အတွက် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထားရတယ်၊ မြစ်ထဲမှာ သင်္ဘောကြီးတွေ၊ ငါးဖမ်းသင်္ဘောတွေ၊ လှေငယ်တွေက ဝင်ထွက်သွားလာကြတာရှိတဲ့အတွက် အန္တရာယ်ကင်းရှင်းအောင် မောင်းနှင်ရတယ်၊ နောက်တစ်ချက်က ရန်ကုန်မြို့တွင်းမှာ လမ်းပိတ်တာ၊ လှိုင်သာယာ၊ ဘုရင့်နောင်ဘက်မှာ ယာဉ်လမ်းကြောင်း ပိတ်တာတွေရှိတဲ့အခါ ဒီကားကူးဇက်ကနေ အရေးပေါ်သွားလာနိုင်လို့ အဆင်ပြေတယ်၊ ယာဉ်အများစုက ဒီဝါးတန်းကနေ ဒလဘက်ကို အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်တာလည်းပါတယ်။ မိုးရာသီကာလဆို လေကြီးမိုးကြီးအချိန်မျိုးပဲ အချိန်ပေးစောင့်ရတာရှိတယ်၊ ပုံမှန်သွားလာနေကြတဲ့ မော်တော်ယာဉ်မောင်းသူတွေက သိတယ်။ တချို့ အိမ်စီးကား အများစုက မသွားလာဘူးတော့ အချိန်ကြာတယ်လို့ ထင်ကြတာ၊ မြစ်ထဲမှာ လမ်းကြောင်းရှင်းရင် အချိန် မိနစ် ၂၀ ပဲကြာတယ်။ ကားကူးဇက်မှာပါလာတဲ့ ခရီးသည်တွေရဲ့ မော်တော်ယာဉ်တွေ အဆင်ပြေအောင် အကောင်းဆုံးဝန်ဆောင်မှုပေးပါတယ်" ဟု RORO (IV) ကားကူး ဇက်ရေယာဉ်မောင်းသူ တက်မကိုင် (၅) ဦးသီဟက ပြောပြသည်။

**နိုင်လင်းကျော် (IPRD)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၀**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေး ကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆေးရုံ၊ ဟံဇားတိုက်နယ် ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ်၊ တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ်၊ ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့်သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ၊ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်



တပ်မတော်ဆေးအဖွဲ့က ဘီးလင်းမြို့နယ် ဇုတ်သုတ်တိုက်နယ် ပြည်သူ့ဆေးရုံ၌ ပြည်သူများအား ဆေးဝါးကုသပေးစဉ်။

ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေ ရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာရှိ ဇုတ်သုတ်တိုက်နယ် ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိသဖြင့် ဒေသခံပြည်သူများက အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သည်။ ထို့ကြောင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးအဖွဲ့အား အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ သံဃာတော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Quarantine Center များတွင်ထားရှိသည့် မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန် မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြန်လည် ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center တွင်ထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ယနေ့တွင် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ ရေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၇၀ ကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ နယ်မြေခံတပ်ရင်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိသည့် Quarantine Center တွင် ထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာနေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် Quarantine ထားရှိပြီးပါက ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား ကျန်းမာရေးစစ်ဆေးပေးစဉ်။

# ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**တောင်ကြီး မတ် ၁၀**

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

တောင်ကြီးမြို့၊ မြို့တော်ခန်းမစုရပ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံဆောင်ရွက်နေမှုကို ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်း ပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းနှင့် သွေးအတွင်း အောက်ဆီဂျင်ပမာဏပါဝင်မှုတိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်အတွင်း ပထမအကြိမ်အဖြစ် လူဦးရေ နှစ်သိန်းအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးရရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် လူဦးရေ ရှစ်သောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် လူဦးရေ လေးသောင်း၊ ရှမ်းပြည် နယ်(မြောက်ပိုင်း) တွင် လူဦးရေ ရှစ်သောင်းတို့အား ထိုးနှံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ယနေ့တွင် မြို့နယ် ၂၇ မြို့နယ်၌ စတင်ထိုးနှံဆောင်ရွက်ပေးလျက်ရှိပြီး ကျန်မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများအပြင် တပ်မတော်ဆေးရုံအသီးသီးမှ ပါရဂူများ နှင့် ဝန်ထမ်းများက ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



# ကျိုင်းတုံမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံ

**ကျိုင်းတုံ မတ် ၁၀**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေး ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ပထမအကြိမ် စတင်ထိုးနှံပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေး ဝန်ထမ်းများ၊ တပ်မတော်သား ဆရာဝန်များနှင့် တာဝန်ရှိသူများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိမှသာ စနစ်တကျ ကာကွယ်ဆေးထိုးနှံပေးပြီး ထိုးနှံပြီးသည့်သူများကို သီးသန့်နားနေဆောင်တွင် မိနစ် ၃၀ ခန့် နားနေစေကာ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

အလားတူ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေး ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံရာသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

# ကမမောင်းမြို့တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

**ကမမောင်း မတ် ၁၀**

ကရင်ပြည်နယ် ကမမောင်းမြို့ အခြေခံပညာအထက်တန်း ကျောင်းတွင် သံဃာတော်များ၊ သီလရှင်ဆရာလေးများနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတင်ထိုးနှံပေးခြင်းကို မတ် ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်အတွင်း နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဖာပွန်မြို့နယ်နှင့် ကမမောင်းမြို့ရှိ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက တစ်ကြိမ်လျှင် ၁၀ ဦးနှုန်းဖြင့် ထိုးနှံပေးလျက်ရှိရာ ကမမောင်းမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအတွင်းရှိ သံဃာတော်များ၊ သီလရှင်ဆရာလေးများ၊ ဘာသာရေးခေါင်းဆောင်များနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား စနစ်တကျ ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ဘုတ်ပြင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေး

**ဘုတ်ပြင်း မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးလျက်ရှိသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌအား စတင်ထိုးနှံပေးခဲ့ပြီး ဆက်လက်၍ ဌာနဆိုင်ရာဝန်ထမ်းများအား ထိုးနှံပေးလျက်ရှိရာ မွန်းတည့် ၁၂ နာရီအထိ ၈၅ ဦးအား ထိုးနှံပေးပြီးဖြစ်ကာ ကျန်ရှိသည့်သူများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းဦး (ပြန်/ဆက်)**



# တန့်ယန်းတွင် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံ

**တန့်ယန်း မတ် ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အမှတ် (၂) ရပ်ကွက်ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ယနေ့နံနက်ပိုင်းက စတင်ထိုးနှံပေးသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များအား နယ်မြေခံ အမှတ် (၃) တပ်မတော်ဆေးရုံ (ခုတင်-၂၅) မှ ဆရာဝန်နှင့် သူနာပြု ၁၅ ဦးတို့က အဖွဲ့သုံးဖွဲ့ခွဲကာ ထိုးနှံပေးခဲ့ကြသည်။

**မင်းလွင်ဦး (ပြန်/ဆက်)**

# (၁၈)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

**နေပြည်တော် မတ် ၁၀**

(၁၈)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (18th ASEAN Senior Officials Responsible for Information and its related Meetings)ကို ယနေ့နံနက်ပိုင်းက အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံပြည်သူများအကြား ဒစ်ဂျစ်တယ်သိနားလည်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်သဘောတူညီချက်၊ အာဆီယံဒစ်ဂျစ်တယ်နည်းပညာဖြင့် ရုပ်သံထုတ်လွှင့်ရာတွင် လူတန်းစားမရွေး အားလုံးပါဝင်အသုံးပြုနိုင်ရေး မူဘောင်သဘောတူညီချက်နှင့် (၁၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဆိုင်ရာ ပူးတွဲကြေညာချက်တို့ကို အာဆီယံပြန်ကြားရေးဝန်ကြီးများထံသို့ တင်ပြ၍ သဘောတူညီချက် ရယူနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ အတည်ပြုချက် ရယူဆောင်ရွက်ခဲ့ကြသည့်အပြင် အာဆီယံ-ကိုရီးယားနိုင်ငံအကြား ရုပ်ရှင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ UAE နိုင်ငံ ဒူဘိုင်း၌ ကျင်းပမည့် ၂၀၂၁ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးပြပွဲ(World Expo 2021) နှင့် စပ်လျဉ်း၍ အစည်းအဝေးတွင် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းအစည်းအဝေးသည် မတ် ၁၂ ရက်တွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး(15th AMRI)အတွက် အကြိုအစည်းအဝေးအဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ယခုနှစ်တွင်ကျင်းပသည့် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ Theme အား **“ASEAN: A Digital Community with Accessibility for All” (လူတိုင်းလှမ်းမီရယူဝန်းသည် အာဆီယံဒစ်ဂျစ်တယ်အသိုက်အဝန်းဆီ)** ဟူ၍ သတ်မှတ်ထားသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဆွေးနွေးဖက် သုံးနိုင်ငံပါဝင်သည့် (၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အဆင့် အစည်းအဝေး (6th SOMRI+3)နှင့် (၃)ကြိမ်မြောက် အာဆီယံ-ဂျပန် ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေး (3rd SOMRI + Japan) တို့ကို ထည့်သွင်းကျင်းပခဲ့ပြီး ယခုအခါ ကမ္ဘာအနှံ့ ဖြစ်ပွားလျက်ရှိသည့် COVID-19 အခြေအနေများကြောင့် ခရီးသွားလာမှုများ ကန့်သတ်ချက်များရှိပါသဖြင့် အိမ်ရှင်ထိုင်းနိုင်ငံက Video Conferencing စနစ်ဖြင့် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ SOMRI အစည်းအဝေးများအား အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ နှစ်စဉ်ကျင်းပသည့် အာဆီယံပြန်ကြားရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံပြန်ကြားရေးဆိုင်ရာ စီမံကိန်းများ၊ ဆက်စပ်သည့် အာဆီယံအစည်းအဝေးများမှ ဆုံးဖြတ်ချက်များနှင့် လက်ရှိလုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် စီမံကိန်းများ လျာထားခြင်း၊ အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုမည့် အစီရင်ခံစာများ၊ လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ပြီး အကြံဉာဏ်များ ထပ်ဆောင်းထည့်သွင်းခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်လေ့ရှိသည်။

၂၀၂၂ ခုနှစ်တွင် (၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်စဉ်။

○ *ရွှေဖုံးမှ*

မြန်မာနိုင်ငံသား ရေလုပ်သား ၇၀ ကို အိန္ဒိယနိုင်ငံတာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံပြီး လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အဝတ်အစားအသုံးအဆောင်များ ထောက်ပံ့ပေးခြင်း၊ စနစ်တကျ ကြိုဆိုနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး မတ် ၉ ရက်တွင် အိန္ဒိယနိုင်ငံ ပို့ဘလဲယား (Port Blair) ဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ရာ အသွား/အပြန် ရေမိုင်ပေါင်း ၈၃၀ ခုတ်မောင်းခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိသည်။

စစ်ရေယာဉ်(တပင်ရွှေထီး)ဖြင့် ခေါ်ဆောင်လာခဲ့သော မြန်မာနိုင်ငံသားများကို လမ်းခရီးတစ်လျှောက် လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအထောက်အကူပြုစေရန် ကိုယ်လက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ ရေယာဉ်ပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်နေသည့် ဆရာဝန်နှင့် သူနာပြုများက ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးခြင်း၊ စိတ်အပန်းပြေစေရန် ဖျော်ဖြေရေးအစီအစဉ်နှင့် ရုပ်ရှင်ပြသပေးခြင်း၊ မုန့်ဟင်းခါးအပါအဝင် မြန်မာ့အစားအစာများဖြင့် ကျွေးမွေးညှော့ခံခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ပြန်လည်ရောက်ရှိလာသော အိန္ဒိယနိုင်ငံရောက် မြန်မာနိုင်ငံသားများကို အလယ်ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တပ်မတော်(ရေ)မှ အရာရှိ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။

ပြန်လည်ခေါ်ဆောင်လာသည့် မြန်မာနိုင်ငံသားများကို တပ်မတော်မှ ဖွင့်လှစ်ထားသော Quarantine Center များတွင် COVID-19 စည်းကမ်းများနှင့်အညီ စနစ်တကျ စောင့်ကြည့်ထားရှိပြီးနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး နေရပ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုလည်း သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယခုအချိန်အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲဒုက္ခရောက်ရှိနေကြသော မြန်မာနိုင်ငံသား ၁၁၅၆ ဦးကို တပ်မတော်မှ စစ်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီး တစ်လျှောက်တွင်လည်းကောင်း၊ ရသေ့တောင်မြို့နယ် မြင်းကန်ချောင်းကုန်တန်းကျေးရွာတစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများတွင် လည်းကောင်း မိုင်းရှင်းလင်းရေး လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအားပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ် ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၀၉၂၀၈ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၁၄၀၈၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၃၈၀၆ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၀၁ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၃၃၁၄ ဦး ဖြစ်သည်။

၃။ မဲစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

**ချမ်းမြသာစည်မြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ် မဲရုံပေါင်း ၈၄ ရုံ | ၂၀၉၂၀၈ | ၂၁၄၀၈၅ | ၁၃၈၀၆ | ၈၀၁ | ၁၃၃၁၄ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် မဲရုံပေါင်း ၈၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၂၂၀၅၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၉၃၄၃ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၇၀၇ ၊ မြေပြင်လက်ကျန် ၇၀၇၂၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို / အလိုများ တွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၉၄၇၄ ဖြစ်ပြီး အပိုမဲလက်မှတ်အရေအတွက်မှာ ၇၄၉၃ ရွက်ဖြစ်သည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

**ချမ်းမြသာစည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | အပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၁၅၃၅၀ | ၁၄၈၇၆၉ | ၆၆၅၈၁ | ၆၀၄၇၆ | ၉၄၇၄ | ၃၃၆၉ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၆၀၀ | ၅၇၄ | ၂၆ | ၅၀ | - | ၂၄ |
| ၃ | မြို့နယ် လက်ကျန် မဲလက်မှတ် | ၆၁၀၀ | - | ၆၁၀၀ | ၁၀၂၀၀ | - | ၄၁၀၀ |
| စုစုပေါင်း | | ၂၂၂၀၅၀ | ၁၄၉၃၄၃ | ၇၂၇၀၇ | ၇၀၇၂၆ | ၉၄၇၄ | ၇၄၉၃ |

၆။ ချမ်းမြသာစည်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၂၁၅၃၅၀ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၁၄၈၇၆၉ ဖြစ်သည်။ လက်ကျန် ၆၆၅၈၁ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၆၀၄၇၆ ဖြစ်သည်။ မဲလက်မှတ် ၉၄၇၄ ပျောက်ဆုံးနေပြီး အချို့မဲရုံများတွင် အပို ၃၃၆၉ ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရသည်။

၇။ ချမ်းမြသာစည်မြို့နယ်တွင် မဲစာရင်းများစစ်ဆေးနေသည့် ၅ - ၃ - ၂၀၂၁ ရက်နေ့တွင် ကျွန်းလုံးဥသျှောင်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဖုန်းမြင့်သိန်း က ပြည်သူ့လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် ၉ အုပ်အား လည်းကောင်း၊ တမ္ဗဝတီရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးဇော်ထွန်းက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် ၁၁ အုပ်စီအား လည်းကောင်း၊ အောင်ပင်လယ်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကျော်ကျော် က ပြည်သူ့လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် ၄ အုပ်အားလည်းကောင်း အသစ်အတိုင်း ပြန်လည်အပ်နှံခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ၈၂ အုပ် (ရွက်ရေ ၄၁၀၀) တို့ကို သီးခြားထပ်မံတွေ့ရှိရပါသည်။

၈။ ချမ်းမြသာစည်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံ ၈၄ ရုံတွင် ဆန္ဒမဲလက်မှတ်များ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန် ရမည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | အပို |
| ၁ | သံလျက်မော်တင် ရပ်ကွက် | ၆ | ၁၇၃၅၀ | ၁၁၂၇၈ | ၆၀၇၂ | ၅၆၄၆ | ၈၂၆ | ၄၀၀ |
| ၂ | ကျွန်းလုံးဥသျှောင် ရပ်ကွက် | ၅ | ၁၂၀၅၀ | ၈၇၁၅ | ၃၃၃၅ | ၃၀၃၅ | ၉၀၀ | ၆၀၀ |
| ၃ | တမ္ဗဝတီရပ်ကွက် | ၆ | ၁၅၄၅၀ | ၁၁၃၇၅ | ၄၀၇၅ | ၄၀၇၅ | ၅၅၀ | ၅၅၀ |
| ၄ | ချမ်းမြသာစည် တောင်ရပ်ကွက် | ၉ | ၂၃၄၅၀ | ၁၇၀၇၃ | ၆၃၇၇ | ၅၂၈၆ | ၁၆၀၀ | ၅၀၉ |
| ၅ | မြို့သစ်အမှတ်(၁) ရပ်ကွက် | ၄ | ၁၀၃၅၀ | ၆၇၀၇ | ၃၆၄၃ | ၃၃၉၃ | ၂၅၀ | - |
| ၆ | မြို့သစ်အမှတ်(၂) ရပ်ကွက် | ၄ | ၁၁၀၀၀ | ၇၁၅၂ | ၃၈၄၈ | ၃၂၉၈ | ၅၅၀ | - |
| ၇ | မြို့သစ်အမှတ်(၃) ရပ်ကွက် | ၄ | ၇၈၅၀ | ၄၉၂၂ | ၂၉၂၈ | ၂၉၇၈ | ၅၀ | ၁၀၀ |
| ၈ | မြို့သစ်အမှတ်(၄) ရပ်ကွက် | ၄ | ၁၁၅၀၀ | ၇၇၀၀ | ၃၈၀၀ | ၃၅၅၀ | ၂၅၀ | - |
| ၉ | မြို့သစ်အမှတ်(၅) ရပ်ကွက် | ၄ | ၈၉၅၀ | ၆၀၁၄ | ၂၉၃၆ | ၂၉၈၆ | ၁၀၀ | ၁၅၀ |
| ၁၀ | ကန်သာယာ ရပ်ကွက် | ၉ | ၂၂၃၀၀ | ၁၅၆၇၂ | ၆၆၂၈ | ၆၃၃၈ | ၅၀၀ | ၂၁၀ |
| ၁၁ | အောင်ပင်လယ် ရပ်ကွက် | ၇ | ၁၇၄၀၀ | ၁၁၇၅၃ | ၅၆၄၇ | ၄၂၉၇ | ၁၆၅၀ | ၃၀၀ |
| ၁၂ | ထွန်းတုံးရပ်ကွက် | ၉ | ၂၂၁၅၀ | ၁၅၈၀၃ | ၆၃၄၇ | ၅၄၉၉ | ၈၄၈ | - |
| ၁၃ | မြရည်နန္ဒာ ရပ်ကွက် | ၇ | ၂၀၂၅၀ | ၁၃၄၆၈ | ၆၇၈၂ | ၆၂၈၂ | ၉၅၀ | ၄၅၀ |
| ၁၄ | အောင်သာယာ ရပ်ကွက် | ၆ | ၁၅၃၀၀ | ၁၁၁၃၇ | ၄၁၆၃ | ၃၈၁၃ | ၄၅၀ | ၁၀၀ |
| စုစုပေါင်း | | ၈၄ | ၂၁၅၃၅၀ | ၁၄၈၇၆၉ | ၆၆၅၈၁ | ၆၀၄၇၆ | ၉၄၇၄ | ၃၃၆၉ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ကိုရိုနာဗက် ပဉ္စမအသုတ် ချီလီနိုင်ငံ လက်ခံရရှိ

ဆန်တီယေဂို မတ် ၁၀

**ချီလီအစိုးရသည် တရုတ်နိုင်ငံဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ဆီနိုဗက်မှ တီထွင်ထုတ်လုပ်လိုက်သည့် ကိုရိုနာဗက် ကာကွယ်ဆေး ပဉ္စမအသုတ်ကို မတ် ၈ ရက်က လက်ခံရရှိခဲ့သည်။**




ချီလီနိုင်ငံသို့ရောက်ရှိလာသော တရုတ်ကာကွယ်ဆေးများကို တွေ့ရစဉ်။

ပဉ္စမအသုတ်အဖြစ်ရောက်ရှိလာသော ကာကွယ်ဆေးများကို ဆန်တီယေဂို အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီး အန်းရစ်ပဲရစ်နှင့်အဆင့်မြင့်အရာရှိများက ကြိုဆိုလက်ခံခဲ့ကြသည်။ ကာကွယ်ဆေးရောက်ရှိလာသည့်အတွက် ပြည်သူများကို အသေအချာကာကွယ်ဆေးထိုးနှံနိုင်မည်ဖြစ်ကြောင်း နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ် တိုးတက်ဖြစ်ပေါ်မှုအပေါ် ပဲရစ်က အလေးပေးပြောကြားလိုက်သည်။

ဆီနိုဗက်ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ဇန်နဝါရီ ၂၀ ရက်တွင် ချီလီပြည်သူ့ကျန်းမာရေးဌာနက ခွင့်ပြုချက်ပေးခဲ့သည်။ တရုတ်နိုင်ငံထုတ်ကာကွယ်ဆေးများသည် ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ခဲ့သည့် ချီလီနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေး နိုင်ငံလုံးဆိုင်ရာ ကာကွယ်ဆေးထိုးရေးအစီအစဉ်အတွက် အရေးကြီးကြောင်း၊ ယခုနှစ်ပထမသုံးလအတွင်း ကူးစက်မှုအန္တရာယ်မြင့်မားသည့် အုပ်စုဝင် ငါးသန်းကို ရောဂါခုခံအားစနစ်ရရှိစေရန် ရည်မှန်းကြောင်း သိရသည်။ နှစ်လယ်ပိုင်းတွင် လူပေါင်း ၁၅ သန်းထိ ကိုယ်ခံအားရရှိစေရန် ရည်မှန်းထားသည်။

ယခုအချိန်အထိ ချီလီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသူ ၄၁၇၆၀၉၄ ဦးရှိလာပြီဖြစ်သည်။ ၎င်းတို့အနက် ထက်ဝက်ကျော်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မတ် ၈ ရက်အထိ ချီလီနိုင်ငံတစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၆၀၅၃၃ ဦးရှိပြီး ရောဂါဖြင့်သေဆုံးသူပေါင်း ၂၁၁၆၃ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ နှစ်သိန်းခွဲကျော် ရှိပြီ

ရီယိုဒီဂျနေးရိုး မတ် ၁၀

ဘရာဇီးနိုင်ငံတွင် မတ် ၇ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးသူ ၉၈၇ ဦးရှိလာမှုနှင့်အတူ နိုင်ငံတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးသူ ၂၆၄၃၉၈ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ထို့အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၃၂၃၂၁ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်းသည် ၁၁၀၅၁၆၆၅ ဦးရှိလာကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုပြီးလျှင် ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကြောင့် ဒုတိယသေဆုံးမှုအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာသလို အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့တတိယ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

တောင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံသည် လတ်တလောတွင် ကိုဗစ်-၁၉ ရိုက်ခတ်ခြင်း တတိယလှိုင်းနှင့် ရင်ဆိုင်နေရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ကျန်းမာရေးစနစ်ကို ဝန်ပိစေပြီး အစိုးရကို တင်းကျပ်သည့် ကိုဗစ်-၁၉ တားဆီးဆောင်ရွက်မှုများကို လုပ်စေရန် ဖိအားပေးသလိုဖြစ်နေသည်။

ဆင်ဟွာ

# မော်ရိုကို၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများ လုပ်ဆောင်နေသော်လည်း ထပ်မံကူးစက်ခံရသူ ၅၀၈ ဦးရှိ

ရာဘတ် မတ် ၁၀

မော်ရိုကိုနိုင်ငံ၌ မတ် ၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၀၈ ဦးတိုးလာခဲ့ပြီး စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူပေါင်း ၄၈၆၈၃၃ ဦး အထိ ဖြစ်လာခဲ့သည်။

မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၇၃၂၀၈ ဦး ဖြစ်လာခဲ့သည်။

ထို့အတူ နောက်ထပ် ၁၂ ဦး သေဆုံးကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၈၆၉၅ ဦး ဖြစ်လာခဲ့သည်။ ၄၁၄ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။



မော်ရိုကိုနိုင်ငံ ရာဘတ်မြို့ရှိ လမ်းတစ်ခုပေါ်တွင် ပြည်သူများ ပါးစပ်နှာခေါင်းစည်းတပ်ဆင်သွားလာနေကြသည်ကို တွေ့ရစဉ်။

တစ်ချိန်တည်းမှာပင် မော်ရိုကိုနိုင်ငံရှိ လူပေါင်း ၄၀၁၇၀၈၇ ဦးမှာ ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး လူပေါင်း ၇၁၇၁၁၃ ဦးမှာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီး ပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ဆီနိုဗက် ရောက်ရှိလာပြီးနောက်မှာ မြောက်အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံသည် ဇန်နဝါရီ ၂၈ ရက်က တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများ စတင်ခဲ့သည်။


ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရ

တိုကျို မတ် ၁၀

တိုကျို ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုများတွင် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ကို တွေ့ရှိခဲ့ပြီး နိုင်ငံအတွင်း ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဒေသအစိုးရများ၏ ကနဦးစာရင်းများအရ ဖေဖော်ဝါရီ ၂၈ ရက် သီတင်းပတ်က ကိုဗစ်-၁၉ ပိုးသယ်ဆောင်သူ ၁၂၃၄ ဦးအား အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ပီစီအာရ်စမ်းသပ်စစ်ဆေးခဲ့ကြောင်း ဖော်ပြခဲ့သည်။ အဆိုပါစမ်းသပ်ခဲ့သော ပမာဏသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုရိုနာဗိုင်းရပ်စ်သစ် ဖြစ်ပွားသူ ၁၇ ရာခိုင်နှုန်းကို စမ်းသပ်ခဲ့သော ပမာဏဖြစ်သည်။ ၎င်းတို့အနက် ၅၆ ဦးမှာ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနက ဒေသအာဏာပိုင်များကို ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ နမူနာများ ရယူထားရန်နှင့် ၎င်းတို့ကို အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ထားခြင်း ရှိ၊ မရှိစစ်ဆေးရန် တိုက်တွန်းထားသည်။ ယိုကိုခရိုင်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၅ ဦးကို စမ်းသပ်ခဲ့ရာ ၁၆ ဦးမှာ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း သိရသည်။




ဂျပန်နိုင်ငံတွင် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်တွေ့ရှိမှုသတင်းကြေညာနေစဉ်။

ကာနာဂါဝါစီရင်စုတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၂၅ ဦးအနက် ၁၀ ဦးမှာ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေကြောင်းသိရပြီး အိုဆာကာခရိုင်တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၅၂ ဦးအနက် လေးဦးမှာ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေကြောင်း သိရသည်။

တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၆၂ ဦးတွင် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ မတွေ့ရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်များက ၎င်းတို့သည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများကို ဆက်လက်စောင့်ကြည့်လျက်ရှိသောကြောင့် အစောပိုင်းအဆင့်တွင် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ်-၁၉ ဆိုင်ရာ နိုင်ငံရေးအားပြိုင်မှုများနဲ့အတူ ကိုဗစ်- ၁၉ ရဲ့ အရေးပါမှုများ

လင်းဟန်သစ်

ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကမ္ဘာတစ်ဝန်း သေဆုံးမှု မြောက်မြားစွာဖြစ်စေတဲ့ ကိုရိုနာဗိုင်းရပ်စ်ရန်မှ ကာကွယ်ရန် အရေးတကြီးလိုအပ်နေရုံတင်မကပါဘူး။ ဒီ ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ကမ္ဘာကြီးကို လွှမ်းမိုးနိုင်ဖို့ကိုပါ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေကြတယ်လို့ ကျွမ်းကျင်သူများက သုံးသပ်ပြောကြားလိုက်ပါတယ်။

## ကြိုးစားရုန်းကန်နေရ

အမေရိကန်ပြည်ထောင်စုဟာ အမေရိကန်ပြည်သူတွေအတွက် ကိုဗစ်-၁၉ကာကွယ်ဆေးကို စုဆောင်းနေချိန်မှာ ဥရောပနိုင်ငံသားတွေဟာ ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြန့်ဝေပို့ဆောင်ဖို့ ကြိုးစားရုန်းကန်နေရပါတယ်။ တရုတ်၊ ရုရှားနဲ့ အိန္ဒိယနိုင်ငံတို့ဟာ ဆင်းရဲတဲ့နိုင်ငံတွေနဲ့ အားနည်းတဲ့နိုင်ငံတွေကို သူတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ မျှဝေပေး ခြင်းဖြင့် သူတို့ရဲ့ ဩဇာတိက္ကမကြီးမားအောင်လုပ်ဆောင်လာတာကို တွေ့ရပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ လူသား ဘီလီယံပေါင်းများစွာထံ ကာကွယ်ဆေးရောက်ရှိရေးဟာ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက်ကတော့ တကယ့်ကို ဖိအားများတဲ့ စိန်ခေါ်မှုကြီးတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်ပဲ သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ဆိုဖန်စင်တာက ခေတ်သစ်လက်နက်ယှဉ်ပြိုင်မှုလို့တောင် စကားနဲ့တင်စားပြောကြားလိုက်ပါတယ်။

## ရှေ့ကိုကြိုရောက်နေတဲ့နိုင်ငံ

တရုတ်နိုင်ငံဟာ ဒီကိုရိုနာဗိုင်းရပ်စ် ပြိုင်ပွဲမှာ ရှေ့ကိုကြိုတင်ရောက်နှင့်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှာ နှာခေါင်းစည်းတွေကို ဖြန့်ဝေပေးခြင်း၊ နိုင်ငံပေါင်းမြောက်မြားစွာကို ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ ထောက်ပံ့ပေးခြင်းတွေ လုပ်ဆောင်ပေးခဲ့ပါတယ်။ တချို့ကို အခကြေးငွေ မယူခဲ့ပါဘူး။

အယ်လ်ဂျီးရီးယား၊ ဆီနီဂေါ၊ ဆီရီယာလီယွန်၊ ဇင်ဘာဘွေတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်သိန်းစီ၊ ပါကစ္စတန်ကို ငါးသိန်းနဲ့ ဒိုမီနီကန်သမ္မတနိုင်ငံကို ၇၅၀၀၀၀ ဖြန့်ဝေပေးခဲ့ပါတယ်။

## ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေရဲ့ အသက်ကို စတေးပြီး ပေးဆပ်ရမယ်

ဒီနေရာမှာ ကြံ့ကြိုက်တုန်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရော့စ် အက်ဒါနွမ်ဂီဘရီယက်စ်ဆုစ်ရဲ့ မှတ်ချက်ကလေးကို ရေးသားဖော်ပြလိုက်ပါတယ်။ သူကတော့ ဆင်းရဲတဲ့နိုင်ငံတွေဟာ ကိုဗစ်-၁၉ ရဲ့ရိုက်ခတ်မှုကို အလူးအလဲခံစားနေရချိန်မှာ ကာကွယ်ဆေးကို ချမ်းသာတဲ့နိုင်ငံတွေက လက်ဝါးကြီးအုပ်ပြီး မောင်ပိုင်စီးမယ့်ကိစ္စကို သတိပေး ပြောကြားထားပါတယ်။ ကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီတွေဟာ ကမ္ဘာ့အဆင့်ခွင့်ပြုမှုထက် သက်ဆိုင်ရာ နိုင်ငံတွေရဲ့ အရေးပေါ်ကာကွယ်ဆေးအသုံးပြုခွင့်ရရေး လုပ်ဆောင်နေကြရပါတယ်။

မိမိအနေနဲ့ ဘွင်းဘွင်းနဲ့ ဒဲ့ဒိုးပြောဖို့ လိုအပ်လာပြီဖြစ်ကြောင်း၊ ကမ္ဘာကြီးဟာ ကိုယ်ကျင့်တရားပြိုကျမှုဆိုင်ရာ ကပ်ဘေးချောက်ကမ်းပါးထဲ ကျရောက်လုဆဲဆဲ ဖြစ်နေပြီဖြစ်တဲ့အတွက် အဲဒီရဲ့ တန်ဖိုးကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေရဲ့ အသက်ကို စတေးပြီးပေးဆပ်ရမယ်လို့ သူက



အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီအား ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးပေးနေသည်ကို တွေ့ရစဉ်။

မှတ်ချက်ပြုခဲ့ တာရှိပါတယ်။

## ဂုဏ်ယူစွာဖြင့် ဖြန့်ဝေ

ရုရှားနိုင်ငံဟာလည်း သူ့ရဲ့ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးဖြစ်တဲ့ စပွတ်နစ်ဗွီကာကွယ်ဆေးကို ဂုဏ်ယူစွာဖြန့်ဝေလျက်ရှိပါတယ်။

ဒါကို ပထမပိုင်းမှာ ဥရောပမှာ ဟုတ်ပါ့မလား ဆိုပြီး ပြက်ရယ်ပြုခဲ့ပါတယ်။ ရုရှားကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးဟာ ဆေးပညာဂျာနယ်ဖြစ်တဲ့ လန်းဆက်ဂျာနယ်မှာ အပြုသဘောဆောင်တဲ့ သုံးသပ်ချက်တွေရရှိခဲ့ပြီးနောက်မှာတော့ အသိအမှတ်ပြုချီးမွမ်းလာကြပါတော့တယ်။

ဥရောပဟာ ကာကွယ်ဆေးဖြန့်ဝေမှုမှာ နှောင့်နှေးမှုတွေနဲ့ ကြုံတွေ့နေရပြီး ဒီအခြေအနေကို ကျော်လွှားဖို့ ကြိုးစားရုန်းကန်နေရစဉ်မှာ ဥရောပသုံးနိုင်ငံဖြစ်တဲ့ ဟန်ဂေရီ၊ ဆလိုဗက်ကီးယားနဲ့ ချက်နိုင်ငံတွေဟာ ဥရောပဆေးဘက်ဆိုင်ရာအေဂျင်စီ (အီးအမ်အေ) ရဲ့ အတည်ပြုချက်ကို စောင့်ဆိုင်းမနေတော့ဘဲ ရုရှားကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး စပွတ်နစ်ဗွီကို ရွေးချယ်ခဲ့ကြပါတယ်။

## ပထမဆုံး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ

ဟန်ဂေရီနိုင်ငံဟာ ရုရှားကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေး စပွတ်နစ်ဗွီကို အသုံးပြုခဲ့တဲ့ ပထမဆုံး အီးယူနိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါတယ်။ အလားတူ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်တဲ့ ဆီနိုဖမ်းကာကွယ်ဆေးကို ဝယ်ယူအသုံးပြုခွင့်ပေးခဲ့တဲ့ ပထမဆုံး ဥရောပသမဂ္ဂ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ဟန်ဂေရီနိုင်ငံမှာ အသုံးပြုခွင့်ပြုပေးခဲ့တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ငါးမျိုးလောက်ရှိပါတယ်။

အနောက်နိုင်ငံတွေရဲ့ ကာကွယ်ဆေးထုတ်လုပ်သူတွေမတိုင်ခင် ရုရှားနိုင်ငံဟာ စပွတ်နစ်ဗွီကာကွယ်ဆေးကို ဩဂုတ်လက မှတ်ပုံတင်ခဲ့တာဖြစ်ပါတယ်။ ဘယ်လိုပဲဆိုစေကာမူ လန်းဆက်ဆေးပညာဂျာနယ်ရဲ့ ဖော်ပြချက်အရတော့ ရုရှားကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်တဲ့နေရာမှာ ၉၁ ဒသမ ၆ ရာခိုင်နှုန်းအထိ အစွမ်းထက်ထိရောက်မှုရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။ အီးယူမှာ ကာကွယ်ဆေး ဖြန့်ဝေဖို့ မလုံမလောက်ဖြစ်နေတဲ့အချိန်မှာ တချို့အီးယူနိုင်ငံ့ခေါင်းဆောင်တွေဟာ စပွတ်နစ်ဗွီကာကွယ်ဆေးကို ဖြန့်ဝေဖို့ လိုလိုလားလားရှိကြပုံ ပေါ်ပါတယ်။

ဥရောပဆေးအေဂျင်စီက လတ်တလောမှာ အမေရိကန်နဲ့ ဂျာမန်ဆေးကုမ္ပဏီ ဖိုက်ဇာ-ဘိုင်ရွန်တက်ခ်တို့ ပူးတွဲထုတ်လုပ်ထားတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ အမေရိကန်ဆေးကုမ္ပဏီ မော်ဒါနာနဲ့ ဗြိတိန်-ဆွီဒင်ဆေးကုမ္ပဏီ အက်စ်ထရာဇနီကာတို့က ထုတ်လုပ်တဲ့ ကာကွယ်ဆေးတွေကို အတည်ပြုပေးထားပါတယ်။ နောက်ထပ် ဂျာမန် ဆေးထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်တဲ့ ကူးဝါးဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုပေးဖို့ သုံးသပ်ဆွေးနွေးနေတာရှိပါတယ်။

ရုရှားအနေနဲ့ကတော့ သူဟာ ကိုဗစ်-၁၉ ရဲ့ ဆိုးရွားလှတဲ့ဒဏ်ကို အမေရိကန်ပြည်ထောင်စုလောက် မခံစားရဘူးလို့ ကမ္ဘာကြီးကို ပြသချင်တဲ့ သဘောရှိပါတယ်။

## နိုင်ငံတကာဆက်ဆံရေးမှာ ကိုယ့်လုပ်ရပ်ရဲ့ ပုံရိပ်ဟာ အဆုံးအဖြတ်ပေး

နိုင်ငံတကာဆက်ဆံရေးမှာ ကိုယ့်လုပ်ဆောင်ထားတဲ့ကိုယ့်ရဲ့ပုံရိပ်ဟာအဆုံးအဖြတ်ပေးပါတယ်လို့ ဘက်ဒီက ပြောကြားလိုက်ပါတယ်။ ရုရှားသမ္မတ ဗလာဒီမာပူတင်ဟာ ရုရှားရဲ့ပါဝါကို ပြန်လည်တည်ဆောက်နေတယ်လို့ သူကဆက်ပြီးထင်မြင်ချက်ပေးပါတယ်။

သို့သော်လည်း ရုရှားဟာ ကာကွယ်ဆေးကို အကန့်အသတ်နဲ့ ထုတ်လုပ်နေရသေးတဲ့အခြေအနေဖြစ်နေပါတယ်။ ခေတ်သစ်ကမ္ဘာ့လွှမ်းမိုးမှုမှာ ရုရှားဟာ တရုတ်နိုင်ငံနဲ့ ဝေမျှရမယ့်အခြေအနေ ဖြစ်နေပါတယ်။ တရုတ်နိုင်ငံဟာ ဆားဘီးယားကို ဥရောပရဲ့ ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုမှာ ခေါင်းဆောင်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ရေး ကူညီလုပ်ဆောင်ပေးနေပါတယ်။ ဟန်ဂေရီဟာ တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်တဲ့ ဆီနိုဖမ်း ကာကွယ်ဆေးအလုံးရေ ငါးသန်းကို မှာယူထားပါတယ်။ အဲဒီပမာဏဟာ သူ့ရဲ့ လူဦးရေသုံးပုံတစ်ပုံလောက်ကို ကာကွယ်ဆေးအလုံအလောက်ထိုးပေးနိုင်မယ့် အနေအထားဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ကိုဗစ်-၁၉ ကို တိုက်ဖျက်ရာမှာ သူ့ရဲ့အကူအညီ လက်ခံနိုင်ငံတွေနဲ့ ချိတ်ဆက်လုပ်ကိုင် ဆောင်ရွက်သွားတာကို တွေ့ရပါတယ်။ ဒီလိုလုပ်ဆောင်သွားတာကလည်း ကြိုတင်မြော်မြင်ပြီး ကိုဗစ်-၁၉ အလွန် ဘီအာရ်အိုင်မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်သွားတာပဲဖြစ်ပါတယ်။ ဘီအာရ်အိုင် ဆိုတာကတော့ ရပ်ဝန်းနဲ့ ပိုးလမ်းမကြီး ဆောင်ရွက်ချက်ဖြစ်ပါတယ်လို့ ဂျာမန်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အက်စ်ဒဗလျူပီအဖွဲ့က ပြောထားပါတယ်။

## ကာကွယ်ဆေးကို သံတမန်လက်နက်လိုသုံး

အိန္ဒိယနိုင်ငံဟာ ကာကွယ်ဆေး အမြောက်အမြား ထုတ်လုပ်တဲ့နိုင်ငံတစ်နိုင်ငံဖြစ်သလို သူ့ရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ သီရိလင်္ကာနိုင်ငံတို့ကို ကာကွယ်ဆေးထောက်ပံ့ပေးလျက်ရှိပါတယ်။

နိုင်ငံငယ်လေးတွေဟာ ကာကွယ်ဆေးကို သံတမန်လက်နက်လိုအသုံးပြုပါတယ်။ အစ္စရေးနိုင်ငံဟာကိုဗစ်-၁၉ ကာကွယ်ဆေးထိုးတဲ့နေရာမှာ ကမ္ဘာ့ချန်ပီယံအဖြစ် ယူဆရမယ့်နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ သူဟာ ဟွန်ဒူးရပ်စ်၊ ဂျေရုဆလင်မှာ သံတမန်ကိုယ်စားပြုရုံးလာဖွင့်မယ့် ချက်သမ္မတနိုင်ငံတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထောက်ပံ့ပေးခဲ့ပါတယ်။

အာရပ်စော်ဘွားများပြည်ထောင်စုကတော့ အစ္စရေးပိတ်ဆို့ထားတဲ့ ပါလက်စတိုင်းပိုင်ဂါဇာကို ကာကွယ်ဆေးထောက်ပံ့ပေးဖို့ စီစဉ်ထားသလို တူနီးရှားကိုလည်း ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

ဥရောပဟာ ကာကွယ်ဆေးကို သံတမန်အနေဖြင့် စီမံဆောင်ရွက်နေတဲ့အပိုင်းမှာတော့ နောက်ကျကျန်ရစ်ခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်း ပွဲကတော့မပြီးသေးပါဘူးလို့ အကြီးတန်း ဥရောပသံတမန်တစ်ဦးက သုံးသပ်ပြောကြားထားပါတယ်။

## အဆုံးသတ်မှာမဟုတ်

လွန်ခဲ့တဲ့တစ်နှစ်ကျော်က တရုတ်နိုင်ငံ ဝူဟန်မြို့ကစတင်လာတဲ့ ကိုဗစ်-၁၉ လှိုင်းဂယက်ဟာ ကမ္ဘာကြီးတစ်ခုလုံးကို ရိုက်ခတ်သွားပါတယ်။ အချိန်ကာလ တဖြည်းဖြည်းကြာညောင်းလာတာနဲ့တစ်ပြိုင်နက် ကာကွယ်ဆေးတွေလည်း အလျှိုလျှိုပေါ်ထွက်လာကြပါတယ်။ အခုဆိုရင် ကမ္ဘာမှာ လက်ရှိအသုံးပြုထိုးနှံပေးနေတဲ့ ကာကွယ်ဆေးအမျိုးပေါင်းဟာ ခုနစ်မျိုးထက်မနည်းရှိနေပြီး ကမ္ဘာ့လူဦးရေရဲ့ ၁ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပြီးပြီလို့ သိရပါတယ်။ အေအက်ဖ်ပီရဲ့စာရင်းဇယားတွေအရ လွန်ခဲ့တဲ့လက ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၄၄ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ကူးစက်မှု ထက်ဝက်နီးပါးကျဆင်းခဲ့ပါတယ်။

ကမ္ဘာပေါ်မှာ လူပေါင်း ၁၀၇ သန်းလောက် ကိုဗစ်-၁၉ ကူးစက်ခံနေရပြီး ၂ ဒသမ ၄ သန်းနီးပါး ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ပါတယ်။ သို့သော်လည်း နိုင်ငံအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးကို လျင်လျင်မြန်မြန်နဲ့ သာတူညီမျှမထိုးပေးနိုင်သေးဘူးဆိုရင် ဒီ ကိုဗစ်-၁၉ ကပ်ရောဂါဟာ အဆုံးသတ်မှာမဟုတ်ဘူးလို့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကျွမ်းကျင်သူများက သတိပေးပြောကြားလိုက်ပါတယ်။ ထို့အတူ ကာကွယ်ဆေးအရ နိုင်ငံရေး အားပြိုင်မှုတွေကိုလည်း တွေ့မြင်နေရပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ

## ၁၀-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၈၀၁၅၀၆ | ၂၀၅၄၉၆၇၈ | ၅၄၀၅၇၄ |
| ၂။ | အိန္ဒိယ | ၁၁၂၆၂၇၀၇ | ၁၀၉၂၀၀၄၆ | ၁၅၈၀၇၉ |
| ၃။ | ဘရာဇီး | ၁၁၁၂၅၀၁၇ | ၉၈၄၃၂၁၈ | ၂၆၈၅၆၈ |
| ၄။ | ရုရှား | ၄၃၅၁၅၃၃ | ၃၉၄၅၅၂၇ | ၉၀၂၇၅ |
| ၅။ | ဗြိတိန် | ၄၂၂၈၉၉၈ | ၃၃၁၅၉၃၄ | ၁၂၄၇၉၇ |
| ၆။ | ပြင်သစ် | ၃၉၃၂၈၆၂ | ၂၆၇၅၁၉ | ၈၉၃၀၁ |
| ၇။ | စပိန် | ၃၁၆၄၉၈၃ | ၂၈၂၃၄၃၃ | ၇၁၇၂၇ |
| ၈။ | အီတလီ | ၃၁၀၁၀၉၃ | ၂၅၂၁၇၃၁ | ၁၀၀၄၇၉ |
| ၉။ | တူရကီ | ၂၈၀၇၃၈၇ | ၂၆၄၀၆၆၉ | ၂၉၁၆၀ |
| ၁၀။ | ဂျာမနီ | ၂၅၂၀၆၀၉ | ၂၃၂၈၇၀၀ | ၇၂၉၈၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၀ – ၃ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၉၈၅၇၈ | ၁၂၁၆၄၃၃ | ၃၇၉၃၂ |
| ဖိလစ်ပိုင် | ၆၀၃၃၀၈ | ၅၄၆၂၉၃ | ၁၂၅၄၅ |
| မလေးရှား | ၃၁၇၇၁၇ | ၂၉၈၅၁၆ | ၁၁၉၁ |
| မြန်မာ | ၁၄၂၀၇၃ | ၁၃၁၇၀၇ | ၃၂၀၀ |
| စင်ကာပူ | ၆၀၀၆၂ | ၅၉၉၀၅ | ၂၉ |
| ထိုင်း | ၂၆၅၄၀ | ၂၅၉၄၆ | ၈၅ |
| ဗီယက်နမ် | ၂၅၂၉ | ၂၀၀၄ | ၃၅ |
| ကမ္ဘောဒီးယား | ၁၁၂၄ | ၅၄၉ | ၀ |
| ဘရူနိုင်း | ၁၉၁ | ၁၈၃ | ၃ |
| လာအို | ၄၇ | ၄၂ | ၀ |










## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ် (Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှု များသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဒုက္ခရောက်နေပြီး မျှော်လင့်ချက်မဲ့နေတဲ့ ကိုယ့်နိုင်ငံသားတွေကို သူတို့ရဲ့မိသားစုတွေနဲ့အတူ ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် တပ်မတော်ကနေပြီးတော့ စစ်ရေယာဉ်နဲ့ လာရောက်ခေါ်ဆောင်တဲ့အတွက် အတိုင်းမသိ ကြည်နူးဝမ်းသာဖြစ်ရပါတယ်



ဒုတိယဗိုလ်မှူးကြီး ဟန်စိုး



ဗိုလ်ကြီး ဇေယျာမင်း



ဦးဝင်းအောင်



ဦးဒိုင်နီဒါးယ်



ဦးမျိုးနိုင်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့နေရသည့် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်း (Port Blair Open Distress Camp)ရှိ မြန်မာနိုင်ငံသားများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ် တပင်ရွှေထီးဖြင့် သွားရောက်ခေါ်ဆောင်ခဲ့ရာ မတ်လ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ရောက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် တပ်မတော်(ရေ)မှ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ဒုတိယဗိုလ်မှူးကြီး ဟန်စိုး**
**(စစ်ရေယာဉ်မှူး၊**
**စစ်ရေယာဉ်တပင်ရွှေထီး)**

အိန္ဒိယနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ဖို့အတွက် တပ်မတော်(ရေ)အနေနဲ့ စီစဉ်တဲ့အခါမှာ စစ်ရေယာဉ်နဲ့ စက်မကြီးများဆိုင်ရာအပြင် ပြန်လည်ခေါ်ဆောင်ရေးကိစ္စရပ်များကိုပါ တစ်ပါတည်း စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ရေယာဉ် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စက်မကြီးများနဲ့ မီးစက်ကြီးများ ကောင်းမွန်မှုရှိစေရေးတို့ကို ပြင်ဆင်ခဲ့ပါတယ်။

ဒါ့အပြင် နေရပ်ပြန်များ ထားရှိရေးအတွက် အခန်းများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အိပ်ရာနေရာထိုင်ခင်းများ ခင်းကျင်းပြင်ဆင်ခြင်း၊ စားသောက်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ဆေးတပ်ဖွဲ့များ စနစ်တကျ ဖွဲ့စည်းခြင်း၊ လုံခြုံရေးတပ်ဖွဲ့များ စနစ်တကျ ဖွဲ့စည်းခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

စားသောက်ရေးအတွက်ကိုလည်း နံနက်စာ၊ နေ့လယ်စာ၊ ညစာများကို အချိန်မှန် စားသုံးနိုင်ရေး၊ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

နေရပ်ပြန်တွေက ဧရာဝတီတိုင်းဒေသကြီးက ၄၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးက တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီးက တစ်ဦး၊ ရခိုင်ပြည်နယ်က ၁၅ ဦး၊ မွန်ပြည်နယ်က လေးဦး စုစုပေါင်း ၇၀ ဖြစ်ပါတယ်။

တပ်မတော်(ရေ)မှာ လူသားချင်းစာနာကူညီပေးရေးလုပ်ငန်းကို ဆောင်ရွက်ရတဲ့ တာဝန်ရှိပါတယ်။ လူသားချင်းစာနာအကူအညီပေးရေးဆိုတဲ့ နေရာမှာ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း စတဲ့သဘာဝဘေးအန္တရာယ်တွေ အပါအဝင် လှေနစ်မြုပ်ခြင်း စတာတွေကိုလည်း ကူညီကယ်ဆယ်ပေးရတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေအားလုံးကို လူသားချင်းစာနာကူညီပေးရေး လုပ်ငန်းထဲမှာ ပါဝင်တာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို တပ်မတော်(ရေ)အနေနဲ့ ထမ်းဆောင်ပါတယ်။

**ဗိုလ်ကြီး ဇေယျာမင်း**
**(တပ်မတော်ဆေးတပ်ဖွဲ့)**

အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံသားတွေကို ပြန်လည်ခေါ်ဆောင်ဖို့အတွက် တပ်မတော်(ရေ) စစ်ရေယာဉ် တပင်ရွှေထီးသင်္ဘောပေါ်မှာ တာဝန်ထမ်းဆောင်ဖို့ ဆေးကာကွယ်ရေးအဖွဲ့အနေနဲ့ လိုက်ပါလာတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတွေကို ပြန်လည်ခေါ်ဆောင်တဲ့နေရာမှာ အိန္ဒိယနိုင်ငံဘက်က ကိုဗစ်-၁၉ ရောဂါကို စစ်ဆေးပေးထားပြီး ဖြစ်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့ သင်္ဘောပေါ်ရောက်တော့လည်း ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ထပ်မံစစ်ဆေးပါတယ်။ ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ စစ်ဆေးပြီးတော့မှ သင်္ဘောပေါ်ကို ခေါ်ဆောင်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတွေကို ခေါ်ဆောင်တဲ့ ခရီးစဉ်တစ်လျှောက်မှာလည်း ကျွန်တော်တို့ ဆေးကာကွယ်ရေးအဖွဲ့က သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ဆောင်ရွက်ပေးပါတယ်။ သင်္ဘောပေါ်မှာ ကျန်းမာရေးစောင့်ရှောက်မှုတွေအနေနဲ့က ဆေးဝါးအလုံအလောက် ပါပါတယ်။ သင်္ဘောပေါ်မှာ ဆေးခန်းလည်း ပါပါတယ်။ ကျန်းမာရေး တစ်စုံတစ်ရာ ဖြစ်လာခဲ့ရင်လည်း အချိန်မီ ကုသပေးနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ မြန်မာနိုင်ငံ ပြန်ရောက်ရင်လည်း ရန်ကုန်မှာရှိတဲ့ ဘုရင့်နောင် တည်းခိုရေးနဲ့ စစ်ကြောရေး ကွာရတင်းစင်တာမှာထားဖို့ဆောင်ရွက်ထားပါတယ်။

**ဦးဝင်းအောင်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊**
**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဦးစီးဌာန)**

အိန္ဒိယနိုင်ငံမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်နေတဲ့ မြန်မာနိုင်ငံသားတွေကို နေရပ်ပြန်လာနိုင်ဖို့အတွက် သက်ဆိုင်ရာ အိန္ဒိယနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးက ထုတ်ပေးထားတဲ့ အချက်အလက်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပါတယ်။ စစ်ဆေးပြီး သူတို့ရဲ့ ကိုယ်ရေးအချက်အလက်တွေ မှတ်တမ်းမှတ်ရာတွေ ကောက်ယူပါတယ်။ သူတို့ကို ဓာတ်ပုံရိုက်ပြီး သေသေချာချာ ဆောင်ရွက်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ မြို့နယ်တွေကို ပြန်နိုင်ဖို့အတွက် တချို့နိုင်ငံသား စိစစ်ရေးကတ် ပျောက်ဆုံးတာတို့၊ နိုင်ငံသားစိစစ်ရေးကတ် မရှိတဲ့သူတွေကို ထောက်ခံစာ ယာယီခရီးသွားလာခွင့် လက်မှတ်တွေ ထုတ်ပေးပြီး သူတို့နေထိုင်တဲ့ မြို့နယ်တွေ ပြန်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အခု ပြန်ခေါ်လာတဲ့သူတွေထဲမှာ နိုင်ငံသားစိစစ်ရေး ကတ်ပြားရှိသူတွေ ပါတယ်။ တချို့ကျတော့ နိုင်ငံသားစိစစ်ရေးကတ်ပြား မလုပ်ရသေးတဲ့ သူတွလည်း ပါတယ်။ တချို့ကျ ပျောက်ဆုံးနေကြတဲ့သူတွေ ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြား မလုပ်ရသေးတဲ့သူတွေလည်း လုပ်ရအောင်၊ ပျောက်ဆုံးနေတဲ့သူတွေလည်း အသစ်ထပ်မံပြီး လုပ်လို့ရအောင် ကျွန်တော်တို့ ဝန်ကြီးဌာနကနေ သူတို့နဲ့ သက်ဆိုင်တဲ့ မြို့နယ်တွေကို လမ်းညွှန်မှာကြားပြီး မြန်မြန်ဆန်ဆန် ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုပြန်ခေါ်လာတဲ့ မြန်မာနိုင်ငံသားတွေက တခြားနိုင်ငံမှာ ဒုက္ခရောက်နေကြတယ်။ ဒုက္ခရောက်နေတဲ့ ကိုယ့်နိုင်ငံသားတွေကို ပြန်ခေါ်ပေးတဲ့အတွက် အများကြီး ဝမ်းသာရပါတယ်။ နောက်တစ်ချက်ကလည်း ဝေးကွာနေခဲ့တဲ့ သူတို့မိသားစုတွေနဲ့ ပြန်တွေ့ရမှာဖြစ်တဲ့အတွက် သူတို့မိသားစုတွေကိုယ်စား ဝမ်းသာပီတိ ဖြစ်ရပါတယ်။

**ဦးဒိုင်နီဒါးယ်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊**
**လူမှုဝန်ထမ်းဦးစီးဌာန)**

ကျွန်တော်တို့ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့က ပြန်ရောက်လာတဲ့ မြန်မာနိုင်ငံသားတွေထဲက အသက် ၆၀ အထက် ဘိုးဘွားတွေ၊ အသက် ၅ နှစ်အောက် ကလေးသူငယ်တွေ၊ မသန်စွမ်းတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေကို စာရင်းကောက်ယူပြီး ထောက်ပံ့ပေးဖို့အစီအစဉ်တွေရှိပါတယ်။ တစ်ဆက်တည်းမှာပဲ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ကတော့ ပြန်လည်ရောက်ရှိလာတဲ့ မြန်မာနိုင်ငံသားတွေကို ပုဆိုး၊ တီရှပ်၊ တဘက်နဲ့ ဆပ်ပြာထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ ဒါက ထောက်ပံ့ပေးမှုအပိုင်း ဖြစ်ပါတယ်။ အိန္ဒိယကနေ ပြန်လည်ရောက်ရှိလာတဲ့ မြန်မာနိုင်ငံသားတွေကို သူတို့ရဲ့ နေအိမ်တွေကို ချောချောမွေ့မွေ့ ရောက်ရှိနိုင်အောင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာနအနေနဲ့ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ စီမံအုပ်ချုပ်မှုကောင်စီနဲ့ ချိတ်ဆက်ပြီး နေအိမ်တွေကို ချောချောမွေ့မွေ့ရောက်ရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ တစ်ဦးကို စားစရိတ်နှစ်သောင်းတစ်ထောင် ထောက်ပံ့ပေးသွားမှာဖြစ်ပြီး အမှန်တကယ် ကုန်ကျမယ့် ခရီးစရိတ်ကိုလည်း ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ ဒါက အိမ်ကို ချောချော မွေ့မွေ့ရောက်ရှိအောင် စီမံဆောင်ရွက်ပေးမယ့် အပိုင်းဖြစ်ပါတယ်။

အခုလို နိုင်ငံခြားမှာ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး ဒုက္ခရောက်နေတဲ့ မြန်မာနိုင်ငံသားတွေကို နေရပ်ပြန်နိုင်အောင် ကူညီဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ တပ်မတော်(ရေ)ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း သူတို့ရဲ့ မိသားစုဝင်တွေကိုယ်စား ပြောကြားလိုပါတယ်။ ပြီးခဲ့တဲ့လတုန်းကလည်း မလေးရှားနိုင်ငံမှာ နေရပ်ပြန်ဖို့ ဒုက္ခရောက်နေတဲ့ မြန်မာနိုင်ငံသား တစ်ထောင်ကျော်ကိုလည်း ကျွန်တော်တို့ဌာနအနေနဲ့ သွားရောက်ကူညီထောက်ပံ့မှုတွေ ပေးခဲ့ပါတယ်။

**ဦးမျိုးနိုင်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊**
**အလုပ်သမားညွှန်ကြားမှုဦးစီးဌာန)**

အိန္ဒိယနိုင်ငံကနေ ပြန်လည်ခေါ်ဆောင်လာတဲ့ မြန်မာနိုင်ငံသားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနဲ့ သူတို့လုပ်ကိုင်ခဲ့ဖူးတဲ့ အလုပ်အကိုင်တွေ၊ ကျွမ်းကျင်မှုတွေအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ သူတို့နေရပ်တွေမှာရှိတဲ့ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေး ရုံးတွေကနေတစ်ဆင့် စက်ရုံအလုပ်ရုံ၊ အလုပ်ဌာနတွေကို သင့်တော်ကောင်းမွန်တဲ့ အလုပ်အကိုင်တွေရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် အချက်အလက် ၁၃ ချက် စာရင်းကောက်ယူပြုစုသွားမှာ ဖြစ်ပါတယ်။ ကျွမ်းကျင်မှုလည်းမရှိဘူး။ စက်ရုံအလုပ်ရုံ၊ အလုပ်ဌာနတွေမှာလည်း လုပ်ကိုင်ရန် ဆန္ဒမရှိဘူးဆိုရင် ဝင်ငွေရအသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေဖြစ်တဲ့ အလုပ်အကိုင်ပေါများတဲ့ ပန်းရန်လုပ်ငန်းတွေ၊ လက်သမားလုပ်ငန်းတွေ၊ အိမ်တွင်းလျှပ်စစ်လုပ်ငန်းတွေ၊ ဂဟေလုပ်ငန်းတွေမှာ လုပ်ကိုင်လို့ရအောင် ရက်တိုသင်တန်းတွေကို အလုပ်သမားဝန်ကြီးဌာနရဲ့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွေမှာ အခမဲ့ ရက်တိုသင်တန်းပေးပြီး အလုပ်အကိုင်ရရှိရေး ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။


ဒုက္ခရောက်နေပြီး မျှော်လင့်ချက်မဲ့နေတဲ့ ကိုယ့်နိုင်ငံသားတွေကို သူတို့ရဲ့မိသားစုတွေနဲ့အတူ ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် တပ်မတော်ကနေပြီးတော့ စစ်ရေယာဉ်နဲ့ လာရောက်ခေါ်ဆောင်တဲ့အတွက် အတိုင်းမသိ ကြည်နူးဝမ်းသာ ဖြစ်ရပါတယ်။ သူတို့မိသားစုတွေကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း-လင်းလတ်**
**ဓာတ်ပုံ-ခင်မောင်**

# မျှော်လင့်မထားတဲ့အချိန်မှာ ပြန်ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်

**ဦးကျော်ကျော်ဦး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲ ကြုံတွေ့နေရသည့် နိုင်ငံသားများအား တပ်မတော်(ရေ) စစ်ရေယာဉ် တပင်ရွှေထီးဖြင့် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ သွားရောက်ခေါ်ဆောင်ခဲ့ရာ မတ်လ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ရောက်ရှိသည်။



ကိုမင်းမင်း



ဦးစိုးလွင်



ဦးကျော်ကျော်ဦး



ကိုသက်ဇော်ထွန်း




စောအယ်စိုး

ထိုသို့ နေရပ်ပြန် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ဆောင်ရာတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၄၉ ဦး၊ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၅ ဦး၊ မွန်ပြည်နယ်မှ ၄ ဦး စုစုပေါင်း ၇၀ တို့ကို ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး နေရပ်ပြန်ကြမည့် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ကိုမင်းမင်း (ကုန်းကြီးကျေးရွာအုပ်စု၊ ပြင်စလူမြို့နယ်)**

အိန္ဒိယနိုင်ငံကို ၂၀၁၈ ခုနှစ် ၆ လပိုင်းတုန်းက ရောက်သွားခဲ့ပါတယ်။ ပြန်လာမယ်ဆိုတာ မိသားစုတွေကို အကြောင်းကြားထားပေးပါတယ်။ ဟိုမှာအကြာကြီးနေရပြီး အခုလို ပြန်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာရပါတယ်။ မိသားစုတွေနဲ့ တွေ့ရတော့မှာဖြစ်တဲ့အတွက် အတိုင်းမသိ ဝမ်းသာရပါတယ်။ သင်္ဘောပေါ်စရောက်ပြီဆိုကတည်းက တပ်မတော်သားတွေက ညီရင်းအစ်ကိုတွေလို ရင်းရင်းနှီးနှီး၊ နွေးနွေးထွေးထွေး ဆက်ဆံကြတယ်။ နေရေး ထိုင်ရေး၊ စားသောက်ရေးကအစ လိုလေးသေးမရှိ ဆောင်ရွက်ပေးပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုလည်း နေ့စဉ်ဆောင်ရွက်ပေးပါတယ်။ သင်္ဘောပေါ်မှာ ပျော်ပွဲရွှင်ပွဲတွေကိုလည်း စီစဉ်ပေးပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ တပ်မတော် (ရေ)က ပုဆိုး၊ တီရှပ်၊ တဘက်၊ ဆပ်ပြာနဲ့ စားစရာမုန့်တွေကို ထောက်ပံ့ပေးပါတယ်။ နေရပ်ပြန်ဖို့အတွက်လည်း ရန်ကုန်ပြန်ရောက်ရင် ၁၄ ရက် ကွာရတင်း ဝင်ပြီးရင် ပြန်နိုင်အောင် စီစဉ်ပေးထားပါတယ်။ ကျွန်တော်တို့ကို အခုလို ပြန်လည်ခေါ်ဆောင်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ လူကြီးတွေကိုရော၊ တပ်မတော် (ရေ)က တာဝန်ရှိသူတွေကိုပါ ကျေးဇူးအထူးတင်ရှိပါတယ်။

**ဦးစိုးလွင် (ဆားချက်ကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်)**

အိန္ဒိယနိုင်ငံထဲ ရောက်နေတဲ့အချိန် နေအိမ်ပြန်ချင်တဲ့အချိန်မှာ မြန်မာနိုင်ငံက ဘယ်သူ လာခေါ်မလဲဆိုပြီး တစ်နှစ်နဲ့ သုံးရက်နေရတဲ့အချိန်မှာ အခုလို ပြန်ခွင့်ရတဲ့အတွက်၊ ပြန်နိုင်အောင် စီစဉ်ပေးတဲ့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အိန္ဒိယနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးကလည်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ညွှန်ကြားချက်နဲ့ လာခေါ်မယ်လို့ ပြောပြတဲ့အတွက် သိရပါတယ်။ မြန်မာနိုင်ငံမှာလည်း ကိုဗစ်ရောဂါ ဖြစ်နေတဲ့အတွက် ပြန်မရောက်တော့ဘူးလို့ ထင်နေတဲ့အချိန် ကိုယ့်နိုင်ငံကို ပြန်ရတော့မယ်ဆိုတာ သိတဲ့အတွက် အတိုင်းမသိဝမ်းသာရတယ်။ မိသားစုတွေနဲ့လည်း ပြန်လည်ဆုံတွေ့ခွင့်ရတော့မှာ ဖြစ်ပါတယ်။

**ဦးကျော်ကျော်ဦး (ထိန်လယ်ရပ်ကွက်၊ ထားဝယ်မြို့)**

ကျွန်တော်က အသက် ၄၄ နှစ် ရှိပါပြီ။ မိဘတွေနဲ့အတူနေပါတယ်။ ၂၀၁၉ ခုနှစ် ၉ လ ပိုင်းတုန်းက စက်လှေစက်ပျက်ပြီး အိန္ဒိယထဲရောက်သွားတာပါ။ စက်လှေက ကျွန်တော်တစ်ယောက်တည်း မောင်းတာပါ။ အခုလို မမျှော်လင့်ဘဲ နေအိမ်ပြန်ရမယ်ဆိုတာ သိတဲ့အတွက် အတိုင်းမသိ ဝမ်းသာရပါတယ်။ အမြန်ပြန်ရမယ်လို့လည်း မျှော်လင့်မထားဘူး။ မျှော်လင့်မထားတဲ့အချိန်မှာ ပြန်ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။ သင်္ဘောပေါ်စတက်ကတည်းက တပ်မတော်သားတွေက နေရေးထိုင်ရေး၊ စားသောက်ရေးကအစ လိုလေသေးမရှိ ဆောင်ရွက်ပေးပါတယ်။ သင်္ဘောပေါ်မှာ ဖျော်ဖြေရေးတွေလည်း ဆောင်ရွက်ပေးပါတယ်။ အိမ်ပြန်ရောက်ရင်တော့ တခြားစီးပွားရေးလုပ်ငန်းပဲ လုပ်တော့မယ်။

**ကိုသက်ဇော်ထွန်း (လမုတန်းရပ်ကွက်၊ မော်လမြိုင်မြို့)**

မိသားစုလေးယောက် ရှိပါတယ်။ ရေလုပ်ငန်းလုပ်ရင်း စက်လှေပျက်ပြီး ၂၀၁၉ ခုနှစ် ၉ လ ပိုင်းတုန်းက အိန္ဒိယထဲ ရောက်သွားခဲ့ပါတယ်။ စက်လှေပေါ်မှာ ကျွန်တော်နဲ့အတူ ခုနစ်ယောက် ပါပါတယ်။ အခုပြန်ရတဲ့ အထဲမှာလည်း ခုနစ်ယောက်လုံးပါပါတယ်။ တစ်နှစ်နဲ့ ခြောက်လ အိန္ဒိယမှာ နေခဲ့ရပါတယ်။ အခုလို နေရပ်ပြန်ရတော့မယ်ဆိုတော့ ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ နေရပ်ပြန်နိုင်အောင် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ မိသားစုနဲ့ ကြာကြာမခွဲဖူးဘူး။ သင်္ဘောပေါ်မှာလည်း တပ်မတော်သားတွေက နွေးနွေးထွေးထွေး ဂရုတစိုက်နဲ့ ဆက်ဆံကြပါတယ်။ ကျန်းမာရေးအတွက်လည်း ပူစရာမရှိပါဘူး။ သင်္ဘောပေါ်မှာ ဆရာဝန်လည်းပါတယ်။ ဆေးခန်းလည်း ရှိပါတယ်။ အချိန်မရွေး ပြသလို့ရပါတယ်။ အိမ်က မိသားစုတွေနဲ့လည်း အဆက်အသွယ်ရအောင် သင်္ဘောပေါ်က အရာရှိတွေက ဆက်သွယ်ဆောင်ရွက်ပေးပါတယ်။

**စောအယ်စိုး (သိပ္ပံကုန်းကျေးရွာ၊ လပွတ္တာမြို့နယ်)**

ရေလုပ်ငန်းလုပ်ပါတယ်။ ကျွန်တော်က အသက် ၃၆ နှစ်ရှိပါပြီ။ အိမ်ထောင်ရှိပါတယ်။ သားနှစ်ယောက်ရှိပါတယ်။ ၂၀၁၉ ခုနှစ် ၉ လပိုင်းတုန်းက မုန်တိုင်းမိပြီး အိန္ဒိယထဲ ရောက်သွားတာပါ။ အခုလို နေရပ်ပြန်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ မိသားစုနဲ့ တွေ့ဆုံခွင့်ရတော့မှာဖြစ်တဲ့အတွက် အတိုင်းမသိ ဝမ်းသာရပါတယ်။ သင်္ဘောပေါ်မတက်ခင် ညမှာ ကိုဗစ်-၁၉ ရောဂါ ရှိမရှိ ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်ပေးပါတယ်။ သင်္ဘောပေါ်ရောက်တာနဲ့ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ တပ်မတော်(ရေ)က တစ်ကိုယ်ရေသုံးပစ္စည်းတွေ ထောက်ပံ့ပေးပါတယ်။ သင်္ဘောပေါ်မှာလည်း စားသောက်နေထိုင်ရေးကအစ လိုလေသေးမရှိ ဆောင်ရွက်ပေးပါတယ်။ အားလုံးက ညီရင်းအစ်ကိုတွေလိုနွေးနွေးထွေးထွေး ရင်းရင်းနှီးနှီး ဆက်ဆံကြပါတယ်။

**တွေ့ဆုံမေးမြန်း-လင်းလတ်**
**ဓာတ်ပုံ-ခင်မောင်**

## ကျောင်းဖွင့်ချိန်၌အသင့်ဖြစ်စေရန် ကျောင်းဝန်းကျင်နှင့် စာသင်ခန်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်



**သီပေါ မတ် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများ ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ပါက ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် စာသင်ခန်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို မတ် ၉ ရက် နံနက်ပိုင်းက အမှတ်(၁) အထက်တန်းကျောင်း၌ ပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ကျောက်မဲမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ထက်စံ ကြီးကြပ်ကွပ်ကဲ၍ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်မျိုးလွင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၁၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်မင်းဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသန်းအေးနှင့် ဆရာ ဆရာမများစသည့် ပူးပေါင်းအင်အားတို့သည် စာသင်ခုံများ ပြန်လည်စီရီခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ကျောင်းစာသင်ခန်းများ ဖုန်သုတ်ခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လူငယ်ထုသည် အနာဂတ်ရည်မှန်းချက်များ ပျက်ပြားစေမည်ကိုဂရုမပြုဘဲ ဝါဒမှိုင်းတိုက်ခံဆောင်ရွက်နေကြ

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်အတွင်း ဆူပူဆန္ဒပြသူလူအုပ်စုများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားဆောင်ရွက်နေမှု အခြေအနေပေါ် မူတည်၍ လူစုလူဝေးဖြင့် ဆန္ဒပြခြင်း၊ မုတ်တမ်းခေါက်ပုံများ ရိုက်ကူး၍ လူမှုကွန်ရက်ပေါ်တွင် အမြန်ဖော်ပြခြင်း၊ ချက်ချင်းလူထုဖြန့်ခွဲခြင်း ပုံစံများသို့ အသွင်ပြောင်းခြင်း၊ လူမှုကွန်ရက်မှတစ်ဆင့် ဦးဆောင်လှုံ့ဆော်သတင်းချိတ်ဆက်များအပေါ် မူတည်၍ဆောင်ရွက်လျက်ရှိသည်။

ဆူပူဆန္ဒပြသူအုပ်စုများအတွင်းတွင်လည်း လူငယ်ထုအနေဖြင့် မိမိကိုယ်ကို ထင်ပေါ်စေလိုသည့် ပုံသဏ္ဌာန်ဖြင့် အများမှ ဂရုပြုစေမည့် ပုံစံဝတ်စားဆင်ယင်ခြင်း၊ (ခါတော်မှီ) ကြီးပွားရေးသမားများအနေဖြင့်လည်း ဦးထုပ်များ၊ (ဒေါင်း)အလံများ၊ နဖူးစည်းများ၊ ပုံစံအမျိုးမျိုးရိုက်နှိပ်ထားရှိသည့် တီရှပ်များ၊ ဒေသန္တရလုပ် ဒိုင်းကာများ တပ်ဆင်သုံးစွဲ၍ ဆန္ဒပြနေခြင်းသည် ၎င်းတို့၏ စီးပွားရေး အကျိုးဖြစ်ထွန်းမှုဖြစ်စေသဖြင့် နေ့စဉ်နှင့်အမျှ ဆူပူဆန္ဒပြရေးအတွက် တွန်းအားပေးခြင်း ဖိအားပေးခြင်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် မိမိသဘော မိမိဆောင်ကာ နေရာဒေသအလိုက် ဆူပူဆန္ဒပြနေသူ အုပ်စုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြိုခွဲထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် နေရာဒေသအများအပြား၌ ဆူပူဆန္ဒပြသူများ မရှိကြသော်လည်း အချို့မြို့နယ်များတွင် အဓိကရုဏ်းနှိမ်နင်းရေးလက်နက် သုံးစွဲ၍ ဖြိုခွဲထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခဲ့ရာကာ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၄ ဦး စုစုပေါင်း ၃၇ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်သည်။

ဆူပူဆန္ဒပြသူလူစုလူဝေးများအတွင်း လူငယ်ထုအများအပြားအား တွေ့ရှိရပြီး ၎င်းတို့အနေဖြင့် နောက်ကွယ်၏ သွေးထိုးလှုံ့ဆော်စေခိုင်းမှုများအရ ရှေ့တန်းကျကျနေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံလာရမှု အခြေအနေများသည် လူငယ်ထု၏ အနာဂတ်ရည်မှန်းချက်များ ပျက်ပြားစေမည်ကို ဂရုမပြုကြဘဲ ဝါဒမှိုင်းတိုက်ခံဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# မြောက်ဥက္ကလာပနှင့် အင်းစိန်မြို့နယ်အတွင်းရှိ လမ်းမကြီးများအား ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများကို ရှင်းလင်းဖယ်ရှားစဉ် လက်လုပ်မိုင်းဟုယူဆရသော ပစ္စည်းများသိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၀**

မြောက်ဥက္ကလာပနှင့် အင်းစိန်မြို့နယ်အတွင်းရှိ လမ်းမကြီးများအား ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများကို ရှင်းလင်းဖယ်ရှားစဉ် လက်လုပ်မိုင်းဟုယူဆရသော ပစ္စည်းများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။



အဆိုပါ ထုတ်ပြန်ချက်တွင် နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေ့/ညမပြတ် လှည့်ကင်းတာဝန်များ ဆောင်ရွက်ခြင်း၊ ဆူပူဆန္ဒပြသူလူအုပ်စုများအား ဖြိုခွဲထိန်းသိမ်းခြင်း၊ အများပြည်သူ သွားလာအသုံးပြုသည့် လမ်းမကြီးများအား အသုံးပြု၍မရအောင် ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများအား လူအင်အား၊ စက်ယန္တရား အင်အားများဖြင့် ရှင်းလင်းဖယ်ရှားခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းနှင့် နှယ်နီလမ်းဆုံတို့၌ ဆူပူဆန္ဒပြသူလူအုပ်စုက အများပြည်သူ သွားလာအသုံးပြုသည့် လမ်းမကြီးအား ပိတ်ဆို့ထားခဲ့သည့် အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၉ ရက် မွန်းလွဲပိုင်းမှ ၁ နာရီ ၄၅ မိနစ်အထိ ဖယ်ရှားရှင်းလင်းစဉ် ပိတ်ဆို့ထားသော အတားအဆီးများအတွင်းမှ အလျား ၇ လက်မ၊ လုံးပတ် ၂ လက်မခန့်ရှိ ကော်ပိုက် ၂ ခုဖြင့် ပြုလုပ်ထားသော စနက်တံ တပ်ဆင်ထားသည့် လက်လုပ်မိုင်း နှစ်လုံးကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အဝင်လမ်းနှင့် စိုက်ပျိုးရေး(၄)လမ်း ထိပ်တို့၌ ဆူပူဆန္ဒပြသူလူအုပ်စုမှ အများပြည်သူ သွားလာအသုံးပြုသည့် လမ်းမကြီးအား ပိတ်ဆို့ထားသည့် အတားအဆီး ၇ ခုကို ဖယ်ရှားရှင်းလင်းစဉ် ဆူပူဆန္ဒပြသူ အင်အား ၁၅၀ ခန့်က အုတ်ခဲ၊ လေးခွများဖြင့် ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ် အဆင့်ဆင့်နှင့်အညီ ပစ်ခတ်ထိန်းသိမ်းလူစုခွဲခဲ့ရာ အိုက်ပန် (၃၅)နှစ်၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူပါ အမျိုးသား(၄)ဦးကို ဖမ်းဆီးရမိခဲ့ပြီး အတားအဆီးများ အတွင်းမှ ကျွဲရိုင်းအချိုရည်ဘူးခွံဖြင့် ပြုလုပ်ထားပြီး (ယမ်းဟုယူဆရသော) အဖြူရောင်အမှုန့်များ ထည့်သွင်းထားသည့် လက်လုပ်မိုင်းဟု ယူဆရသော ဘူး ၁၃ ခုကို တွေ့ရှိသိမ်းဆည်း ရမိခဲ့ကြောင်းနှင့် အထက်ပါဖြစ်စဉ်(၂)ခုမှ လက်လုပ်မိုင်းပြုလုပ်သူများကို ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း။

ယခုအခါတွင် ဆူပူလိုသူလူအုပ်စုအနေဖြင့် အေးချမ်းစွာ ဆန္ဒပြသည့် အခြေအနေမှ အကြမ်းဖက်သည့် ပုံသဏ္ဌာန်သို့ ပြောင်းလဲကျင့်သုံးလာကာ ပေါက်ကွဲစေတတ်သော ခဲယမ်းများကို အသုံးပြုလာသည့် အခြေအနေကို နေရာဒေသအချို့၌ တွေ့ရှိလာရသဖြင့် ပြည်သူလူထုအနေဖြင့် မလိုအားအပ်သော ထိခိုက်ဒဏ်ရာရရှိမှုများ မဖြစ်ပေါ်စေရေးအတွက် လူစုလူဝေးများကို ရှောင်ရှားသင့်ကြောင်းနှင့် မသင်္ကာဖွယ် အရာဝတ္ထုများ မိမိတို့၏ ပတ်ဝန်းကျင်၌ တွေ့ရှိပါက သက်ဆိုင်ရာသို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် အသိပေးအပ်ပါကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက မသင်္ကာတရားခံ သွားရောက်ဖမ်းဆီးစဉ် ပြန်လည်ရန်ပြု၍ မြို့နယ်တပ်ဖွဲ့မှူး သေဆုံး

**နေပြည်တော် မတ် ၁၀**

၂၀၂၁ ခုနှစ် မတ် ၁၀ ရက် နံနက် ၁၁ နာရီခွဲတွင် ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့် ကုန်သည်လမ်းမပေါ် ဗဟိုဘဏ်အဟောင်းအနီး ကားပါကင်တွင် မသင်္ကာဖွယ်ယာဉ်အမှတ် YGN 6D/ 6111(Isuzy Wagon) နက်ပြာရောင်ယာဉ် တစ်စီးပေါ်သို့ အထုပ်နှစ်ထုပ် တင်ဆောင်နေကြောင်း သတင်းအရ မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချစ်စိန်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စိစစ်ရာ အဆိုပါယာဉ်နှင့် အတူတွေ့ရှိရသူ အမျိုးသား သုံးဦးက စစ်ဆေးမှုမခံဘဲ ပြန်လည်ထိုးနှက်ရန်ပြုခဲ့ကြသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ချစ်စိန်၏ လည်ပင်းနှင့် ဝမ်းဗိုက်တို့တွင် ထိုးသွင်းဒဏ်ရာများရရှိခဲ့ပြီး ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့ရသည်။ ဖြစ်စဉ်ဖြစ်ပွားရာအနီးသို့ လုံခြုံရေးရယူထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လာရောက်ပူးပေါင်း၍ ရန်ပြုတိုက်ခိုက်သူများအား ဖမ်းဆီးချုပ်နှောင်ခဲ့ရသည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်ကျူးလွန်သူများဖြစ်သည့် ရန်နိုင်အောင်(၃၅နှစ်) (ဘ) ဦးအောင်မြင့် ဗမာ/ဗုဒ္ဓ၊ Money Changer ၊ အမှတ်(၂၆) ၊ နတ်မောက်လမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်နှင့် စိုးလွင်ဦး(၃၂)နှစ်၊ (ဘ) ဦးအောင်ဝင်း၊ ကျူလီယာ/အစ္စလာမ်၊ အမှတ်(၂၈၂) ဗိုလ်ဆွန်ပက်လမ်း၊ (၁၁) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေသူတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ချွန်ထက်သောလက်နက်အသုံးပြုသတ်ဖြတ်ခဲ့သူ အောင်သန်းဇော် (၄၀) နှစ်မှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူနှစ်ဦးနှင့် အတူ သိမ်းဆည်းရမိသောယာဉ် YGN 6D/ 6111(Isuzy Wagon) ပေါ်တွင်ပါရှိသော အိတ်နှစ်လုံးအတွင်းမှ မြန်မာငွေကျပ် ၂၁၂၂ သိန်း တွေ့ရှိသိမ်းဆည်းရမိသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားရှိကာ ထွက်ပြေးလွတ်မြောက်လျက်ရှိသော တရားခံ အောင်သန်းဇော်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူလူထုအနေဖြင့် အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူ အောင်သန်းဇော်အား တွေ့ရှိပါက နီးစပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများသို့ သတင်းပေးပို့နိုင်ပါရန် အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် သေဆုံးနေသည့် အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိ

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို မလိုလားသူများအနေဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်မှုများကို ပြုလုပ်လျက်ရှိပြီး အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်တွင်လည်း အတားအဆီးများဖြင့် ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ လမ်းများတွင် ကွန်ကရစ်တုံးများ၊ သစ်ချောင်းများ၊ အခြားအတားအဆီးများဖြင့် ပိတ်ဆို့တားဆီးထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ရသည်။

ထိုသို့ဆောင်ရွက်စဉ် ချမ်းမြသာစည်မြို့နယ်၊ ၁၀၉ လမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြားတွင် ဆူပူအကြမ်းဖက်သူအင်အား ၆၀၀ ခန့်က လမ်းများပိတ်ဆို့၍ ဆူပူဆန္ဒပြလျက်ရှိသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအုံကြွမှုများမဖြစ်စေရေး လူစုခွဲကြရန် သွားရောက်မေတ္တာရပ်ခံခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အကြိမ်ကြိမ် ပြောဆိုခဲ့သော်လည်း လူစုခွဲခြင်းမရှိသဖြင့် အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဥပဒေနှင့်အညီ လူစုခွဲဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူဆန္ဒပြသူ အမျိုးသား ၆ ဦးကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် ထိန်းသိမ်းခဲ့ရသည်။

ထို့နောက် ၎င်းတို့တားဆီးပိတ်ဆို့ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းလျက်ရှိစဉ် Hilux အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ပေါ်မှ ဆူပူအကြမ်းဖက်သူများက လေးခွများ၊ ဂျင်ကလိများ၊ လေသေနတ်များဖြင့် ပစ်ခတ်၍ အရှိန်ပြင်းစွာမောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ယင်းသို့ ပစ်ခတ်ထွက်ပြေးသွားခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ဖမ်းဆီးခဲ့ရာ ချမ်းမြသာစည်မြို့နယ် ၁၀၇ လမ်းအနီးရှိ ချုံပုတ်အနီးတွင် အဆိုပါ မော်တော်ယာဉ်အား တွေ့ရှိရပြီး မော်တော်ယာဉ်အနီး၌ ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးပြီဟု ယူဆရသည့် စိစစ်ဆဲအမျိုးသားအလောင်းတစ်လောင်းကို လေးခွတစ်လက် ကုန်းသီးများ၊ ဖန်ဂေါ်လီများ၊ အလံများ၊ ဒိုင်းများ၊ အခြားပစ္စည်းများနှင့်အတူ တွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် သေဆုံးသူအား သေမှုသေခင်း ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ PPE Level 3 (PPE ၊ N - 95 လက်အိတ်၊မျက်မှန်)အစုံ ၅၀၀ ထောက်ပံ့

**မုံရွာ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ PPE Level 3 (PPE ၊ N– 95 လက်အိတ်၊ မျက်မှန်)အစုံ ၅၀၀ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းက PPE Level 3 (PPE ၊ N – 95 လက်အိတ်၊မျက်မှန်) အစုံ ၅၀၀ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စား အမှတ်(၄)တပ်မတော်စစ်ဆေးရုံ ခုတင် ၃၀၀ မှ ဗိုလ်မှူးကြီး မင်းစိုးနိုင်ထံ လက်အိတ်၊ မျက်မှန် အစုံ ၅၀၀ ကို ထောက်ပံ့ပေးအပ်ပြီး အမှတ်(၄) တပ်မတော်စစ်ဆေးရုံ ခုတင် ၃၀၀ မှ ဗိုလ်မှူးကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၂) ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**







## ဟိုပန်မြို့၌ မိုးသီးနှံပျက်စီးကေများအတွက် ထောက်ပံ့ငွေပေးအပ်

**ဟိုပန် မတ် ၁၀**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ မိုးသီးနှံပျက်စီးကေများအတွက် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟိုပန်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဟိုပန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦးက အမှာစကားပြောကြားပြီး ခရိုင် စိုက်ပျိုးရေးဦးစီးမှူးက ထောက်ပံ့ပေးအပ်ပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ကျေးဇူးတင်စကားပြော**

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးနှင့် တာဝန်ရှိသူများက တောင်သူ ၄၄၈ ဦး၏ မိုးသီးနှံပျက်စီးကေ ၄၆၂ ကေ အတွက် တစ်ကေလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ပေးအပ်ရာ တောင်သူများကိုယ်စား မော်ဟွေ့၊ မန်မိုင်နှင့် မန်ကောင်းအုပ်ချုပ်ရေးမှူးများက လက်ခံယူကြပြီး နမ့်လျှံရပ်ကွက် အုပ်ချုပ်ရေးမှူးက အခမ်းအနားသို့ တတ်ရောက်လာသော တောင်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချီရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀– ၃ – ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၅ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၁၅ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀ | ကျပ် | ၉၉၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၃၀ | ၂၈၂၀၀၀ |
| MTSH | ၃၅၅၀ | ၃၆၀၀ | ၇ | ၂၅၀၀၀ |
| MCB | – | – | – | – |
| FPB | – | – | – | – |
| TMH | – | – | – | – |
| EFR | – | – | – | – |

ညီညီ – စုစည်းသည်

# လူငယ်များအား အသုံးချမှု ရပ်တန်းက ရပ်ကြပါ

**ကိုပြည့်**

**"အလုပ်တာဝန်လည်းရှိပြီး ဝင်ငွေလည်းရရှိနေသူတစ်ဦးဟာ ကိုယ့်ရဲ့ အလုပ်တာဝန်တွေကနေ ရှောင်ဖယ်ပြီး နိုင်ငံဆူပူမှုဖြစ်စေဖို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ပါဝင်နေမိပြီဆိုရင် မနက်ဖြန်ကစပြီး အမှန်ပြင်ဖို့ အချိန်ကောင်းပါပဲ။ မအောင်မြင်မှန်းသိနေတဲ့ CDM ကို ဆင်ခြေဆင်လက်တွေ များစွာပေးပြီး CDM အကြောင်းပြကာ ဆူပူဆန္ဒပြမှုတွေ ဆက်လက်ပြုလုပ်နေရင် အကြောင်းပြချက်ကောင်းတွေ ဖြစ်လာမှာမဟုတ်ဘဲ ဆိုးကျိုးတွေကိုသာ ရရှိခံစားကြရမယ်ဆိုတာကိုလည်း သတိချပ်သင့်ပါတယ်"**

"ဘဝဆိုတာ အချိန်တွေနဲ့ ဖွဲ့စည်းထားတာ၊ အချိန်ကို တန်ဖိုးရှိအောင် အသုံးချမှ တန်ဖိုးရှိတဲ့ဘဝ ဖြစ်လာနိုင်တာ" ဆိုတဲ့ စာကြောင်းလေး စာရေးဆရာ ဆရာအောင်သင်း ရေးသားထားတာကို ဖတ်ရှုမှတ်သားခဲ့ဖူးတယ်။ မြန်မာနိုင်ငံမှာလည်း အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်တဲ့၊ အသုံးချနေမယ့်လူငယ်တွေ များများရှိဖို့ လိုအပ်နေချိန်လည်း ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံရဲ့အနာဂတ်ကို ဦးဆောင်ကြမယ့် လူငယ်တွေကို လက်ဆင့်ကမ်းပေးကြရမယ့် လူကြီးတွေရဲ့ လုပ်ဆောင်ချက်ကလည်း အဓိကကျလျက်ရှိပါတယ်။

ရိုးသားဖြူစင်တဲ့ လူငယ်တွေကို မြင့်မားတဲ့ဘဝ၊ အေးချမ်းလုံခြုံတဲ့နေရာတွေ ရောက်ရှိဖို့ ရှေ့ဆောင်လမ်းပြသွန်သင်ဆုံးမဖို့ရာ အဓိကတာဝန်ရှိတာက မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်းတွေပဲ မဟုတ်လား။ မြန်မာနိုင်ငံရဲ့ လတ်တလော ဖြစ်စဉ်တွေမှာ အတ္တနဲ့ အစွဲသာ ရှေ့တန်းမထားဘဲ အမှန်မြင်အောင်ကြည့်ပါက ဥပဒေမဲ့ လုပ်ရပ်တွေကို လမ်းပေါ်ထွက်ပြီး လုပ်လာစရာအကြောင်းကိစ္စမျိုး လုံးဝမရှိပါဘူး။ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ မြန်မာနိုင်ငံမှာလည်း ပြည်သူတွေရဲ့ ဆန္ဒသဘောထားအသီးသီးကို ဘယ်သူ့ကိုမှ မထိခိုက်စေဘူးဆိုရင် သတ်မှတ်စည်းကမ်းများနဲ့အညီ ဆန္ဒထုတ်ဖော်ခွင့်ရရှိနေတာ အများအသိပါပဲ။

ဒီမိုကရေစီစံနှုန်းနဲ့အညီ လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်တွေကို နှစ်သက်သဘောကျစွာ ပြုလုပ်နေကြပေမယ့် လိုက်နာကျင့်သုံးရမယ့် ဒီမိုကရေစီစံနှုန်းတွေကိုကျ မေ့နေကြသူက ခပ်များများ။ ဒီမိုကရေစီဆိုတာ စည်းကမ်းရှိမှု၊ သာတူညီမျှရှိမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ ပူးပေါင်းဖွဲ့စည်းမှု၊ နိုင်ငံကြီးသားပီသမှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ စွမ်းရည်သတ္တိရှိမှု၊ ခေါင်းဆောင်ပီသမှု၊ တက်ကြွဖျတ်လတ်မှု စသည်တို့နဲ့ ဟန်ချက်ညီမှသာ အနှစ်သာရပြည့်ဝတဲ့ ဒီမိုကရေစီကို ခံစားကြရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီမှာ အရေးကြီးဆုံးက စည်းကမ်းရှိမှုပါပဲ။ စည်းကမ်းဆိုတာက စည်းနဲ့ကမ်းကို ပေါင်းစပ်ထားတာပဲလို့ အလွယ်ပြောလို့ရသော်လည်း အရံအတား အကန့်အသတ်ဘောင်ဖြစ်တဲ့ "စည်း"နဲ့ လှိုင်းတံပိုးလွတ်ကင်းရာအရပ် "ကမ်း" ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသေးတယ်။ ဒါကြောင့် သတ်မှတ်ထားတဲ့၊ ချမှတ်ထားတဲ့၊ ကန့်သတ်ထားတဲ့အရာများကို မကျူးလွန်မဖောက်ဖျက်စေရန် စည်းကမ်းဆိုတာ ချမှတ်ထားတာဖြစ်ပြီး လူသားတိုင်းကလည်း လေးစားလိုက်နာနေမှ "စည်းကမ်းဟူသည် လူ့တန်ဖိုး" ဆိုတဲ့ စကားနဲ့အညီ "လူသားတိုင်းလည်း တန်ဖိုး"ရှိနေမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကျင့်သုံးနေတဲ့ မြန်မာနိုင်ငံမှာ စည်းကမ်းကို ကောင်းစွာ လိုက်နာကျင့်သုံးဖို့က အရေးကြီးပါတယ်။ လက်ရှိကာလမှာ စည်းကမ်းမဲ့ လမ်းပေါ်ထွက်ပြီး ဆူပူဆန္ဒပြနေကြတဲ့ အဖွဲ့တွေကို ကြည့်လိုက်ရင် အများစုက လူငယ်တွေ ဖြစ်နေကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် အကျိုးရှိမယ့် တာဝန်နဲ့ ဝတ္တရားတွေကို ထမ်းရွက်ဖို့ အရာမှာတော့ စိတ်ပါဝင်စားမှုမရှိဘဲ ဖျက်လိုဖျက်ဆီး လုပ်ရပ်နဲ့ စည်းကမ်းဘောင်အပြင်က လုပ်ရပ်မျိုးတွေမှာတော့ အင်တိုက် အားတိုက် ပါဝင်ဆောင်ရွက်နေကြတာကလည်း ကောင်းတဲ့ လက္ခဏာ မဟုတ်ပါဘူး။ လူငယ်တွေအနေနဲ့ ကိုယ်တိုင်လည်း နားလည်မှုမရှိ၊ နားလည်အောင်လည်း ကြိုးစားမှုမရှိဘဲ လူမှုကွန်ရက်မှ ရေးသားထားမှုများကို အဟုတ်ထင်ကာ တလွဲမာန်နဲ့ လမ်းပေါ်ထွက် ဆန္ဒပြ ဆူပူအုံကြွ ဖျက်ဆီးနေတာကလည်း ဒီမိုကရေစီစံနှုန်းတွေနဲ့ ကိုက်ညီမှုမရှိဘဲ စည်းကမ်းမလိုက်နာခြင်းကြောင့် ရလာမယ့်အကျိုးဆက်က နာကျင်ခြင်း၊ ထိခိုက်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းတွေနဲ့ အဆုံးသတ်မှုဆိုတာကို အသိ သတိရှိဖို့လိုပါတယ်။

ဆန္ဒပြအဖွဲ့ထဲ လိုက်ပါနေတဲ့ စက်ရုံဝန်ထမ်းတစ်ဦးက "ကျွန်တော်တို့ကို CDM အတွက်ဆိုရင် ဆန္ဒထွက်ပြလို့ရတယ်၊ အလုပ်ကို မလာလည်း ရတယ်"ဆိုပြီး သူ့ရဲ့ ဆန္ဒပြပွဲမှာ ပါဝင်ရခြင်းအကြောင်းကို ပြောပြလို့ သိလိုက်ရတယ်။ "မင်းကွာ ကိုယ့်အလုပ်ကိုသာ သွားစမ်းပါ၊ မင်းတို့ အလုပ်မသွားလို့ စက်ရုံက မလည်ပတ်နိုင်ဘဲ စက်ရုံပိတ်ပစ်လိုက်ရရင် အလုပ်ပြုတ်ပြီး ဒုက္ခရောက်မှာက မင်းတို့ အလုပ်ရုံဝန်ထမ်းတွေပဲ"လို့ ပြောတဲ့အခါမှာတော့ "အလုပ်ရှင်က စက်ရုံပိတ်ရလည်း ကျွန်တော်တို့ကို ထမင်းကျွေးထားမယ်တဲ့၊ စိတ်မပူနဲ့"တဲ့။

ဒီလိုမျိုး နိုင်ငံပျက်စီးရာ ပျက်စီးကြောင်း၊ ဝန်ထမ်းအလုပ်သမားတွေ ပျက်စီးရာ ပျက်စီးကြောင်း နောက်ကွယ်က ပြုလုပ်နေကြတဲ့ အလုပ်ရှင်တွေ ဘယ်လောက်များရှိနေမလဲဆိုတာ တွေးမိရင်း "မင်းတို့ တစ်ပတ်ကို တစ်ရက်နားရချိန်မှာတောင် ခွင့်တစ်ရက် ယူရင်၊ နေ့တစ်ဝက်လောက်လေး နားရင်တောင် မင်းတို့ အလုပ်ရှင်က လစာကို မညှာမတာ ဖြတ်ခဲ့တာကွာ၊ စက်ရုံကြီး ပိတ်သွားရင်တောင် ထမင်းကျွေးထားမယ်ဆိုတဲ့ စကားဖြစ်နိုင်ပါ့မလား"လို့ ပြောလိုက်သော်လည်း လူငယ်ပီပီ ဖက်ရှင်ကျကျဝတ်ပြီး နေ့စဉ် လူစုလူဝေးနဲ့ အော်ဟစ်နေရတာကို အကြိုက်တွေ့နေတဲ့ လေသံနဲ့ "မသိဘူးဗျာ၊ သူများတွေ ထွက်နေသရွေ့ ကျွန်တော်လည်း ထွက်ဦးမယ်၊ အလုပ်ပြုတ်လည်း ပြုတ်ပါစေ"ဆိုပြီး ဘဝကို ခပ်လွယ်လွယ်လို့ထင်နေတဲ့ လူငယ်တွေကော ဒီဆန္ဒပြလူအုပ်ကြီးထဲ ဘယ်လောက်များ ပါဝင်နေမလဲ။ စဉ်းစားရင်းနဲ့ သက်ပြင်းသာ အခါခါချမိရတယ်။

ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းတွေ၊ အလုပ်ရုံ၊ စက်ရုံတွေဟာ အထိုက်အလျောက် ထိခိုက်နစ်နာမှုတွေ ရှိလာနေချိန်မှာ ဝန်ထမ်းအလုပ်သမားဦးရေ လျှော့ချပြန်ရင်လည်း ပေးရမယ့်လျော်ကြေးကို ရှောင်ချင်တာကြောင့် ခုလိုဆန္ဒပြပွဲတွေနဲ့ ကြုံလာတဲ့အခါမှာ အလုပ်သမားဝန်ထမ်းတွေကို လမ်းမတွေပေါ်တွန်းပို့ကြပြီး အလုပ်ဖြုတ်လို့ရမယ့်ခေါင်းစဉ်ကို ရွေးချယ်ခဲ့တဲ့ အလုပ်ရှင်တွေရဲ့ စိတ်သဘောထားကို အမှန်မမြင်တဲ့ အလုပ်သမားဝန်ထမ်းတွေဟာ ဆန္ဒပြပွဲမှာ ပါဝင်အားဖြည့်တဲ့ သူတို့ရဲ့လုပ်ရပ်က တိုင်းပြည်အတွက် တကယ်အားဖြစ်မယ်လို့ ထင်နေကြသော်လည်း လက်တွေ့မှာတော့ အလုပ်ပြုတ်ရင် အလုပ်ထပ်ရှာဖို့ ရုန်းကန်ကြရဦးမယ်ဆိုတာကို တွေးမိကြပုံမရှိဘူး။

"Civil Disobedience Movement(CDM) ပြုလုပ်ကြတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မီတာခတွေ လာမကောက်ဘူး။ CDM လုပ်တဲ့သူတွေ အောင်မြင်သွားတာလား" ဆိုပြီး ပြောနေကြတာကို တွေ့ရတယ်။ မီတာစာရေး မီတာလာမဖတ်တာနဲ့ CDM အောင်မြင်တာနဲ့ လားလားမှ မဆိုင်ချေ။ မီတာစာရေးဆိုတာ စက်ဘီးတို့၊ ဆိုင်ကယ်တို့နဲ့ ရပ်ကွက်အနှံ့၊ အိမ်ကြိုအိမ်ကြား သွားလာနေရတာကြောင့် အမိန့်မှန်သမျှ ဖီဆန်ကြဆိုတဲ့ နိမ့်ကျတဲ့အတွေးအခေါ်ရှိသူတွေရဲ့ ရန်လိုမှုကနေ ရှောင်ရှားနိုင်ဖို့ ဒီလိုအချိန်ကာလမှာ မီတာဖတ်နိုင်မှာ မဟုတ်ဘူးဆိုတာတော့ လျှပ်စစ်မီး သုံးစွဲသူတိုင်းက အသိရှိထားဖို့လိုတယ်။ သုံးသလောက်ဆောင်ရမယ့် မီတာခဟာ ဘယ်လမှာပဲ မီတာလာဖတ်ဖတ် သုံးစွဲထားတဲ့ ယူနစ်အလိုက် ကျသင့်တဲ့ မီတာခကို ပေးကို ပေးဆောင်ရမှာပဲ။

CDM မှာ ပါဝင်ဖို့ တိုက်တွန်းလှုံ့ဆော်သူတွေဟာ အခြေအမြစ်ကို မလေ့လာ၊ အမှန်နဲ့အမှားကို ခွဲခြားခြင်း မပြုနိုင်ကြဘဲ အမှောင်စိတ်ရဲ့ ဖုံးလွှမ်းမှုကြောင့် လက်တွေ့ဘဝ အမှန်တရားနဲ့ ဝေးကွာလာကြတာပါပဲ။ အဝီစိရေတွင်းနဲ့ ဆိုလာမီးနဲ့ နေထိုင်ရသူတွေသာ မဟုတ်ဘူးဆိုရင် CDM ကြောင့် ကြုံတွေ့ရမယ့် ခက်ခဲမှုပြဿနာတွေကို စဉ်းစားကြည့်စေချင်တယ်။ CDM ကြောင့် ရေပေးဝေမှုတွေ၊ လျှပ်စစ်မီးလွှတ်မှုတွေ ရပ်တန့်သွားခဲ့ရင် သုံးဖို့၊ ချိုးဖို့ ရေ၊ ဖုန်းတို့၊ တက်ဘလက်တို့အတွက် ဘက်ထရီ။ ဘယ်လောက်များ ခက်ခဲလိုက်ကြမလဲ။ မီးစက်နဲ့ရတာပဲဆိုတာ ခဏတာ အလွယ်သဘောပြောလို့ရနိုင်ပေမယ့် တကယ့်လက်တွေ့မှာ တွေးကြည့်တာထက် ခက်ခဲမှုတွေ ဖြစ်လာမှာက အများကြီး။

လက်ရှိ ဘဏ်ဝန်ထမ်းတွေကို အလုပ်မသွားဖို့၊ ဘဏ်တွေမဖွင့်ဖို့ ပြုလုပ်နေကြသူတွေကြောင့် လတ်တလော အခက်အခဲ ကြုံတွေ့နေရသူတွေက ပြည်သူတွေပဲ။ တဖြည်းဖြည်းနဲ့ ထပ်ပြီး ဒုက္ခရောက်လာမှာက ဘဏ်ဝန်ထမ်းတွေရဲ့ လစာကိစ္စ။ ဘဏ်မလည်ပတ်နိုင်တဲ့ ဘဏ်တစ်ခုဟာ ဝန်ထမ်းတွေကို လစာအပြည့် ထုတ်ပေးနိုင်ဖို့၊

*စာမျက်နှာ ၂၁ သို့*

**"ဒီမိုကရေစီစနစ်ကျင့်သုံးနေတဲ့ မြန်မာနိုင်ငံမှာ စည်းကမ်းကို ကောင်းစွာလိုက်နာကျင့်သုံးဖို့က အရေးကြီးပါတယ်။ လက်ရှိကာလမှာ စည်းကမ်းမဲ့ လမ်းပေါ်ထွက်ပြီး ဆူပူဆန္ဒပြနေကြတဲ့ အဖွဲ့တွေကို ကြည့်လိုက်ရင် အများစုက လူငယ်တွေ ဖြစ်နေကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် အကျိုးရှိမယ့် တာဝန်နဲ့ ဝတ္တရားတွေကိုထမ်းရွက်ဖို့ အရာမှာတော့ စိတ်ပါဝင်စားမှုမရှိဘဲ ဖျက်လိုဖျက်ဆီး လုပ်ရပ်နဲ့ စည်းကမ်းဘောင်အပြင်က လုပ်ရပ်မျိုးတွေမှာတော့ အင်တိုက် အားတိုက် ပါဝင်ဆောင်ရွက်နေကြတာကလည်း ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ လူငယ်တွေအနေနဲ့ ကိုယ်တိုင်လည်း နားလည်မှုမရှိ၊ နားလည်အောင်လည်း ကြိုးစားမှုမရှိဘဲ လူမှုကွန်ရက်မှ ရေးသားထားမှုများကို အဟုတ်ထင်ကာ တလွဲမာန်နဲ့ လမ်းပေါ်ထွက် ဆန္ဒပြ ဆူပူအုံကြွ ဖျက်ဆီးနေတာကလည်း ဒီမိုကရေစီစံနှုန်းတွေနဲ့ ကိုက်ညီမှုမရှိဘဲ စည်းကမ်းမလိုက်နာခြင်းကြောင့် ရလာမယ့်အကျိုးဆက်က နာကျင်ခြင်း၊ ထိခိုက်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းတွေနဲ့ အဆုံးသတ်မှုဆိုတာကို အသိ သတိရှိဖို့လိုပါတယ်"**

# မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းဘူတာဝင်းအတွင်း CDM ပြုလုပ်သူများက မီးရထားဝင်း အဝင်/ အထွက် လမ်းများအား တားဆီးပိတ်ဆို့နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သွားရောက် ရှင်းလင်းဖယ်ရှားခဲ့

**နေပြည်တော် မတ် ၁၀**

မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းဘူတာဝင်းအတွင်း CDM ပြုလုပ်သူများက မီးရထားဝင်း အဝင်/ အထွက် လမ်းများအား တားဆီးပိတ်ဆို့နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သွားရောက် ရှင်းလင်းဖယ်ရှားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းဘူတာဝင်း အတွင်းတွင် CDM ပြုလုပ်သူများက မီးရထားဝင်း အဝင်/ အထွက် လမ်းများကို ရထားတွဲများ၊ သံအိတ်များဖြင့် တားဆီးပိတ်ဆို့ခြင်း၊ CDM မပြုလုပ်လိုသည့် ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း စသည့် အကြမ်းဖက်ပုံစံဆောင်ရွက်မှုများကို နေ့စဉ် ပြုလုပ်နေသည်ကို သတင်းရရှိခဲ့ကြောင်း။

ရရှိသည့် သတင်းအပေါ် မူတည်၍ မတ် ၁၀ ရက် နံနက် ၅ နာရီမှ စတင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မလွှကုန်းဝင်း ဘူတာအတွင်း ဝင်/ ထွက် သွားလာနိုင်သည့် လမ်းကြောင်းများကို အဆင့်ဆင့် ရှင်းလင်းရေးဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီတွင် မီးရထားဝင်းတစ်ခုလုံးကို အသေးစိတ် ရှင်းလင်းနိုင်ခဲ့ကြောင်း။

ဖြစ်စဉ်တွင် မီးရထားဝင်း ဆေးပေးခန်းအတွင်း CDM ဆောင်ရွက်သည့် ဝန်ထမ်းများအတွက် ပြင်ပ အဖွဲ့အစည်းများက ထောက်ပံ့ရန် စီစဉ်ထားရှိသော ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်၊ ဟင်းချိုမှုန့်စသည့် စားသောက်ကုန်မျိုးစုံကို သိမ်းဆည်းရမိခဲ့ပြီး ယင်းနေရာတွင် တွေ့ရှိရသည့် အမျိုးသား ၇ ဦးကို လိုအပ်သည့် စစ်မေးမှုများ ပြုလုပ်ရန်အတွက် ခေတ္တထိန်းသိမ်းထားရှိကြောင်း ပါရှိသည်။

**သတင်းစဉ်**



# မရမ်းကုန်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများဆောင်ရွက်စဉ် တားဆီးနှောင့်ယှက်သူများအား လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**

မရမ်းကုန်းမြို့နယ်အတွင်း လုံခြုံရေး တပ်ဖွဲ့ဝင်များ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်စဉ် တားဆီးနှောင့်ယှက်သူများအား လက်လုပ်မိုင်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ မတ် ၉ ရက် ည ၁၀ နာရီ ၅၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ်အတွင်း၌ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးအတွက် ဆောင်ရွက်စဉ် မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက်နေ ခိုင်ဇော်ဦး (၃၁နှစ်)၊ အောင်ကိုဦး (၄၁ နှစ်)၊ ဟိန်းဇော်အောင်(၁၉ နှစ်)တို့သည် လုံခြုံရေး တပ်ဖွဲ့ဝင်များအား တာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်မှု မရှိစေရေးအတွက် လေးခွ၊ ကျောက်စရစ်ခဲများဖြင့် ပစ်ပေါက်ဟန့်တားခဲ့ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များက သတိပေးဟန့်တားခဲ့သော်လည်း ခိုင်ဇော်ဦးက ထပ်မံ၍ လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်စဉ် အဆိုပါ လက်လုပ်မိုင်းသည် ၎င်း၏ လက်အတွင်း ပေါက်ကွဲခဲ့သဖြင့် ၎င်း၏ ယာလက်ဆုတ်ပြဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း။

ယင်းဖြစ်စဉ်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရား ထမ်းဆောင်မှုအား တားဆီး ဟန့်တား နှောင့်ယှက်ခဲ့သော ခိုင်ဇော်ဦး၊ အောင်ကျော်ဦးနှင့် ဟိန်းဇော်အောင်တို့ကို လေးခွ၊ ကျောက်စရစ်ခဲ၊ လက်လုပ်မိုင်း တစ်လုံး၊ NLD ပါတီအလံ တံဆိပ်ပါ လွယ်အိတ်တစ်လုံး၊ လက်ကိုင်ဖုန်း တစ်လုံးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




(ဝဲယာမှ) တရားခံ အောင်ကိုဦး၊ ဟိန်းဇော်အောင်၊ ခိုင်ဇော်ဦး။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုနှင့် ကွမ်းလုံမြို့နယ်တို့တွင် ငွေကျပ်သိန်း ၃၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းခဲများ၊ TNT ယမ်းပြင်းများနှင့် ဒီတိုနိတာများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုနှင့် ကွမ်းလုံမြို့နယ်တို့တွင် ငွေကျပ်သိန်း ၃၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းခဲများ၊ TNT ယမ်းပြင်းများနှင့် ဒီတိုနိတာများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ် ၉ ရက် ညနေ ၄ နာရီခွဲတွင် နောင်ချိုမြို့နယ် မူဆယ်-မန္တလေး သွားကားလမ်း မိုင်တိုင်အမှတ်(၈၀/၄) အနီးတွင် သီပေါမှ ပြင်ဦးလွင်သို့ ကိုကိုလတ်(၄၅ နှစ်) မောင်းနှင်ပြီး စိုင်းသီဟစိုး (၂၉ နှစ်) လိုက်ပါလာသည့် HIJET မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၃၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား စိုင်းခမ်း(၃၀နှစ်)က ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာမှ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ သယ်ဆောင်ခိုင်းခြင်း ဖြစ်ကြောင်း။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက် ညနေ ၅ နာရီခွဲတွင် ကွမ်းလုံမြို့နယ် ရှင်လုံကျိုင်းကျေးရွာအနီး ဟိုလီ-နမ့်ကျွမ်း သွားကားလမ်းတွင် နမ့်ကျွမ်းကျေးရွာဘက်မှ ဟိုလီကျေးရွာဘက်သို့ ရန်လောက်ရှိုး (၃၅ နှစ်)၊ မောင်းနှင်ပြီး စိုင်းသန်းလူ(၃၄ နှစ်) လိုက်ပါလာသည့် Toyota Hilux Revo မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ၃၅ ဂရမ်နှင့် TNT ယမ်းပြင်း ၁၅၃ ကီလို၊ ဒီတိုနိတာ ၁၄၈၅ ချောင်း သိမ်းဆည်းရမိခဲ့သဖြင့် **(အောက်ပုံ)**၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၂၀ မှ*

အလုပ်နေရာ ခန့်ထားနိုင်ဖို့ဆိုတာ ဖြစ်နိုင်ခြေရှိတဲ့ ကိစ္စမဟုတ်တာကြောင့် မိသားစုအတွက် ရှင်သန်နေရတဲ့ ဘဏ်ဝန်ထမ်းတွေ အနေနဲ့လည်း အထူးစဉ်းစားချင့်ချိန်ကြဖို့ လိုအပ်ပါတယ်။

ဒါကြောင့် လူသားတွေဟာ လူများကို အကျိုးပြုနိုင်ဖို့၊ လူအများရဲ့ လေးစားမှုကို ခံယူထိုက်ဖို့ဆိုရင် မိမိကိုယ်မိမိ လိုက်နာရမယ့် စည်းကမ်းကိုချမှတ်ရမှာဖြစ်ပြီး အထူးလိုက်နာဖို့လည်း လိုအပ်ပါတယ်။ အဲဒါက “လုပ်သင့်တာကို လုပ်သင့်တဲ့အချိန်မှာ မိမိစိတ်ထဲမှာ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ လုပ်ဖြစ်အောင်ကို လုပ်ရမှာဖြစ်ပြီး မလုပ်သင့်တဲ့အလုပ်ကိုလည်း လုံးဝမလုပ်ဖြစ်အောင် ရှောင်ကြဉ်တာ”ပဲ ဖြစ်ပါတယ်။

**အလုပ်တာဝန်လည်းရှိပြီး ဝင်ငွေလည်း ရရှိနေသူတစ်ဦးဟာ ကိုယ့်ရဲ့ အလုပ်တာဝန်တွေကနေ ရှောင်ဖယ်ပြီး နိုင်ငံဆူပူမှုဖြစ်စေဖို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ပါဝင်နေမိပြီဆိုရင် မနက်ဖြန်ကစပြီး အမှန်ပြင်ဖို့ အချိန်ကောင်းပါပဲ။ မအောင်မြင်မှန်းသိနေတဲ့ CDM ကို ဆင်ခြေဆင်လက်တွေ များစွာပေးပြီး CDM အကြောင်းပြကာ ဆူပူဆန္ဒပြမှုတွေ ဆက်လက်ပြုလုပ်နေရင် အကြောင်းပြချက်ကောင်းတွေ ဖြစ်လာမှာမဟုတ်ဘဲ ဆိုးကျိုးတွေကိုသာ ရရှိခံစားကြရမယ်ဆိုတာကိုလည်း သတိချပ်သင့်ပါတယ်။**

“အသက်ကို ဥာဏ်စောင့်” ဆိုသကဲ့သို့ ဥပဒေဘောင်အတွင်း စည်းကမ်းရှိစွာ နေထိုင်ကြခြင်းဖြင့် နောင်မှတကြရတဲ့ နောင်တမျိုးတွေ ထပ်မဖြစ်အောင် လူငယ်တွေရဲ့ အနာဂတ်လှပအောင်မြင်ရေးကို လက်ဆင့်ကမ်းပေးနေကြတဲ့ မိဘတိုင်း၊ ဆရာသမားတိုင်း၊ မိတ်ကောင်းဆွေကောင်းတိုင်းမှာ တာဝန်ရှိနေတာကြောင့် လမ်းပေါ်ထွက် ဆူပူဆန္ဒပြရင်း တန်ဖိုးရှိတဲ့လူငယ်တွေရဲ့ အချိန်တွေ၊ ဘဝတွေ မကုန်ဆုံးစေရေးအတွက် လူငယ်ဆိုတဲ့ လူ့အရင်းအမြစ်ကို အချိန်မီထိန်းကျောင်းပေးနိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# နိုင်ငံ့ဝန်ထမ်းနှင့် ခံယူချက်

**ချမ်းမွန်**

“ခံယူချက်”သည် လူတစ်ဦး၏ဘဝ လူတစ်ဦး၏ လူမှုပတ်ဝန်းကျင်ကို ထိရောက်မှုများစွာ ရှိပေသည်။ လူတစ်ဦးတစ်ယောက်ပင်ဖြစ်လင့်ကစား တွေ့ကြုံရသော အဖြစ်အပျက်များ၊ ဖြတ်သန်းရသော ဘဝအတွေ့အကြုံများ၊ သင်ယူမှုအသစ်များ၊ အသက်အရွယ်၊ ပြောင်းလဲဖြတ်သန်းရသည့် ပတ်ဝန်းကျင်အဖုံဖုံတို့သည် လူတစ်ဦး တစ်ယောက်၏ တွေးခေါ်မှုပုံစံနှင့် အယူအဆပိုင်းဆိုင်ရာတို့ကို များစွာ ပြောင်းလဲစေပေသည်။ “မှန်သည်”ဟု ယူဆထားသော ကိစ္စများသည်ပင် နောင်တစ်ချိန်တွင် “အမှား”များ ဖြစ်လာနိုင်သကဲ့သို့ ခံယူသိမြင်ပုံကွာခြားမှုကြောင့် တစ်ချိန်က “မှားသည် ”ဟု ယူဆခဲ့သော ကိစ္စများသည်လည်း ယနေ့အချိန်တွင် “အမှန်”များ ဖြစ်လာတတ်ပေသည်။

ယနေ့အချိန်တွင် နိုင်ငံ့ဝန်ထမ်းများတွင်ပင် ခံယူချက်များကွဲလွဲလျက်ရှိသည်ကို တွေ့မြင်ရပေသည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော် ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြသူများဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရအဖွဲ့အစည်းများ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိသည့် ထမ်းဆောင်ရမည့် တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်တို့ကိုလည်း သိရှိလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

လက်ရှိကာလအခြေအနေအရ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)တွင် “ နိုင်ငံ့ဝန်ထမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း”၊ ပုဒ်မခွဲ(င)တွင် “မိမိအား ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း”၊ ပုဒ်မခွဲ(စ) တွင် “ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်း အလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို

> **“ယနေ့အချိန်တွင် နိုင်ငံ့ဝန်ထမ်းများတွင်ပင် ခံယူချက်များကွဲလွဲလျက်ရှိသည်ကို တွေ့မြင်ရပေသည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော် ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြသူများဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရအဖွဲ့အစည်းများ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိသည့် ထမ်းဆောင်ရမည့် တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်တို့ကိုလည်း သိရှိလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ပေသည်”**

လိုက်နာခြင်း”၊ ပုဒ်မခွဲ(ဆ)တွင် “ပါတီနိုင်ငံရေး ကင်းရှင်းခြင်း”တို့ကို လိုက်နာရန် တာဝန်ရှိသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိသည်ကို တွေ့ရှိရပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၈ တွင် “ဝန်ထမ်းကျင့်ဝတ် ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန် ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန်ဆောင်ရွက်ရမည်”ဟူ၍ လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ နည်းဥပဒေပုဒ်မ ၁၆၁၊ ပုဒ်မခွဲ(ဃ) တွင် “ခွင့်စည်းကမ်းများကို ဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်း”၊ နည်းဥပဒေပုဒ်မ ၁၆၂၊ ပုဒ်မခွဲ(ဃ) တွင် “ဥပဒေနှင့် အညီ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း”၊ နည်းဥပဒေပုဒ်မ ၁၆၃၊ ပုဒ်မခွဲ(န)တွင် “လုံခြုံမှု အဆင့်အတန်း သတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက်စာတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အသိပေးခြင်း”၊ နည်းဥပဒေပုဒ်မ ၁၆၃၊ ပုဒ်မခွဲ(ဖ)တွင် “နိုင်ငံတော်လုံခြုံရေးနှင့် တရား ဥပဒေ စိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှု တစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်း”စသည့် ပြစ်မှုတစ်ခုခုအတွက် ဝန်ထမ်းကို ဌာနဆိုင်ရာ အရေးယူ အပြစ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်ကို သိရှိရန်လိုအပ်ပါသည်။

ယခုအခါ နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားကို ရပ်တန့်စေရန် ရည်ရွယ်ချက်ဖြင့် ဝန်ထမ်းအချို့မှ ကိုယ်ပိုင်ခံယူချက်၊ ယုံကြည်ချက်ဖြင့် CDM (Civil Disobedience Movement) လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နေသူများရှိသကဲ့သို့ ခံယူချက်ချင်းတူညီသော်လည်း မိမိလစာငွေတစ်မျိုးတည်းကိုသာ မှီခိုနေရသည့် နောက်ပိုင်းမိသားစုလူမှုရေး အခက်အခဲများကြောင့် CDM လှုပ်ရှားမှုတွင် မပါဝင်နိုင်သည့်ဝန်ထမ်းများ၊ ခံယူချက်ချင်း တူညီမှုမရှိသဖြင့် မပါဝင်သည့် ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်၊ ညွှန်ကြားချက်များအရ အရေးယူခံရနိုင်သည်ကို သိရှိသဖြင့် CDM လှုပ်ရှားမှုတွင် မပါဝင်သည့်ဝန်ထမ်းများ များစွာရှိပေသည်။ ကွဲပြားသည့်ခံယူချက်များဖြင့် CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ဝန်ထမ်းများအား အတင်းအဓမ္မ ရုံးမတက်ရန် လှုံ့ဆော်လုပ်ဆောင်မှုများ၊ CDM လုပ်ရန် တွန်းအားပေးမှုများ၊ ရုံးတက်နေသည့် ဝန်ထမ်းများကို “နိုင်ငံတော်ကို ပုန်ကန်နေသည့် အဖွဲ့တွင်ပါဝင်သူများ”ဟုလည်းကောင်း၊ “လူသတ်သမားများ”ဟုလည်းကောင်း၊ Social Punishment ဟုလည်းကောင်း သတ်မှတ်မှုများကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရပါသည်။

ယနေ့လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းစဉ်တွင် လွတ်လပ်စွာ သဘောထားခံယူချက် ကွဲလွဲခွင့်ရှိပေသည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူနှင့်မတူညီဘဲ မိမိခံယူချက် မိမိယုံကြည်ချက်များကို နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ စည်းဘောင်အတွင်းမှသာ ထုတ်ဖော်သင့်ပေသည်။ “ငါနဲ့မတူ ငါ့ရန်သူ” ဟု မသတ်မှတ်ဘဲ လူတစ်ယောက်ချင်းစီ၏ မတူညီသည့်ခံယူချက်နှင့် ယုံကြည်မှုများကို အပြန်အလှန် နားလည်မှုထားရှိကာ အချင်းချင်း မေတ္တာမပြတ်လေးစားအပ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

**ကိုးကား**

(၁) ဝန်ထမ်းကျင့်ဝတ်၊ ၂၀၁၇။

(၂) နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ၂၀၁၃။

(၃) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ၂၀၁၄။

# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခု ဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများ ဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြားစွမ်းစွမ်းတမံဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြု အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူ ဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့် အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ကျောက်ဖြူ ပုစွန်သားပေါက်စခန်းမှ ပုစွန်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**ကျောက်ဖြူ မတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)နှင့် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ်အတွင်း ရေငန်ပုစွန်မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်း စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပုစွန် သားပေါက်စခန်း များအတွက် မျိုးပုစွန်များရရှိရန် ကမ်းဝေးငါးဖမ်းလှေများနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိသည်။

ကျောက်ဖြူခရိုင်၊ ကျောက်ဖြူပုစွန်သားပေါက် စခန်းမှ ပုစွန်သားပေါက်ကောင် ရေ ၁၃ သိန်းကို မတ် ၉ ရက်က ပေါက်တောမြို့နယ်ရှိ ပုစွန်မွေးမြူသူ ၁၀ ဦးအား ဖြန့်ဖြူးရောင်းချပေးခဲ့သည်။ ကျောက်ဖြူပုစွန်သားပေါက် စခန်းအနေဖြင့် ယခုအချိန်အထိ စုစုပေါင်း သားပေါက်ကောင်ရေ သိန်း ၅၀ ထုတ်လုပ်ဖြန့်ဖြူးပြီးဖြစ်သည်။ ရခိုင်ပြည် နယ်အတွင်းရှိ ပုစွန်မွေးမြူရေးကန်များသည် အများအားဖြင့် သဘာဝဖြည့်စွက်ကန်များဖြစ်ပြီး သဘာဝကန်ကျယ် မွေးမြူနည်းစနစ်ဖြင့် မွေးမြူခြင်း ဖြစ်သည်။ မွေးမြူသူများအနေဖြင့် ပုစွန်သားပေါက် ကို ထည့်နိုင်သလောက် ဖြည့်စွက်ထည့်ပြီး လစဉ် ရေထရက်တိုင်း တစ်နှစ်ပတ်လုံး ပြန်လည်ဖမ်းဆီး ကြသဖြင့် မွေးကန်တစ်ကန်တည်းတွင် ထည့်နိုင်ပါ က တစ်လ နှစ်လလျှင် ပုစွန်သားပေါက်များ ထပ်မံထည့်သွင်းမွေးမြူကြကြောင်း သိရသည်။

ပုစွန်သားပေါက်စခန်းအနေဖြင့် မွေးမြူသူ များအား သားပေါက်များ ဖြန့်ဖြူး ရောင်းချပေးနေ သကဲ့သို့ သဘာဝမြစ်ချောင်း ရေပြင်များတွင်လည်း ပုစွန်သားပေါက်များ မျိုးစိုက်ထည့်ခြင်းလုပ်ငန်း ကိုလည်း နှစ်စဉ် ဆောင်ရွက်နေကြောင်းကို ကျောက်ဖြူ ပုစွန်သားပေါက်စခန်း တာဝန်ခံ ဦးရွှေကျော်အောင်ထံမှ သိရသည်။

**သတင်းစဉ်**



# တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများ၏ ရေအရင်းအမြစ်စစ်တမ်းများ ကွင်းဆင်းကောက်ယူ

**တောင်ကြီး မတ် ၁၀**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေရန် ရည်ရွယ်၍ ပင်တွန်ရွာကြီး ပင်တွန်ကျောင်းနား လုံးတိုင် (တောင်+မြောက်)၊ နောင်ဟိုင်း ကြီး (တောင်+မြောက်)၊ နောင်ဟိုင်းရှေ့ စသည့် ကျေးရွာ ခုနစ်ရွာ၏ ရေအရင်းအမြစ် စစ်တမ်းများကို ယမန်နေ့က ကွင်းဆင်းကောက်ယူသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီး အရာရှိ (နည်းပညာ) ဒေါ်ဝါဝါ ကျော်စိုးနှင့် တာဝန်ရှိသူများက ရေရရှိရေးဆိုင်ရာ အချက်အလက် များ စစ်တမ်းကောက်ယူရာ၌ အသုံးပြုသည့် Rural Water Supply Management Information System– RWSMIS Application ဖြင့် အဆိုပါ ကျေးရွာ ခုနစ်ရွာ၏ လက်ရှိရေသုံးစွဲနေမှု အခြေအနေများ၊ ကျေးရွာဆိုင်ရာ အချက်အလက်များ၊ ရေအရင်း အမြစ်စစ်တမ်းများကို ကောက်ယူ ခဲ့ကြောင်း သိရသည်။

တောင်ကြီးမြို့နယ်အတွင်း ကျေးရွာပေါင်း ၃၇၃ ရွာရှိပြီး အဆိုပါကျေးရွာများမှ ရေရရှိရေး ဆိုင်ရာ အချက်အလက်များကို ဝန်ထမ်းများအဖွဲ့ခွဲ၍ ကောက်ယူ ခဲ့ကြောင်း၊ ကွင်းဆင်းကောက်ယူမှု အနေဖြင့် လက်ရှိအချိန်တွင် ကျေးရွာအားလုံး ကောက်ယူပြီး စီးသွားပြီဖြစ်ကြောင်း၊ ယခုလို အချက်အလက်များ ကောက်ယူ နိုင်မှုကြောင့် ကျေးလက်နေ ပြည်သူများ သောက်သုံးရေရှားပါး မှုဖြစ်ပေါ်ပါက အလှူရှင်သော် လည်းကောင်း၊ သက်ဆိုင်ရာဌာန များမှသော်လည်းကောင်း ရေရရှိ ရေး ဆောင်ရွက်ပေးရာတွင် များစွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း မြို့နယ်ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးမှူး ဦးသန်းနိုင်ကပြော သည်။

**ကျော်ဦး**



# ပလက်ဝတိုင်းဒေသကြီး ပြည်မြို့နယ် အကျိုးတူလယ်ယာစနစ်ဖြင့် အသင်းသားတောင်သူများအား ဆောင်ရွက်ပေး

**ပြည် မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် လယ်ယာ ထွက်ကုန်ပစ္စည်း လက်ကားရောင်းဝယ်ရေး အမှတ် (၃) သမဝါယမအသင်းလီမိတက်သည် တောင်သူအကျိုးတူ လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ အသင်းသား တောင်သူ ၂၈၁ ဦး၏ လယ်ဧက ၁၀၉၀ ကို ထွန်ယက်ခြင်း၊ မျိုးစပါးဖြန့်ဖြူး ခြင်း၊ အချိန်ကာလအလိုက် ဓာတ်မြေဩဇာ ပိုးသတ်ဆေး၊ ပေါင်းသတ် ဆေးဖြန့်ဖြူးခြင်း၊ သီးနှံပေါ်ချိန် ရိတ်သိမ်း ခြွေလှေ့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို စာရင်းမှတ်စနစ်ဖြင့် ဆောင်ရွက်ပေးပြီး သီးနှံရောင်းချပြီးချိန် လုပ်ငန်းဆောင်တာ ဝန်ဆောင်မှုစရိတ်များကို သင့်တင့်သည့် အတိုးနှုန်းသာ သတ်မှတ်ရယူပြီး ဖြစ်ပေါ်လာ သော အကျိုးအမြတ်များအား အကျိုးတူ အသင်းသား တောင်သူများသို့ အကျိုး ဖြစ်ထွန်းစေသည့်စနစ်ဖြင့် အသင်းနှင့် အသင်းသားတောင်သူတို့ နှစ်ဖက်သဘောတူ စာချုပ်ကို ရိုးရှင်းပွင့်လင်းစွာဖြင့် သီးနှံ တစ်ရာသီချင်းအလိုက် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# အမ်းမြို့တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများကို ထောက်ပံ့ကြေးပေးအပ်

**အမ်း မတ် ၁၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် မြို့နယ်လူမှု ဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ် ပထမသုံးလပတ်ငွေကြေးထောက်ပံ့ပေးခြင်းကို ယမန်နေ့က မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ထောက်ပံ့ငွေပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလအတွက် အမ်း မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၃၆ အုပ်စု၊ နယ်မြေခံတပ်များရှိ ကိုယ်ဝန်ဆောင် မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးများ စုစုပေါင်း စာရင်းအရ ၅၃၈၅ ဦးအတွက် စုစုပေါင်းငွေကျပ် ၂၃၂၃၅၀၀၀၀ ထောက်ပံ့ပေးအပ် မည်ဖြစ်၍ ယခုအပတ်တွင် ဈေးရပ်ကွက်၊ ဈေးတောင်ရပ်ကွက်၊ မြောက်ပိုင်းရပ်ကွက်၊ နယ်မြေခံတပ်အချို့အတွက် စုစုပေါင်းငွေကျပ် ၁၉၈၇၅၀၀၀ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ်တွင် ကျန်ရှိသော ကျေးရွာအုပ်စုနှင့် နယ်မြေခံတပ်များအား အပတ်စဉ် လိုက် ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း၊ ငွေကြေးထောက်ပံ့ပေးရေး အစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကြီးမှူးစီစဉ်ထောက်ပံ့ပေးခြင်းဖြစ်၍ ကိုယ်ဝန် ဆောင်မိခင်များကို ငွေကြေးထောက်ပံ့ပေးအပ်ရာတွင် သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာန၏ မိခင်နှင့် ကလေးကျန်းမာရေးစာအုပ် (သို့မဟုတ်) သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဦးစီးဌာနထောက်ခံ ချက်၊ မှတ်ပုံတင်မိတ္တူလိုအပ်ကြောင်း၊ မွေးဖွားပြီးအသက်နှစ်နှစ် အောက်ကလေးငယ်များအား ငွေကြေးထောက်ပံ့ပေးအပ်ရာတွင် သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေး ဦးစီးဌာနတို့၏ အရှင်မွေးလက်မှတ်စာရင်း၊ မှန်ကန်သည့်ပုံမှန်ကာကွယ် ဆေးတိုက်၊ ဆေးထိုးပြီးအခြေအနေပြဇယားတို့ လိုအပ်ကြောင်း၊ ထောက်ပံ့ငွေကြေးများအနေဖြင့်တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် သုံးလတစ်ကြိမ်ငွေကျပ် ၄၅၀၀၀ ထောက်ပံ့ပေးအပ်ခြင်းဖြစ် ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



# သံတောင်ကြီးမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**သံတောင်ကြီး မတ် ၁၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် သံတောင်ကြီးမြို့နယ်အတွင်းဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးရွာများတွင် စီမံကိန်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားခြင်း၊ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရန်အတွက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကျေးရွာ ၂၁ ရွာကို တစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ အား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီများထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်ပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဝင်းဇော်နှင့် ဝန်ထမ်းများက၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းနှင့် သံတောင်ကြီးမြို့ရှိ ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြ

**ဖာပွန် မတ် ၁၀**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြခြင်းကို ယမန်နေ့က ခရိုင်ပြန်/ဆက် ရုံးဝင်း၌ ပြုလုပ်သည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းထက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန် ရှောင်ရန်အချက်များ၊ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့်အုပ်၍ မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြောင်း သိရသည်။

စိုင်းကျော်ဝဏ္ဏ(ပြန်/ဆက်)



# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## မိုးနဲမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**မိုးနဲ မတ် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို မိုးနဲမြို့ ပေါ့မိုင်းရပ်ကွက် ချမ်းသာကြီး ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံတွင် ယနေ့နံနက်ပိုင်းက ထိုးနှံပေးသည်။



ကာကွယ်ဆေးထိုးပေးရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ သာသနာရေးကျောင်းများနှင့် အဖွဲ့အစည်းများ၊ အသက် ၆၅ နှစ်နှင့် အထက်ပြည်သူများ၊ တည်းခိုရေးနှင့် အစားအသောက် လုပ်ငန်းများမှ ပြည်သူများကို မတ် ၁၀ ရက်မှ ၁၉ ရက်အထိ သက်ဆိုင်ရာစုရပ်တွင် နယ်မြေခံ ဆေးတပ်ရင်းများမှ တပ်မတော်သား ဆရာဝန်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မိုးနဲမြို့နယ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဘာသာရေး ကျောင်းများ၊ စုပေါင်းကာကွယ်ဆေးထိုးနှံရမည့်သူများနှင့် အဖွဲ့အစည်းများရှိ လူဦးရေ စုစုပေါင်း ၁၉၆၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## ဇမ္ဗူသီရိမြို့နယ်၌ ဒုတိယနေ့အဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ

**ဇမ္ဗူသီရိ မတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဒုတိယနေ့အဖြစ် ပညာသိဒ္ဓိရပ်ကွက်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ဇမ္ဗူသီရိမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခွင့်ရှိသူ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအပါအဝင် ၆၂၂၂ ဦး စာရင်းပေးသွင်းထားသည်ဟု သိရသည်။ ကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၈ ရက်က စတင်ထိုးနှံပေးခြင်းဖြစ်ပြီး တစ်ရက်လျှင် ရပ်ကွက်နှစ်ရပ်ကွက် သို့မဟုတ် ကျေးရွာနှစ်ရွာနှုန်းဖြင့် ထိုးနှံပေးနေခြင်းဖြစ်သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် မတ် ၈ ရက်မှ မတ် ၁၀ ရက်အထိ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၂၃၉ ဦး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ မတ် ၈ ရက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူများအနေဖြင့် ပြီး ၆ ရက်တွင် ဒုတိယအကြိမ်အဖြစ် ထပ်မံထိုးနှံရမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**



## မိုင်းဆတ်မြို့၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ညှိနှိုင်းစည်းဝေး

**မိုင်းဆတ် မတ် ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို မတ် ၁၀ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး လင်းအောင်မိုးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရာတွင် အဆင်ပြေချောမွေ့စွာ ထိုးနှံပေးနိုင်ရေးအတွက် တပ်မတော်သား ဆရာဝန်များ၊ တပ်မတော်သားသူနာပြုများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရေး အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က မိုင်းဆတ်မြို့နယ်တွင် ဒေသခံပြည်သူ ၃၈၅၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်များကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံပေးမည့်နေရာနှင့် ဆေးသိုလှောင်မည့် အစီအစဉ်များကိုလည်းကောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရာတွင် ကော်မတီများ ဖွဲ့စည်းတာဝန်ပေး၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့်သူများအား ဆေးမထိုးမီတစ်ဦးချင်း သွေးပေါင်ချိန်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လိုအပ်သည့်ကာကွယ်ရေး လမ်းညွှန်ချက်များ ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ကာကွယ်ဆေးထိုးနှံပြီးသူများအား အန္တရာယ် တစ်စုံတစ်ရာ ရှိ မရှိ သိရှိနိုင်ရန် မိနစ် ၃၀ စောင့်ကြည့်ရေး ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြောင်း သိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

## ကျောက်တော်မြို့နယ် ညောင်ချောင်းကျေးရွာ၌ ဘဝအလင်းစာကြည့်တိုက်ဖွင့်

**စစ်တွေ မတ် ၁၀**

ကျောက်တော်မြို့နယ် ညောင်ချောင်းကျေးရွာ၌ ဘဝအလင်းစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၇ ရက်က ညောင်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း အနီးရှိ အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။



ရှေးဦးစွာ ဘဝအလင်းစာကြည့်တိုက်ကို ညောင်ချောင်းကျေးရွာ စာကြည့်တိုက်အသင်း ဥက္ကဋ္ဌ၊ အသင်းအတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ညောင်ချောင်းကျေးရွာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်က စာကြည့်တိုက်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ဩဝါဒကထာ မိန့်ကြားပြီး ဘဝအလင်းစာကြည့်တိုက်အသင်း အတွင်းရေးမှူး ဦးကျော်ဝင်းထွန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြောက်ဦးမြို့ စာပေနှင့် မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ၊ စာရေးဆရာ နေဝင်းအေး၊ ကျောက်တော်မြို့နယ် စာကြည့်တိုက် အသင်းဥက္ကဋ္ဌ၊ စစ်တွေမြို့မှ စာရေးဆရာ အောင်ကြည်မိုး (သင်ပုန်းတန်း)၊ စာရေးဆရာ ဗဂျီးကျော်(စစ်တွေ)၊ ကျောက်တော်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌတို့က အကြံပြု မှတ်ခွန်းစကား ပြောကြားသည်။

ယင်းနောက် မြို့နယ်အသီးသီးမှ ရောက်ရှိလာကြသော စာရေးဆရာများနှင့် စာပေမီဒီယာအဖွဲ့များက စာကြည့်တိုက်အတွက် စာအုပ်၊ စာပေများနှင့် အလှူငွေများကို ထည့်ဝင်လှူဒါန်းပေးကြပြီး ညောင်ချောင်းကျေးရွာ စာကြည့်တိုက်အသင်း ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**တင်ထွန်း**
**(ပြန်/ဆက်)**

## မြဝတီမြို့၌ ကျေးရွာဒေသဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မြဝတီ မတ် ၁၀**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့က မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးနေဝင်းက ရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးကို ကျေးရွာသူကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေစိုးနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၁ ရွာသို့ ကျေးရွာတစ်ရွာကို ငွေကျပ်သိန်း ၁၀၀ စီ ပေးအပ်ရာ ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်ရေး ကော်မတီဝင်များက လက်ခံယူသည်။

မြဝတီမြို့နယ်အတွင်း ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၃၄ ရွာကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်**

## ကျောက်ဆည်ဒေသထွက် ကြက်သွန်နီများ သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဖြန့်ဖြူး

**ကျောက်ဆည် မတ် ၁၀**

နေပြည်တော်သမဝါယမအသင်းစုချုပ်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သမဝါယမအသင်းစုနှင့် ချိတ်ဆက်၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများမှ ထုတ်လုပ်သော ကြက်သွန်နီ ပိသာချိန် ၃၀၀၀ ကို ယမန်နေ့က နေပြည်တော်အတွင်းရှိ သီရိငါးမြို့နယ်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များရှိ သမဝါယမအသင်းသား ပြည်သူများသို့ ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးပေးကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းမီးရထားဘူတာဝင်းအတွင်း အတားအဆီးများဖြင့် ပိတ်ဆို့ထားမှုအား သွေးထွက်သံယိုမရှိ ရှင်းလင်းဖယ်ရှား

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသောအုပ်စုများက ဖေဖော်ဝါရီ ၄ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်းများကို CDM လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းကာအစိုးရရုံးလုပ်ငန်း ယန္တရားပျက်ပြားစေရန် အရှိန်မြှင့်တင်ဆောင်ရွက်လာမှု တစ်ခုအဖြစ် လမ်းပန်းဆက်သွယ်ရေး ရပ်တန့်စေရန် အဓိကကျသော ပစ်မှတ်အဖြစ် မီးရထားအတွက် အဓိကကျသည့် မလွှကုန်းမီးရထားဝင်းတစ်ခုလုံး ထိန်းချုပ်နိုင်ရေးဆောင်ရွက်လာခဲ့သည်။ မလွှကုန်းမီးရထားဝင်းသည် ဝန်ထမ်းများသာမက အရပ်သားများ ခန့်မှန်းစုစုပေါင်း ၅၀၀ ကျော်ခန့် နေထိုင်သည့် အိမ်ထောင်သည်လိုင်းအဆောက်အအုံများရှိပြီး ၎င်းအနက်မှ CDM ဦးဆောင်သူများက အဓမ္မအကျပ်ကိုင်ဖိအားပေးမှုကြောင့် မီးရထားဝင်း တစ်ခုလုံးရှိဝန်ထမ်းများ၊ အရပ်သားများသည် CDM တွင်ပါဝင်ခဲ့ရပြီး မီးရထားစက်ခေါင်းများနှင့် လူစီး/ကုန်တင်တွဲများ ဝန်းပြင်ပသို့ ထွက်ခွာ၍မရအောင် နည်းမျိုးစုံဖြင့် ဖိအားပေးတားဆီးခဲ့သည်။

ထို့ပြင် CDM Supporting လုပ်သူများ၏ နည်းအမျိုးမျိုးဖြင့် စည်းရုံးခြင်း၊ ထောက်ပံ့ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများကြောင့် ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ သဘောဆန္ဒမပါဝင်သော်လည်း CDM ဆက်လက်ဆောင်ရွက်ခဲ့ရမှုအပေါ် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက CDM လုပ်ဆောင်ခြင်းရပ်တန့်၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရေးကို ဖေဖော်ဝါရီ ၄ ရက်မှ မတ်လ ၈ ရက်အထိ အမျိုးမျိုးဖျောင်းဖျပြောဆိုခြင်း၊ မေတ္တာရပ်ခံခြင်းတို့ ဆောင်ရွက်ခဲ့သည်။

သို့သော် အကြမ်းဖက်ရန်လိုသူအုပ်စု၏ သွေးထိုးလှုံ့ဆော်မှု၊ အကျပ်ကိုင်ဖိအားပေးမှုများကြောင့် CDM ဆက်လက်လုပ်ဆောင်လာ၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့လိုအပ်သလို အရေးယူပေးနိုင်ရေးတင်ပြခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များဖြင့် ယနေ့နံနက် ၅ နာရီမှစတင်၍ ဝင်/ထွက်သွားနိုင်သည့် လမ်းကြောင်းများအား အဆင့်ဆင့်ရှင်းလင်းရေး ဆောင်ရွက်ခဲ့ရာ မိသားစုပေါင်း ၅၀၀ ကျော်ခန့်ရှိ မလွှကုန်းမီးရထားဝင်းတစ်ခုလုံးအားနံနက် ၉နာရီတွင် တစ်စုံတစ်ရာ အဓိကရုဏ်းသွေးထွက်သံယိုလုံးဝမရှိဘဲ အေးချမ်းစွာ ထိန်းသိမ်းနိုင်ခဲ့သည်။

ယခုဖြစ်စဉ်တွင် CDM ပြုလုပ်သူ အင်အားများပြားကြသော်လည်း ၎င်းတို့၏ အမှားလုပ်ရပ်ကို သိရှိနားလည်သဘောပေါက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် နားလည်စာနာမှုဖြင့် ထိပ်တိုက်တွေ့ဆုံခြင်းမရှိခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်မှုကြောင့် CDM တွင် မပါမဖြစ် ပါဝင်ရ၍လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အပြည့်အဝပူးပေါင်းခဲ့ခြင်းတို့ကြောင့် သွေးထွက်သံယိုမှုမရှိဘဲ CDMဆန္ဒပြမှုကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ခြင်းဖြစ်ပြီး မီးရထားဝင်းတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားကို အလွန်အကျွံ



ဆေးပေးခန်းအတွင်းမှ CDM ပြုလုပ်သူများအတွက် ထောက်ပံ့ရန် စီစဉ်ထားသော ငွေကျပ် သိန်း ၃၀ ခန့် တန်ဖိုးရှိသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်၊ ဟင်းချိုမှုန့် စသည့်စားသောက်ကုန်မျိုးစုံကို သိမ်းဆည်းရမိကာ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အမျိုးသား ၇ ဦးအား ခေတ္တထိန်းသိမ်းထားကြောင်း သိရှိရသည်။

လူမှုကွန်ရက်များနှင့် ၎င်းမီဒီယာများအပေါ်မှ သတင်းမှားများ လုပ်ကြံဖန်တီးမှုများကြောင့် အကြမ်းဖက် ဆူပူဆန္ဒပြသူများအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားကို အလွန်အကျွံသုံးစွဲဖြေရှင်းကြောင်း ဝေဖန်စွပ်စွဲမှုများရှိနေသော်လည်း လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ဆူပူအကြမ်းဖက်မှုများဖြေရှင်းရာတွင် အကြမ်းဖက်လူအုပ်စု၏ လုပ်ဆောင်ချက်ပေါ်မူတည်၍ ၁၉၅၆ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရုန်းရင်းဆန်ခတ်မှုလက်စွဲနှင့် လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မင်္ဂလာဒုံစက်မှုဇုန် ဇေကမ္ဘာဝင်းရှိ MGE-2 အထည်စက်ရုံမီးလောင်မှုဖြစ်ပွား

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန် ဇေကမ္ဘာဝင်း ဇေကမ္ဘာ ၄ လမ်း အမှတ် ၂၆ ဦးရဲစိန်ထံမှ ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ဂျပန်နိုင်ငံသားတစ်ဦး၏ MGE – 2 ကုတ်အင်္ကျီအထည်ချုပ်လုပ်ငန်းစက်ရုံ အလျား ပေ ၃၃၀၊ အနံပေ ၁၈၀ အဆောက်အအုံ မီးလောင်မှု ဖြစ်ပွားကြောင်း ယနေ့ နံနက် ၇ နာရီ ၃၅ မိနစ်က သတင်းရသဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် ၂၄ စီး၊ ရေသယ်ယာဉ် လေးစီး၊ အထောက်အကူပြုယာဉ် လေးစီး၊ အုပ်ချုပ်မှုယာဉ် လေးစီး၊ သန္ဓေ ၂၇ ဦး၊ အရန် ၅၃ ဦး ထွက်ခွာငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၂၈ မိနစ်တွင် မီးထိန်းနိုင်၍ ၈ နာရီ ၃၅ မိနစ် တွင် မီးလုံးဝ ငြိမ်းသွားကြောင်း သိရသည်။



အဆိုပါ မီးလောင်မှုကြောင့် အဆောက်အအုံ၏ အတွင်းပိုင်းရှိ အထည်အလိပ်များ၊ ကုန်ကြမ်းပစ္စည်းများနှင့် ပိတ်ညှပ်စက်များ၊ ဧရိယာ (၁၀၀x၁၀၀) ပေခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး ၎င်းနှင့်ကပ်လျက် အုတ်တံတိုင်းခြားထားသော ရွှေမင်္ဂလာ(Export)အထည်ချုပ်စက်ရုံ (ဦးရဲစိန် ပိုင်ဆိုင်သည့် အခြားစက်ရုံ) မှာလည်း နံရံသွပ်ပြားနှင့် လူဝင်လူထွက်တံခါးများ မီးဟပ်ခံရပြီး စက်ရုံအတွင်းပိုင်းသို့ ထပ်မံ မီးကူးစက်လောင်ကျွမ်းမှုမဖြစ်ပေါ်စေရန် မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးစားဆောင်ရွက်နိုင်ခဲ့ကြောင်း မီးသတ်ဌာနချုပ်မှ သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဓာတ်ပုံ-မျိုးကြီး

## လယ်ဝေးမြို့နယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ် ရှစ်လုံး မီးလောင်မှုဖြစ်

**နေပြည်တော် မတ် ၁၀**

နေပြည်တော် လယ်ဝေးမြို့နယ်၌ မတ် ၉ ရက်က မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍ နေအိမ် ရှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၉ ရက် မွန်းလွဲ ၂ နာရီက လယ်ဝေးမြို့နယ် ကင်ပွန်းကျေးရွာနေ စံကြီး(၄၇ နှစ်)၏ နေအိမ်ရှိ မီးဖို မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ရာ မိနစ် ၄၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် နေအိမ် ရှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ စံကြီးအား သစ်ပုတ်ပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား



## အမြန်လမ်းမကြီး၌ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်သူများအား အရေးယူထား

**နေပြည်တော် မတ် ၁၀**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ညနေ ၅ နာရီမှ မတ် ၉ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် – မန္တလေး အမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃)တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ် လေးစီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ၁၀ စီး၊ ပလွေးတိုးဂိတ်၌ မော်တော်ယာဉ် ခုနစ်စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် သုံးစီး၊ ပန်းတင်တိုးဂိတ်၌ မော်တော်ယာဉ် တစ်စီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး စုစုပေါင်း ၃၁ စီးအား ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲပြန်ကြား

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မတ် ၁၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးညှင်းမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ မူဆယ်မြို့တွင် ၀ ဒသမ ၂၀ လက်မနှင့် ဗန်းမော်မြို့နှင့် ခန္တီးမြို့တို့တွင် ၀ ဒသမ ၀၄ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသဟောင်း)များနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ) ဦးဆောင်သူများကို ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၁၀**

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသဟောင်း)များနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ) ဦးဆောင်သူများကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ယင်းမှာ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက် နေ့လယ်ပိုင်းတွင် ကျော်ကိုကို၊ လင်းထက်နိုင် (ခ) ဂျိမ်းတို့ ဦးဆောင်သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသဟောင်း)များသည် လက်ရှိ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) ကျောင်းသားအုပ်စုများ၊ ရန်ကုန်ရှိ အခြား ကျောင်းသားသမဂ္ဂများ၊ Generation Wave (GW)နှင့် Future Nation Alliances(FNA) အုပ်စုတို့ ဦးဆောင်သည့် CSO များ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ(NLD)၊ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ(ALD)၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS)တို့နှင့် ပူးပေါင်းကာ အင်အား ၁၀၀၀ ကျော်ဖြင့် တာမွေမြို့နယ် ရဲစခန်းရှေ့ရှိ ဗညားဒလလမ်းတွင် CDM နိုင်ငံရေး အနှောင့်အယှက်ရှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။




အဆိုပါ CDM ဆန္ဒပြသပိတ် အင်အားစုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးပိတ်ဆို့၍ အသံဗုံးများ၊ မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲခြင်းပြုလုပ်၍ ကျား ၁၈၈ ဦး၊ မ ၂၀၀၊ သံဃာ ၁ ပါး တို့ကို ဖမ်းဆီးခေါ်ဆောင်ကာ တာမွေမြို့နယ်၊ ကျိုက္ကဆံကွင်းသို့ ပို့ဆောင်ထိန်းသိမ်းခဲ့သည်။ အဆိုပါ ဖမ်းဆီးထိန်းသိမ်းခံရသူ ၃၈၉ ဦးထဲတွင် ဗကသ ဦးဆောင်သူ ၇ ဦးဖြစ်သည့် ဝေယံဖြိုးမိုး (ဗကသ၊ ဒုဥက္ကဋ္ဌ)၊ လေပြေစိုးမိုး (ဗကသ)၊ ဇော်ထက်နိုင်(ဗကသ)၊ အောင်ဖုန်းမော် (ဗကသ)၊ ဘုန်းထက်နောင်(ဗကသ)၊ သုတစိုး (ရန်ကင်းပညာရေးကောလိပ်ကျောင်းသားသမဂ္ဂ)၊ အေးအောင် (၈၈ ခုနှစ် ကျောင်းသားဟောင်း) တို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရသည်။

CDM သပိတ်စစ်ကြောင်းတွင် ဦးဆောင်ပါဝင်ခဲ့သည့် ဗကသဟောင်း ကျော်ကိုကို (ဆိုရှယ်ဒီမိုကရက်တစ် ညီညွတ်ရေးတပ်ဦး ခေါင်းဆောင်) သည် ဖမ်းဆီးခံခဲ့ရသည့် လူအုပ်ကြားထဲတွင် ပါဝင်ခဲ့သော်လည်း ဆေးရုံသို့ လွှဲပြောင်းပေးမည့် ဆန္ဒပြကိုယ်ဝန်သည် အမျိုးသမီးတစ်ဦးနှင့်အတူ နှလုံးရောဂါသည်အဖြစ် ဟန်ဆောင်လိမ်ညာ၍ နှလုံးအရမ်းဖောက်နေကြောင်း၊ မောနေကြောင်း လိမ်လည်ပြောဆိုကာ ဆန်းထွန်းအောင် အမည်ဖြင့် Ambulance ကားဖြင့် လိုက်ပါကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အမှုဖွင့်ဖမ်းဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖမ်းဆီးရမိခဲ့သည့် တရားခံ ဝေယံဖြိုးမိုး (ဗကသ၊ ဒုဥက္ကဋ္ဌ) နှင့် ဗကသကျောင်းသားများ၏ ဝန်ခံထွက်ဆိုချက်အရ CDM သပိတ်စစ်ကြောင်းတွင် အဓိက ဦးဆောင် ပါဝင်ခဲ့ကြသူများကို အောက်ပါအတိုင်း ဖော်ထုတ်တွေ့ရှိရသည်-

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် (ဗကသဟောင်း)အုပ်စုမှ ကျော်ကိုကို၊ လင်းထက်နိုင်(ခ)ဂျိမ်း၊ မိုးထက်နေ၊ အေးအောင် (ဖမ်းဆီးရမိ)၊ လက်ရှိ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) အုပ်စုမှ သန့်ညီညီဝင်း (ဥက္ကဋ္ဌ)နှင့် ဝေယံဖြိုးမိုး(ဒုဥက္ကဋ္ဌ၊ ဖမ်းဆီးရမိ)၊ ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ နိုင်ငံတော် အလံဖြုတ်ချရာ၌ ပါဝင်ခဲ့ဖူးသူ မင်းဟန်ထက် (ဥက္ကဋ္ဌ)နှင့် သုတကျော် (အတွင်းရေးမှူး)၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ(ရတကသ)မှ ညီဇော် (ဥက္ကဋ္ဌ)၊ အောင်ကောင်းဆက် (ပြန်ကြားရေး)၊ ဟေမာန်စိုးညွန့် (အတွင်းရေးမှူး)၊ လေပြေစိုးမိုး (ကျောင်းသားထု အခွင့်အရေး တာဝန်ခံ၊ ဖမ်းဆီးရမိ)၊ ဘုန်းထက်နောင် (ပညာရေးတာဝန်ခံ၊ ဖမ်းဆီးရမိ)၊ အောင်ဖုန်းမော် (သုတေသနတာဝန်ခံ၊ ဖမ်းဆီးရမိ)။ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ(YUFL)မှ နွေးနွေးစံ (အတွင်းရေးမှူး) ၊ သမဝါယမ တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ (သန်လျင်)မှ ထူးအေးလင်း (ဥက္ကဋ္ဌ)၊ ရန်ကုန်ပညာရေး တက္ကသိုလ် ကျောင်းသားများ သမဂ္ဂမှ ဇော်ထက်နိုင် (ဒုဥက္ကဋ္ဌ၊ ဖမ်းဆီးရမိ)၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ကျောင်းသားများ သမဂ္ဂမှ ပြည့်ဖြိုးဇော် (ဥက္ကဋ္ဌ)နှင့် ကျော်ကျော်လင်း (အတွင်းရေးမှူး)၊ CDM ဆန္ဒပြလှုပ်ရှားမှုတွင် CSO လိုင်းတစ်ခုအနေဖြင့် ဦးဆောင်လှုပ်ရှားနေသည့် Generation Wave(GW)မှ မိုးယံသွေး၊ Future Nation Alliances(FNA) မှ သက်ဆွေဝင်း။ နိုင်ငံရေးပါတီများဖြစ်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)မှ ဖိုးဆောင်း၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(ALD)မှ မျိုးကျော်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ(DPNS)မှ အောင်မိုးဇော်နှင့် နှင်းနှင်းမွှေး၊ အိသဉ္ဇာမောင်။ အလုပ်သမားသမဂ္ဂမှ ကျော်နီနှင့် ဖိုးကျော်တို့ဖြစ်သည်။

အဆိုပါ ဆက်စပ်တရားခံ ကျော်ကိုကို အပါအဝင် ၂၃ ဦးတို့အား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကမာရွတ်၊ တာမွေနှင့် မရမ်းကုန်း ရဲစခန်းအသီးသီးတို့တွင် အမှုဖွင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံ ၂၃ ဦးအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## လမ်းမတော်မြို့နယ်၌ ဖြစ်ပွားခဲ့သည့် လူသတ်မှုဖြစ်စဉ် ကွင်းဆက်တရားခံအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**


၂၀၂၂ ခုနှစ် မတ် ၇ ရက် လမ်းမတော်မြို့နယ် မော်တင်ယာယီဈေးရပ်ကွက် ရွာသစ်ချောင်းလမ်းဘေးတွင် ပါးစပ်၊ လက်နှင့် ခြေတို့တွင် တိပ်များဖြင့်ပတ်လျက် ဦးသိန်းဟန် သေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ လွတ်မြောက်နေသည့် တရားခံပြေးများအား ဖမ်းဆီးရမိရေးအတွက် အပူတပြင်း စုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း စုံစမ်းရှာဖွေဖော်ထုတ်ခဲ့ရာ မတ် ၉ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် လွတ်မြောက်နေသော တရားခံပြေးတစ်ဦးဖြစ်သည့် အာကာ(ခေါ်) သွားကျိုး (၁၉)နှစ်၊ (ဘ) ဦးမြင့်သိန်းအား ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းတွင် တွေ့ရှိရ၍ ဖမ်းဆီးခဲ့ရာ ပြန်လည်ခုခံလာခဲ့သည့်အတွက် ပစ်ခတ်ဖမ်းဆီးခဲ့စဉ် ၎င်း၏ဝမ်းဗိုက်တွင်ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ရာ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူ အာကာ(ခေါ်) သွားကျိုးအား လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ဆက်စပ်တရားခံအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းရှိ CDM လှုပ်ရှားမှုများအတွက် မလေးရှားနှင့် ကိုရီးယားနိုင်ငံရှိ အဖွဲ့အစည်း/လူပုဂ္ဂိုလ်များမှ တရားမဝင်ငွေကြေးထောက်ပံ့ပေးလျက်ရှိ




**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံအတွင်းရှိ CDM လှုပ်ရှားမှုများအတွက် မလေးရှားနှင့် ကိုရီးယားနိုင်ငံရှိ အဖွဲ့အစည်း/လူပုဂ္ဂိုလ်များမှ တရားမဝင် ငွေကြေး ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မတ် ၉ ရက်တွင် နာရေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် မတ် ၃ ရက်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များမှ သိမ်းဆည်းရမိခဲ့သော ၎င်းတို့အဖွဲ့၏ ငွေကြေးဆိုင်ရာ စာရင်းဇယားများနှင့်ပတ်သက်၍ အဆိုပါ ငွေစာရင်းများမှာ စာရင်းသေ အပ်ငွေကျပ် နှစ်ဘီလီယံဖြစ်ပြီး လွန်ခဲ့သော လေးနှစ်ခန့်မှ စတင်ကာ သက်ဆိုင်ရာဘဏ်များ၏ လုပ်ထုံးလုပ်နည်းအတိုင်း စနစ်တကျ အပ်နှံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ကြေညာခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါ ငွေကြေးများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ တရားမဝင် ငွေကြေးလည်ပတ်စီးဆင်းမှုများအား စုံစမ်းစစ်ဆေးခဲ့ရာ မြန်မာနိုင်ငံတွင် Civil Disobedience Movement (CDM) ပြုလုပ်နေသည့် ဝန်ထမ်းများအား အလှူငွေများ ထောက်ပံ့နိုင်ရန်အတွက် ပြည်တွင်း အလှူရှင်များအပြင် ပြည်ပနိုင်ငံများမှလည်း အဆိုပါအဖွဲ့ထံသို့ တရားမဝင်ငွေကြေး လွှဲပြောင်းပေးပို့မှုများရှိနေကြောင်း စိစစ်တွေ့ရှိရသည်။

ထိုသို့ ပေးပို့မှုများအနက် မလေးရှားနိုင်ငံရှိအောက်ပါပုဂ္ဂိုလ်များမှဦးစီး၍ အလှူငွေကောက်ခံမှုများအား ဆောင်ရွက်ကာ မြန်မာနိုင်ငံသို့ တရားမဝင်ငွေကြေး လွှဲပြောင်းမှုများဖြင့် ထောက်ပံ့ပေးပို့နေကြောင်း သိရှိရသည်။

## အလှူငွေများ လွှဲပြောင်းပေးပို့

ဂျိုဟိုးပြည်နယ်၊ စီနိုင်းမြို့ရှိ အသောက ကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့မှ ကောက်ခံရရှိထားသည့် ငွေများအား ဦးကျော်သူ၏ဇနီး ဒေါ်မြင့်မြင့်ခင်ဖေ(ခေါ်) ရွှေဇီးကွက် အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ ဒယ်အိုးဆရာတော် ဦးသုမင်္ဂလ ဦးဆောင်သော ခိုင်မြဲသောလက်များ အဖွဲ့ထံသို့ လည်းကောင်း၊ ဆီလင်ဂေါ်ပြည်နယ်၊ ပီတလင်ဂျာယာမြို့ရှိ ရတနာရာမဘုန်းကြီးကျောင်း၏ ကျောင်းထိုင် ဆရာတော် ဦးဇာဂရဗုဒ္ဓိ အနေဖြင့် CDM အတွက် အလှူငွေ ကောက်ခံရန် "သောကကင်းဝေးနေနိုင်ရေး CDM ကို ဒို့အားပေးအလှူရှင်" ခေါင်းစဉ်ဖြင့် ကောက်ခံလျက်ရှိပြီး မြန်မာနိုင်ငံအတွင်းရှိ CDM ပြုလုပ်သော ဝန်ထမ်းများထံသို့ လည်းကောင်း၊ ကွာလာလမ်ပူမြို့ရှိ ကိုသက်(ခ) သက်ခိုင်စိုး (နှလုံးလှပရဟိတ လူငယ်များ သွေးလှူရှင်)အဖွဲ့မှ CDM အတွက် အလှူငွေများ ကောက်ခံလျက်ရှိပြီး ၂၀၂၂ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရွှေပြည်သာမြို့နယ်၌ CDM ပြုလုပ်နေသည့် ဝန်ထမ်း ၂၀ ဦးနှင့် ဆန္ဒပြဖြစ်စဉ်တွင် သေဆုံးခဲ့သူများအတွက် လည်းကောင်း အလှူငွေများအား လွှဲပြောင်းပေးပို့ခဲ့ရာ ရွှေပြည်သာမြို့နယ် NLD ပါတီဝင်ဦးအောင်ဇော်ထွေးမှ လက်ခံရယူခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် လည်း သမိုင်းဘူတာနှင့် ကံဘဲ့ဘူတာရှိ မီးရထားဝင်းမှ CDM ဆောင်ရွက်နေသည့် ဝန်ထမ်း ၈၅ ဦးအတွက် ငွေလွှဲပြောင်းထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့ကြောင်း။

ထို့ပြင် ဆီလင်ဂေါ်ပြည်နယ်၊ စကင်ချမ်းမြို့ရှိ ကိုမျိုး(ခ) အောင်မျိုးနိုင်(ရွှေမြန်မာပရဟိတ လူမှုကူညီရေးအသင်း)၊ ဂျိုဟိုးပြည်နယ်၊ နီလိုင်းမြို့ရှိ We Love Motherland– MM Malaysia လူမှုကွန်ရက်အကောင့်ပိုင်ရှင် အောင်သန်းညွန့်(ခ) နီလိုင်းဦးအောင် (NLD အမာခံ)၊ ကွာလာလမ်ပူဖက်ဒရယ်နယ်မြေ၊ ကပုန်းမြို့ရှိဒါက်တာဇော်မင်းသန်း(ကပုန်း နာရေးကူညီမှုအသင်း ဒုဥက္ကဋ္ဌ) တို့မှလည်း CDM အတွက် အလှူငွေများကောက်ခံ၍ တရားမဝင် ငွေကြေး လွှဲပြောင်းပေးမှုများ ပြုလျက်ရှိကြောင်း။


မလေးရှားနိုင်ငံရှိ အဆိုပါ အဖွဲ့အစည်း/ လူပုဂ္ဂိုလ်များ အနေဖြင့် မြန်မာနိုင်ငံရှိ CDM ဆောင်ရွက်နေသော ဝန်ထမ်းများအတွက် မလေးရှားရင်းဂစ် ၅၄၉၄၉.၈၉ (မြန်မာကျပ်ငွေ ၁၈၈ သိန်းခန့်)အား Wave Money အပြင် တရားမဝင် ငွေလွှဲလုပ်ငန်းများမှတစ်ဆင့် ပေးပို့မှုများ ပြုလုပ်ခဲ့ပြီး ထိုသို့ပေးပို့ရာတွင် ငွေကြေး လွှဲပြောင်းပေးပို့မှုအများစုအား နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူနှင့် ၎င်း၏ဇနီး ဒေါ်မြင့်မြင့်ခင်ဖေ (ခေါ်) ဒေါ်ရွှေဇီးကွက်ထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း။

ထိုသို့ မလေးရှားနိုင်ငံမှ ကောက်ခံထားသော ငွေများအား မြန်မာနိုင်ငံသို့ တရားမဝင် လွှဲပြောင်းပေးပို့ရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ ဒါက်တာဇော်မင်းသန်း၏နေအိမ်၊ တာမွေမြို့နယ်၊ ရွှေကမ္ဘာ(ဖိနပ်ဆိုင်)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ဘီ(၁၁)လမ်း၊ တိုက်(၂၂)၊ အခန်း(၀၀၄)ရှိ ရွှေနှင်းဆီ (လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) ဆိုင်များထံသို့ တရားမဝင် ငွေကြေး လွှဲပြောင်းပေးမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

## တရားမဝင်ငွေကြေးလွှဲပြောင်း

အလားတူ ကိုရီးယားနိုင်ငံ (NLD စည်းရုံးရေးကော်မတီ–ကိုရီးယားဌာနခွဲ)ဥက္ကဋ္ဌ ရန်နိုင်ထွန်းက ဦးဆောင်၍ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများဖြင့် ဖေဖော်ဝါရီ ၇ ရက်တွင် စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးကော်မတီ (ကိုရီးယား)အား ဖွဲ့စည်းခဲ့ပြီး ဒုတိယခေါင်းဆောင်အဖြစ် စိုးမိုးသူတို့မှ မြန်မာနိုင်ငံရှိ CDM ပြုလုပ်သော ဝန်ထမ်းများအား ထောက်ပံ့ပေးနိုင်ရန်အတွက် ရန်နိုင်ထွန်း အမည်ဖြင့် Nonghyup Bank တွင် အကောင့်အမှတ်၊ 312–0031–6030–71 ဖြင့် ငွေကြေးကောက်ခံခဲ့ပြီး ဖေဖော်ဝါရီလ ၁၉၊ ၂၃၊ ၂၄၊ ၂၇ ရက်နှင့် မတ် ၃ ရက်တို့တွင် ကိုရီးယားဝမ် ၁၆၈၅ သိန်း (မြန်မာကျပ်ငွေ ၂၀၈၆ သိန်း)အား ကိုရီးယားနိုင်ငံရှိ ငွေလွှဲပြောင်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ လည်းကောင်း၊ ကိုရီးယားနိုင်ငံမှ ထိုင်းနိုင်ငံသို့ ဘဏ်လုပ်ငန်းများမှ တစ်ဆင့် ငွေလွှဲပြောင်းပေးပို့ပြီး ထိုင်းနိုင်ငံရှိ ကြားခံအေးဂျင့်များမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ငွေကြေးလုပ်ငန်းများဖြင့် လွှဲပြောင်းပေးခဲ့ကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါ တရားမဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသောဆိုင်များနှင့် ဆက်စပ်တရားခံများအား ပြည်သူများအနေဖြင့် ဝိုင်းဝန်းဖမ်းဆီးပေးနိုင်ပါရန်နှင့် သတင်းရရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# အိုးထရက်ဖို့ဒ်မှာ အေစီမီလန်ကို မန်ယူအသင်း အသာစီးရယူထားနိုင်မလား

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးမှာ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါအဆင့်မှာ နာမည်ကြီး အသင်းများဖြစ်တဲ့ မန်ယူ၊ စပါး၊ ရိုးမား၊ အေစီမီလန်၊ အာဆင်နယ်၊ အိုင်းယက်စတဲ့ အသင်းများ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ်ကောင်းပါတယ်။ ဒါကြောင့် ဘယ်အသင်း က ပထမအကျော့မှာ ရလဒ်ကောင်း ပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### မန်ယူ VS အေစီမီလန်

နောက်ဆုံးတွေ့ဆုံမှု မန်ယူ ၂-၂ မီလန်

ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် မန်ယူအသင်းနဲ့ အေစီမီလန်အသင်းတို့ပွဲစဉ်ကို မတ် ၁၂ ရက် နံနက်အစောပိုင်းမှာ မန်ယူအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ မန်ယူအသင်းက နောက်ဆုံး ၁၁ ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ပွဲစဉ်မှာလည်း မန်စီးတီးအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေပါတယ်။ အေစီမီလန်အသင်းက နောက်ဆုံးလေးပွဲမှာ နှစ်ပွဲနိုင်ပြီး နှစ်ပွဲသရေကျထားတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ယနေ့ပွဲစဉ်မှာ အေစီမီလန်အသင်းမှ မန်ယူအသင်းတိုက်စစ်မှူးဟောင်း အီဗရာဟီမိုဗစ်ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိပါဘူး။ ဒါကြောင့် မန်ယူအိမ်ကွင်းမှာ အသာရသွားနိုင်မလား စောင့်ကြည့်ရမယ်။

### အိုလံပီယာကော့စ် VS အာဆင်နယ်

နောက်ဆုံးတွေ့ဆုံမှု အာဆင်နယ် ၁-၂ အိုလံပီယာကော့စ်

အိုလံပီယာကော့စ်နဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်ကို မတ် ၁၂ ရက် နံနက် ၂ နာရီခွဲမှာ အိုလံပီယာကော့စ်အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဂရိကလပ် အိုလံပီယာကော့စ်အသင်းက ပြီးခဲ့တဲ့ သုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျထားတာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေပါတယ်။ အမှတ်ပေးဇယားမှာလည်း ၂၅ ပွဲကစားပြီး ၆၄ မှတ်ဖြင့် ဦးဆောင်ထားပါတယ်။ အာဆင်နယ်အသင်းကလည်း ပြီးခဲ့တဲ့ပွဲစဉ်သုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျထားတာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေပါတယ်။ ပရီမီယာလိဂ်မှာ ၂၇ ပွဲကစားပြီး ၃၈ မှတ်ဖြင့် အဆင့် (၁၀) မှာ ရပ်တည်နေပါတယ်။ ခြေစွမ်းအတက်ဘက်ရောက်နေတဲ့အသင်းနှစ်သင်းဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အာဆင်နယ် အသာရနိုင်တယ်။

### စပါး VS ဒိုင်နမိုဇာဂရက်

နောက်ဆုံးတွေ့ဆုံမှု -

စပါးအသင်းက လက်ရှိမှာ ဘေးလ်၏ ခြေစွမ်းပြမှုနှင့်အတူ ပုံစံကောင်းရရှိနေပါတယ်။ နောက်ဆုံးလေးပွဲမှာ လေးပွဲစလုံးအနိုင်ရရှိပြီး သွင်းဂိုးက ၁၃ ဂိုးအထိ ရှိထားတာကြောင့် ခြေစွမ်းထက်မြက်နေပါတယ်။ ဒိုင်နမိုဇာဂရက်အသင်းက ခရိုအေးရှားလိဂ်မှာ ၂၃ ပွဲကစားပြီး ၅၄ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။ ပြီးခဲ့တဲ့ ရှစ်ပွဲမှာလည်း ရှစ်ပွဲစလုံးအနိုင်ရရှိထားပါတယ်။ ဒါကြောင့် ဒိုင်နမိုဇာဂရက်အသင်းကလည်း ခြေစွမ်းထက်မြက်နေပါတယ်။ ခြေစွမ်းထက်မြက်နေတဲ့ အသင်းနှစ်သင်းဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါကြောင့် ပထမအကျော့မှာ ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

### အိုင်းယက် VS ယန်းဘွိုင်းစ်

နောက်ဆုံးတွေ့ဆုံမှု -

အိုင်းယက်စ်အသင်းက နယ်သာလန်လိဂ်မှာ ရမှတ် ၆၀ နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။ ပြီးခဲ့တဲ့ နှစ်ပွဲမှာ နှစ်ပွဲစလုံးဂိုးပြတ်အနိုင်ရရှိထားတာကြောင့် ခြေစွမ်းထက်မြက်နေတာကို တွေ့ရတယ်။ ယန်းဘွိုင်းစ်အသင်းက ဆွစ်ဇာလန်လိဂ်မှာ ၅၃ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားပေမယ့် ပြီးခဲ့တဲ့သုံးပွဲမှာ သုံးပွဲစလုံးသရေကျထားတာကြောင့် ခြေစွမ်းအကျဘက်ရောက်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ခြေစွမ်းထက်မြက်နေတဲ့ အိုင်းယက်စ်အသင်းအနေနဲ့ ယန်းဘွိုင်းစ်အသင်းကို ပထမအကျော့မှာ အသာစီးရယူထားနိုင်မလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### ပရော့ဂ် VS ရိန်းဂျား

နောက်ဆုံးတွေ့ဆုံမှု -

စလာဗီရာ ပရော့ဂ်အသင်းက ချက်လိဂ်မှာ ၂၂ ပွဲကစားပြီး ၅၈ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။ ဒါ့အပြင် အဆိုပါ ၂၂ ပွဲမှာ ရဂိုးက ၆၃ ဂိုးအထိ ရှိထားတာကြောင့် တိုက်စစ်အကောင်းဆုံး အသင်းအဖြစ် ရှိနေပါတယ်။ ရိန်းဂျားအသင်းက စကော့တလန်အမှတ်ပေးဖလားကို ပူပူနွေးနွေးဆွတ်ခူးထားတဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် ၃၂ ပွဲမှာ ၂၈ ပွဲအထိ နိုင်ပွဲရရှိကာ လေးပွဲသရေကျထားပြီး ရှုံးပွဲကြုံတွေ့ထားခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ ခြောက်ပွဲမှာ ခြောက်ပွဲစလုံးနိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းအထူးကောင်းမွန်နေပါတယ်။ ခြေစွမ်းအထူးကောင်းမွန်နေတဲ့ အသင်းနှစ်သင်းဆုံတွေ့နေတာကြောင့် ဘယ်အသင်းက ပထမအကျော့မှာ ရလဒ်ကောင်း ပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### ရိုးမား VS ရှက်တာဒိုးနက်

နောက်ဆုံးတွေ့ဆုံမှု ရိုးမား ၁-၀ ရှက်တာဒိုးနက်

ရိုးမားအသင်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ ဖီအိုရင်တီးနားနဲ့ ဂျီနိုအာအသင်းကို နှစ်ပွဲဆက် နိုင်ပွဲရရှိထားပါတယ်။ စီးရီးအေမှာ ၂၆ ပွဲ ကစားပြီး ရမှတ် ၅၀ နဲ့ အဆင့် (၄) နေရာမှာ ရပ်တည်နေပါတယ်။ ရှက်တာဒိုးနက်အသင်းက ပြီးခဲ့တဲ့သုံးပွဲမှာ နှစ်ပွဲရှုံးပြီး တစ်ပွဲအနိုင်ရရှိထားတာကြောင့် ခြေစွမ်းအကျဘက်ရောက်နေပါတယ်။ ယူကရိန်းလိဂ်အမှတ်ပေးဇယားမှာ (၁၇) ပွဲကစားပြီး ၃၆ မှတ်နဲ့ အဆင့် (၂) နေရာမှာ ရပ်တည်နေပါတယ်။ ရိုးမားတိုက်စစ်မှူး မာရိုရယ်က ယူရိုပါလိဂ်ရှစ်ပွဲမှာ ငါးဂိုးအထိ သွင်းယူပေးထားပြီး ရှက်တာဒိုးနက်တိုက်စစ်မှူး မော်ရေစ့်က နှစ်ပွဲမှာ တစ်ဂိုးသွင်းယူပေးထားနိုင်ပါတယ်။ ခြေစွမ်းကျဆင်းနေတဲ့ ရှက်တာဒိုးနက်အသင်းအနေနဲ့ ပထမအကျော့ ရိုးမားအိမ်ကွင်းမှာ အသာစီးရယူထားနိုင်မလား။

## ချန်ပီယံလိဂ်-၁၆ သင်းအဆင့်ကနေ ထွက်ခွာခဲ့ရတဲ့ ဂျူဗီနှင့် နောက်တစ်ဆင့် တက်ရောက်သွားသည့် ဒေါ့မွန်

အောင်ဇော်
စုစည်းသည်




ဂျူဗင်တပ်စ် ကစားသမားများ ပေါ်တိုအသင်း ဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

ချန်ပီယံလိဂ် - ၁၆ သင်းအဆင့် ဒုတိယအကျော့ ပွဲစဉ်အဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် ပေါ်တိုအသင်းတို့ပွဲစဉ်ကို မတ် ၁၀ ရက် နံနက်ပိုင်းက ဂျူဗင်တပ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နှစ်ကျော့ပေါင်း ရလဒ်တစ်ဖက် လေးဂိုးစီတူညီနေသော်လည်း အဝေးဂိုးစည်းမျဉ်းအရ ပေါ်တိုအသင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

နောက်တစ်ဆင့် တက်ရောက်နိုင်ရေးအတွက် ကြိုးပမ်းလာသည့် အသင်းနှစ်သင်းဖြစ်သောကြောင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးကို ပေါ်တိုအသင်းက စတင်ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲချိန် ၁၉ မိနစ်တွင် အိုလီဗီရီယာက ပယ်နယ်တီမှတစ်ဆင့် သွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်း ၄၉ မိနစ်တွင် ဂျူဗင်တပ်စ်အသင်း ချေပဂိုးရရှိခဲ့ပြီး စီရော်နယ်ဒို၏ ဖန်တီးပေးမှုမှတစ်ဆင့် ချီယေဆာက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၅၄ မိနစ်တွင် ပေါ်တိုအသင်းမှ တာရီမီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် ဂျူဗင်တပ်စ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဂွါဒရာဒို၏ ဖန်တီးပေးမှုမှတစ်ဆင့် ချီယေဆာကပင် သွင်းယူပေးနိုင်ခဲ့သည်။ ပွဲအပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးစီတူညီနေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၁၁၅ မိနစ်တွင် ပေါ်တိုအသင်း ဂိုးရရှိခဲ့ပြီး အိုလီဗီရီယာကပင် သွင်းယူပေးနိုင်ခဲ့သည်။

ဂျူဗင်တပ်စ်အသင်းအတွက် တတိယမြောက်ဂိုးကို ပွဲချိန် ၁၁၇ မိနစ်တွင် ဘာနာဒက်ချီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ရာဘီရော့က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ဂျူဗင်တပ်စ်အသင်းရော ပေါ်တိုအသင်းပါ ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ဂျူဗင်တပ်စ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ နှစ်ကျော့ပေါင်းရလဒ် လေးဂိုးစီတူညီနေသော်လည်း အဝေးဂိုးစည်းမျဉ်းအရ ပေါ်တိုအသင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ အခြားပွဲစဉ်တွင် ဒေါ့မွန်အသင်းနှင့် ဆီဗီလာအသင်းတို့ ပွဲစဉ်ကို ဒေါ့မွန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။ သို့သော်လည်း နှစ်ကျော့ပေါင်း ရလဒ် ငါးဂိုး-လေးဂိုးဖြင့် ဒေါ့မွန်အသင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ ဒေါ့မွန်အသင်းအတွက် ဂိုးများကို ဟာလန်းက ပွဲချိန် ၃၅ မိနစ်နှင့် ၅၄ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။ ဆီဗီလာအသင်းအတွက် ဂိုးများကို ပွဲချိန် ၆၉ မိနစ်နှင့် ဒုတိယပိုင်း ပွဲချိန်ပြီးခါနီးတွင် နက်စ်ရီက သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဒေါ့မွန်အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော ဟာလန်းသည် ယခုနှစ်ရာသီ ချန်ပီယံလိဂ်သွင်းဂိုးအများဆုံးစာရင်းတွင် ၁၀ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒေါ့မွန်အသင်းသည် ကွာတားဖိုင်နယ်သို့ ၂၀၁၆-၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် တက်ရောက်နိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

## တောင်ပံကစားသမား မာရက်ဇ်ကို ခေါ်ယူရန် ချိန်ရွယ်နေတဲ့ ရီးရဲမက်ဒရစ်

စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းသည် မန်စီးတီးအသင်းမှ အသက် (၃၀) အရွယ် အယ်ဂျီးရီးယား တောင်ပံကစားသမား မာရက်ဇ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ပြင်သစ်အခြေစိုက် သတင်းအရင်းအမြစ် များတွင် ဖော်ပြထားသည်။ မာရက်ဇ်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၂ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။ ထို့အပြင် မန်စီးတီးအသင်းအတွက် ဂိုးရရှိအောင်လည်း လေးကြိမ်အထိ ဖန်တီးပေးထားနိုင်သည်။ ၎င်းသည် ၂၀၁၈ ခုနှစ်တွင် လက်စတာအသင်းမှ မန်စီးတီးအသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၂၉ ပွဲ ပါဝင်ကစားထားပြီး ၃၃ဂိုး သွင်းယူပေးထားနိုင်သည်။

# CDM ကို သူများတွေနဲ့ ရောယောင်ပြီး ဝင်လုပ်ဖြစ်ခဲ့တာ၊ တကယ်ပြန်စဉ်းစားလိုက်တော့မှ ဘဝတစ်ခုလုံးနဲ့ ရင်းရမယ်ဆိုတာ သိသွားတယ်

စောရွှေထွန်း

## အင်တာဗျူး -မြင့်မိုရ်

လတ်တလော ဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်မှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်း CDM (Civil Disobedience Movement) လှုပ်ရှားမှုများမှာ ပြည်သူအများ လိုလားတောင့်တနေသော ဒီမိုကရေစီလမ်းစဉ်ကို ဆန့်ကျင်နေပြီး အဖျက်အမှောင့် လုပ်ရပ်များကိုသာ ဦးတည်နေသည်။ CDM လှုပ်ရှားမှုသည် တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို မလိုလားသော လူတချို့က နိုင်ငံရေးအမြတ်ထုတ်ကာ နိုင်ငံ့ဝန်ထမ်းများအား မက်လုံးပေးသွေးထိုးနေသော်လည်း အမြင်မှန်ပြန်လည်ရလာသော ဝန်ထမ်းတချို့ကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။ ယခုအခါ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ပြည်သူများ သွားလာနေသော လမ်းမများပေါ်တွင် ပိတ်ပင်တားဆီးမှုများ၊ ရုံးတက်နေသော ဝန်ထမ်းအများစုနှင့် ပြန်လည်တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအား အနှောင့်အယှက်ပေးနေခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ လတ်တလောကြုံတွေ့ ခံစားနေရသူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေရေးသားလိုက်ပါသည်။

### ကိုယ့်လမ်းကြောင်းကို ရွေးချယ်ခွင့်ရှိ

“ ကျွန်မအနေနဲ့ အစကတည်းက ဒီ CDM လှုပ်ရှားမှုမှာ ပါဝင်ဖို့ စိတ်ကူးမရှိတာ။ စိတ်လည်း မဝင်စားဘူး။ နိုင်ငံရေးခံယူချက်မရှိဘူး ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ ကြိုက်သလို ဝေဖန်ပြောလို့ရတယ်။ သူတို့ပြောသလို ဒီမိုကရေစီလမ်းစဉ်လေ။ ကိုယ်ကြိုက်နှစ်သက်ရာ ကိုယ့်လမ်းကြောင်းကို ရွေးချယ်ခွင့်ရှိတယ်။ တကယ်တော့ CDM လှုပ်ရှားမှုကို သူများပြောလို့သာ လိုက်လုပ်၊ လိုက်ပြောနေကြတာ ဘယ်နိုင်ငံက စခဲ့တာလည်းမသိ၊ အဓိပ္ပာယ်မသိ၊ အောင်မြင်ခဲ့လား၊ မအောင်မြင်ခဲ့လား CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့သူတွေ မသိတာ အများကြီးပဲ။ လူငယ်တွေဆိုတော့ မသိလို့ လေ့လာကြလားဆိုတော့ လည်း လေ့လာမှတ်သားတဲ့သူက လက်ချိုးရေလို့ရတယ်။ ကျွန်မကတော့ ရှင်းတယ်။ ဝန်ထမ်းဖြစ်တာနဲ့အညီ နိုင်ငံရေး၊ ပါတီရေးကင်းရှင်းရမယ်လို့လည်း အစကတည်းက ယုံကြည်ထားသလို၊ ကင်းရှင်းအောင်လည်း နေတယ်။ မကင်းနိုင်ရင် ဌာနတွင်းက လူကြီးတွေ ပြောသလိုပေ့ါ။ နိုင်ငံရေးလုပ်ချင်တယ်၊ စိတ်ဝင်စားတယ်ဆိုရင် ဝန်ထမ်းလုပ်ဖို့ စိတ်မကူးနဲ့။ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေရင် မလုပ်နဲ့။ လုပ်ချင်ရင်၊ နိုင်ငံရေးစိတ်ဝင်စားလို့ တကယ်စိတ်ထက်သန်နေရင် ဝန်ထမ်းအဖြစ်ကနေ ရပ်နားပြီးလုပ်။ ဒါဟာ သဘာဝလည်းကျ နည်းလမ်းလည်း မှန်တယ်လေ။ ဝန်ထမ်းဥပဒေ၊ နည်းပဒေနဲ့လည်း မငြိစွန်းတော့ဘူးပေ့ါ။

### တိုင်းပြည်ရဲ့ ဝန်ထုပ်၊ ဝန်ပိုးတွေပဲ

“တချို့ ရှိတယ်။ ဝန်ထမ်းလည်း လက်ရှိ တာဝန်ထမ်းဆောင်နေတယ်။ ဝန်ထမ်းအဖြစ်လည်း ရဲရဲဝံ့ဝံ့ မစွန့်လွှတ်ရဲဘူး။ အထက်က ခိုင်းတာလည်း စိတ်ထဲက မပါတပါနဲ့။ ကွယ်ရာမှ ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ ဟိုပြော ဒီပြောနဲ့။ ဒီကြားထဲ အောက်လက်ငယ်သားတွေကို CDM မလုပ်ဘူးလား၊ CDM လှုပ်ရှားမှုမှာ မပါဝင်ဘူး လားပြောသေးတယ်။ သူတို့ကျတော့ CDM လှုပ်ရှားမှုမှာ ပါဝင်တာ လည်းမဟုတ်။ အထက်က ခိုင်းတာလည်း စိတ်မပါတပါနဲ့။ တချို့ဆို အထက်လူကြီး(ဌာနမှူး) နဲ့ ပေါင်းပြီး ရုံးလည်းမတက်၊ အလုပ်လည်း မလုပ်၊ လစာတော့ လာထုတ်နေတာတွေရှိတယ်။ တကယ်တော့ အဲဒီလိုဝန်ထမ်းတွေက တိုင်းပြည်ရဲ့ ဝန်ထုပ်၊ ဝန်ပိုးတွေပဲ၊ အပေါ်မတင် အောက်မကျနဲ့။ တကယ်ခံယူချက်ပြင်းတယ်၊ နိုင်ငံရေး တကယ်စိတ်ဝင်စားတယ်ဆိုရင် ကျွန်မပြောချင်တာက ဝန်ထမ်းကနေ ထွက်ပြီးတော့ နိုင်ငံရေးလုပ်ပေ့ါ။ ခုတော့ နောက်ကွယ်ကနေ ပုဆိုးထဲက လက်သီးပုန်းပြနေတဲ့ ဝန်ထမ်းတွေ ရှိတယ်။ ကျွန်မကတော့ ဝန်ထမ်း လို့ ကိုယ့်ကိုယ်ကိုယ်ခံယူထားသမျှ ဘယ်အစိုးရ အုပ်ချုပ်အုပ်ချုပ် ဘယ်အစိုးရတက်တက် ဝန်ထမ်းက ဝန်ထမ်းပဲလေ။ အဲဒီလိုခံယူထားလို့ လုံးဝ CDM လှုပ်ရှားမှုကို စိတ်မဝင်စားဘူး။ ဒီ CDM လှုပ်ရှားမှုက အဓိပ္ပာယ်လည်း မရှိဘူးလို့ ခံယူထားတယ်” ဟု ဌာနဆိုင်ရာ တစ်ခု၏ ငွေစာရင်းဌာနတစ်ခုမှ အကြီးတန်းစာရေး ဒေါ်ဖြိုးဖြိုး (နာမည်လွှဲ) က ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအများစုရှိ ဌာနဆိုင်ရာဝန်ထမ်းအချို့သည် CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ စိတ်ဓာတ်ပြင်းထန်ကြသူများရှိသကဲ့သို့ စိတ်ဝင်စားမှုမရှိဘဲ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနဲ့အညီ ဝန်ထမ်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်နေသူအများစုလည်း ရှိနေသည်။ ယင်းသို့ ရုံးတက်နေသော ဝန်ထမ်းအများစုကို CDM လှုပ်ရှားမှုတွင် ပါဝင်သော ဝန်ထမ်းအချို့က ၎င်းတို့ကဲ့သို့ CDM လှုပ်ရှားမှုတွင် ပါဝင်ကြစေရန် အမျိုးမျိုးတွန်းအားပေးမှုများ ရှိကြသည်။ တွန်းအားပေးမရပါက ရန်သူသဖွယ် စောင်းမြောင်းပြောဆိုခြင်း၊ မခံမရပ်နိုင်အောင် ပြောဆိုဝေဖန်ခြင်း စသည်ဖြင့် လိုက်လံ ရန်လုပ်နေသူများလည်း တွေ့မြင်နေရသည်။

> “ဌာနဆိုင်ရာ ဝန်ထမ်းအချို့သည် CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ စိတ်ဓာတ်ပြင်းထန်ကြသူများရှိသကဲ့သို့ စိတ်ဝင်စားမှုမရှိဘဲ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနဲ့အညီ ဝန်ထမ်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်နေသူအများစုလည်း ရှိနေ”

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း နေထိုင်သော ပြည်သူတစ်ဦးဖြစ်သည့် ဟာဂျီ ဦးသန်းမောင်(အမည်လွှဲ)က CDM လှုပ်ရှားမှု နောက်ဆက်တွဲ အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ “ ကျွန်တော် မနေ့ကပဲ ထင်မှတ်မထားတဲ့ မြင်ကွင်းတစ်ခုနဲ့ ကြုံတွေ့ခဲ့ရတယ်။ ရန်ကင်းကအပြန် တာမွေမြို့နယ်အတွင်း အများသူငါ သွားလာနေကြတဲ့ ဗညားဒလလမ်းမကြီးပေါ်မှာ ရင်းနှီးတဲ့ သူငယ်ချင်းက ဦးဆောင်ပြီး သစ်တုံးတွေ၊ ကျောက်တုံးတွေနဲ့ ကားတွေ သွားမရအောင် လုပ်ဆောင်နေတာ တွေ့လိုက်ရတယ်။ သူ့အပါအဝင် သုံးလေးယောက်လောက်ရှိမယ်။ အတော်လေးကို အံ့သြဖြစ်မိသွားတယ်။ အရင်တုန်းက ဒီသူငယ်ချင်းက အခုလို နိုင်ငံရေးတွေ စိတ်ဝင်စားတဲ့သူ မဟုတ်ဘူးပေ့ါ။ နောက် အိမ်ရောက်လို့ ဖုန်းဆက်ကြည့်လိုက်တော့မှ ပတ်ဝန်းကျင်က ဝင်ကူလုပ်ပါဦးပြောလို့ ကူလုပ်တာတဲ့။ သူကတော့ ကြားကောင်းအောင် အဲဒီလို ပြောတယ်ဆိုတာ နားလည်လိုက်ပါတယ်။ ခုနောက်ပိုင်း သတိထားမိလာတာ ကျွန်တော့်ပတ်ဝန်းကျင်က တချို့မိတ်ဆွေတွေ အခုလို လမ်းပိတ်ဆို့မှုတွေ လုပ်လာတာကို တွေ့မြင်နေရတယ်။ ဒီလုပ်ရပ်တွေနဲ့ ပတ်သက်ပြီး ဘယ်သူပဲလုပ်လုပ်၊ ဘယ်အဖွဲ့အစည်းပဲလုပ်လုပ် ကျွန်တော်ကတော့ လုံးဝလက်မခံပါဘူး။

### ရေပေါ် အရုပ်ရေး အရာမထင်ဖြစ်ခဲ့

“အဲဒီ ညနေမှာပဲ လမ်းမတော်မြို့နယ်မှာနေတဲ့တူလေး အိမ်ရောက်လာတယ်။ သူ့သူငယ်ချင်းတွေ ချိန်းထားတယ်။ သိမ်ဖြူမီးပွိုင့်နားမှာ ကျောက်တုံးတွေ၊ ခတ်တိုင်တွေ၊ သဲအိတ်တွေနဲ့ကာဖို့ လုပ်မှာမို့ သွားမယ်ပြောတာကြားတာနဲ့ ကျွန်တော်မေးမိတယ်။ နေပါဦး ရန်ကင်းက ပြန်လာတော့လည်း သူငယ်ချင်းတစ်ယောက် လမ်းတွေ ပိတ်နေတာ တွေ့တယ်။ အများသူငါ သွားတဲ့လမ်းမတွေမှာ မင်းတို့ တစ်တွေ အဲဒီလို လိုက်လုပ်နေတော့ ဘာအကျိုးကျေးဇူးရလာမှာလဲ၊ မင်းတို့ မကျေနပ်တဲ့သူက အဲဒီလမ်းက လာမှာမို့လား။ ဘာအဓိပ္ပာယ်မှ မရှိတဲ့အလုပ်တွေ မလုပ်ပါနဲ့ ငါ့တူရာလို့ ပြောခဲ့ရသေးတယ်။ တကယ်တော့ ပွင့်ပွင့်လင်းလင်းပြောရရင် CDM လှုပ်ရှားမှုက ရန်ကုန်မြစ်အတွင်း ရှာဖွေခဲ့တဲ့ ဓမ္မစေတီခေါင်းလောင်းကြီး ရှာပုံတော်လို ရေပေါ်အရုပ်ရေး အရာမထင်ဖြစ်ခဲ့တယ်လို့ မြင်မိတယ်။ CDM လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ကျွန်တော်တစ်ဦးတစ် ယောက်ရဲ့အမြင်ကို ပြောလိုခြင်းဖြစ်ပါတယ်။ ဘာလို့လဲဆိုရင် မအောင်မြင်လို့ အခုလို အဖျက်အမှောင့်လုပ်ရပ်တွေဘက် ကူးသွားတယ်လို့ မြင်တယ်။ ဒီလုပ်ရပ်တွေနဲ့ ပတ်သက်ပြီး လုံးဝကိုရှုတ်ချပါတယ်”ဟု ဖွင့်ဟသည်။

ရန်ကုန်မြို့တွင်း လမ်းမများပေါ်၌ CDM လှုပ်ရှား ဆန္ဒပြအော်ဟစ်မှုများ ဖြည်းဖြည်းချင်း နည်းသွားသော်လည်း နောက်ဆက်တွဲ လမ်းပိတ်ဆို့မှု အဖျက်အမှောင့်လုပ်ရပ်များမှာ လျော့နည်းသွားခြင်း မရှိသေးပေ။ နေ့စဉ် လုံခြုံရေးတပ်ဖွဲ့များနှင့် စည်ပင်မှ ဝန်ထမ်းများ လိုက်လံဖယ်ရှားရှင်းလင်းသော်လည်း တစ်နည်းတစ်ဖုံဖြင့် လမ်းမများ ပိတ်ဆို့မှုက လုံးဝရပ်တန့်သွားခြင်း မရှိသေးသည်ကို တွေ့နေရသည်။

### ဘဝတစ်ခုလုံးနဲ့ ရင်းရမယ်ဆိုတာ

“ကျွန်တော်က CDM လှုပ်ရှားမှာ ဖေဖော်ဝါရီလလယ်လောက်ကတည်းက ပါဝင်ခဲ့တာပါ။ အဲဒီလို ပါဝင်တဲ့ ရက်ကတည်းက နေပြည်တော်ကနေ မွေးရပ်မြေဖြစ်တဲ့ ရှမ်းပြည်နယ်ကို ရောက်နေတာ။ အခု ဒီကနေ့ ပြန်စဉ်းစားကြည့်လိုက်တော့ ကိုယ့်ကိုယ်ကိုယ် အတော်လေးကို မှားသွားခဲ့မှန်း သိလိုက်ရတယ်။ သိသိချင်းပဲ ရုံးက ဦးစီးကို ဖုန်းဆက်လိုက်တော့ ပြန်လာပြီး အလုပ်ဝင်လို့ ရသေးတယ်လို့ ပြောတယ်။ မင်းကို လောလောဆယ်တော့ လစာမဲ့လုပ်ထားသေးတယ်တဲ့။ ဒါကြောင့် ပြန်လာပြီး အလုပ်ဆင်းဖို့လည်း ပြောပါတယ်။ တကယ်တော့ ဒီ CDM လှုပ်ရှားမှုမှာက သူများတွေလို ဘာတစ်ခုမှ ရလို့၊ မက်မောလို့လည်း လုပ်ခဲ့တာမဟုတ်ပါဘူး။ သူများတွေနဲ့ ရောယောင်ပြီး ဝင်လုပ်ဖြစ်ခဲ့တာ။ တကယ်ပြန်စဉ်းစားလိုက်တော့မှ ဘာအဓိပ္ပာယ်မှမရှိဘဲ ဘဝတစ်ခုလုံးနဲ့ ရင်းရမယ်ဆိုတာ သိသွားခဲ့တယ်။

### ဘဝအတွေ့အကြုံရသွားတယ်

“ CDM လှုပ်ရှားမှုမှာ ပါဝင်ပြီး အလုပ်ပြန်ဝင်ရင်တော့ ပတ်ဝန်းကျင်နဲ့ ရုံးက ဝန်ထမ်းအချို့ ဝေဖန်ကြမယ်၊ ခနဲ့တဲ့တဲ့ ပြောကြမယ်။ ဒါတွေကတော့ စဉ်းစားပြီးသားပါ။ အမေကလည်း ပြောပါတယ်။ ဒီဝေဖန်ပြောဆိုမှုတွေကို ခံနိုင်မှ အလုပ်ပြန်ဝင်တဲ့။ အမေဆိုတော့ သည်းမခံနိုင်ရင် တစ်ခုခုဖြစ်မှာ စိုးရိမ်လို့ပြောတယ်ဆိုတာ နားလည်ပါတယ်။ အဲဒါတွေ စဉ်းစားထားပြီးလို့ အလုပ်ပြန်ဝင်မှာကို အမေ့ကို ဖွင့်ပြောခဲ့တာပါ။ တကယ်တော့ လူတိုင်း အမှားမကင်းကြဘူးလေ။ အမှားသိလို့ အမှန်ပြင်တာသူများ ပစ္စည်းခိုးယူတာမှ မဟုတ်ဘဲ။ မရှက်ပါဘူး။ နောက်နောင် အတွေ့အကြုံရသွားတယ်လို့ပဲ မှတ်ယူရတော့မှာပေ့ါ”ဟု နေပြည်တော်ဝန်ကြီးဌာနတစ်ခုတွင် အငယ်တန်းစာရေးတာဝန်ထမ်းဆောင်နေသော စောရွှေထွန်း(နာမည်လွှဲ) က CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး လုပ်ငန်းပြန်လည်ဝင်ရောက်မှုနှင့် ပတ်သက်၍ ပြောကြားသည်။

ဖေဖော်ဝါရီ လဆန်းပိုင်းမှစ၍ နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုမှသည် ယခုအခါ လမ်းပိတ်ဆို့တားမြစ်မှုအပါအဝင် အခြားအဖျက်အမှောင့် လုပ်ရပ်များကို ပြောင်းလဲလုပ်ဆောင်လာကြသည်။ CDM လှုပ်ရှားမှုရဲ့ အခြေအနေ၊ အကျိုးဆက်များရလဒ်ကို သဘောပေါက် နားလည်ဟန်တူလာကြသည်။ ရောယောင်မှားယွင်းစွာ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သော ဝန်ထမ်းအများစုပင် ယခုအခါ အမှားသိ၍ အမှန်ပြင်ကာ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်လာကြသည်များလည်း ရှိသည်။ နိုင်ငံရေးလုပ်ဇာတ်ခင်းကာ အမြတ်ထုတ်သူတစ်စု၏ သံယောင်လိုက်မှားနေသော ဝန်ထမ်းများအနေဖြင့် လမ်းမှန်ပေါ်သို့ ပြန်လည်ရောက်စေလိုပါကြောင်း ဆန္ဒပြုရင်း . . . . ။


စာအုပ်စာပေ လူ့မိတ်ဆွေ

**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ၂၀၂၀ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ခုနှစ် စက်တင်ဘာလအထိ မြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက် နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်** - ၄-၃-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၃-၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်/** - ၂၅-၃-၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်၊ နေရာ** - ၃၁-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် (၄-၃-၂၀၂၁)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့**
ဖုန်း-၀၅၂-၂၂၂၂၅၄၇

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
## တင်ဒါအမှတ် (1HE/004) အိတ်ဖွင့်တင်ဒါပိတ်သိမ်းမည့်ရက်
## တိုးမြှင့်သတ်မှတ်ခြင်း

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ ဝန်ကြီးဌာနများမှ သံရည်ကျိုအပ်နှံမည့် မော်တော်ယာဉ်၊ ယန္တရား၊ မော်တော်ဆိုင်ကယ်များအား ဖြတ်တောက်၊ သယ်ယူ၊ ပို့ဆောင်၊ အပ်နှံခြင်းလုပ်ငန်းအတွက် တင်ဒါအမှတ် (1HE/004)၏ တင်ဒါပိတ်သိမ်းမည့်ရက်အား ယခင် ၁၂-၃-၂၀၂၂ ရက် (၁၁:၀၀)နာရီ (အစား) ၂၅-၃-၂၀၂၂ ရက် (၁၁:၀၀)နာရီထိ ရက်တိုးမြှင့်သတ်မှတ်ထားကြောင်း သိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ-**
**အုပ်ချုပ်ရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၅၄၁၄၊ ၀၆၇-၃၄၀၅၃၄၉၊ ၀၉-၇၉၇၆၄၀၆၂၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေရိယာ၀ဒသမ ၁၄၆ ဧက၊ မြေကွက်အမှတ် (ဒ-၃၂၀၉၉) ဦးကျော်မင်းထိုက် (ဘ) ဦးသန်းထိုက် ၁၂/တကန(နိုင်)၁၃၂၉၁၇ အမည်ပေါက် (ပါမစ်) မြေကွက်အား ဒေါ်လဲ့ရည်မွန် (ဘ) ဦးရဲမြင့် ၇/ပခန(နိုင်) ၃၀၉၀၇၈မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြို့သစ်မြို့၊ ကွက်သစ်ရပ်ကွက်နေ ဦးတင်လှိုင်မှ အကွက်အမှတ်(၇/ရွှေလရောင်ရပ်)၊ ဦးပိုင်အမှတ်(၇၇)၊ ဧရိယာ(၀ဒသမ ၀၉၁)ဧကရှိ မြေကွက်အား ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံ မြေငှားဂရန်အသစ် လျှောက်ထားလာပါသဖြင့် မြို့သစ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ ရွှေပြားရပ်ကွက်၊ အကွက်အမှတ်(၃၁)၊ ရွှေပြားအကွက်၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ(၀ဒသမ၀၆၃)ဧကနှင့် ဦးပိုင်အမှတ်(၁၀၈-ခ)၊ ဧရိယာ(၀ဒသမ၀၁၉)ဧကတို့ရှိ ဘိုးဘပိုင်(B)၊ မြို့မြေအားအမည်ပေါက်ပိုင်ဆိုင်ခဲ့သူမှာ ဦးမောင်ရွှေခိုင် ဖြစ်ပြီး ၎င်း၏အမွေကို ဆက်ခံပိုင်ဆိုင်လာကာ သားသမီးများက အမည်ပြောင်းလဲမှုအပေါ် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သားသမီးများ-ဦးသိန်းထွန်း၊ ဒေါ်လှမြသိန်း၊ ဦးမောင်မောင်သိန်း၊**
**ဒေါ်အေးမေခင်၊ ဒေါ်မြအေးနု**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ တရုတ်စု၊ ကျောင်းတော်ကြီးလမ်းနေ ဦးလှစိုးနှင့် ဒေါ်လှလှတို့၏သမီး ဝိုင်းစက်(ခ)မစုနန္ဒာဖြိုး ၇/ပမန(နိုင်)၁၉၇၁၁၀ သည် ကျန်းမာရေးမကောင်းသည့် မိဘနှစ်ပါးအား မငဲ့ကွက်ဘဲ မိဘခွင့်မလွှတ်နိုင်သော ကိစ္စများကို မိမိသဘောဆန္ဒအတိုင်း လုပ်ဆောင်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးလှစိုး-ဒေါ်လှလှ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ မြို့ပတ်လမ်း၊ အမှတ်(၁၅/၂၂၂) မြေအကျယ်အဝန်း (အရှေ့ ၃၆ ပေ ၈လက်မ x အနောက် ၄၅ ပေ ၅ လက်မ x အလျားတစ်ဖက် ၂၆ ပေ x ၃၀ ပေ) ရှိမြေအား ပိုင်ရှင်ဖြစ်သူ ဒေါ်ကြည်ကြည်မြင့်ထံမှ (၇-၃-၂၀၂၂)ရက်တွင် နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင် အရောင်းအဝယ်သဘောတူကတိစာချုပ်ချုပ်ဆို၍ ဒေါ်သင်းသင်းစိုးက ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဝယ်ယူထားရှိခဲ့သော မြေနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန်းသန်းစိုး(LL.B,D.B.L)** | **ဒေါ်သီသီအေး(LL.B(Q),D.I.L,C.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၀၆၆၉)** |

**တိုက်အမှတ်(၁၈)၊ မြေညီထပ်(အေ)၊ သင်္ဂဟလမ်း၊ (ဃ)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၀၂၈၀၈၀၉၊ ၀၉-၄၃၁၇၆၀၃၂**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာ မြို့မဈေး၊ ရုံအမှတ် (ခ/၈)၊ ဆိုင်ခန်းအမှတ်(၅) ဆိုင်ခန်းအား နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ နယ်မြေ(၄) နေ ဒေါ်ကျင်စိန် ၉/လဝန(နိုင်) ၀၃၆၈၄၂ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မင်းဝိုင်(၂)လမ်းနေ ဒေါ်မိုးမိုးလွင် ၉/လဝန(နိုင်)၁၃၇၆၅၈ သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၃-၂၀၂၂ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀)နော်လားဘွယ် နှင့် အများသိစေရန် ကြေညာချက်ကြော်ငြာတွင် အပိုဒ်(၂) အမှတ်စဉ်(၃) ဒေါ်မာဝီအား ဒေါ်မာစီဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ရှူးကျေးရွာအုပ်စု၊ ရှူးကျေးရွာနေ ဦးဝင်းစိုးမောင် ၁၁/အမန(နိုင်) ၀၆၉၅၈၂နှင့် ဦးမောင်ဝင်းစိုး အမည်နှစ်မျိုးဖြစ်နေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် သမီး မမျိုးမျိုးဝင်း ၁၁/အမန(နိုင်)၀၇၅၅၃၉နှင့် မနွယ်နွယ်ဝင်း ၁၁/အမန(နိုင်) ၀၈၆၅၂၈တို့၏ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ ဦးမောင်ဝင်းစိုး ဖြစ်ပါကြောင်း။

## အသိပေးကြေညာခြင်း

၁။ မူဆယ်မြို့နယ်၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ် (၂)၊ စစ်တပ်ရပ်၊ ဦးပိုင် အမှတ် (၄)၊ မြေဧရိယာ ၀ဒသမ၀၈၁ ဧကရှိ မြေနေရာအား ဒေါ်ခေါန်ဖန် ၁/မစန(နိုင်)၀၃၅၈၀၀ အမည်ဖြင့် ခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ ၂၅-၁၀-၂၀၁၉ ရက်စွဲပါစာအမှတ်၄/၄-၂၁/ဦး-၆ (၁၂၆၈) ဖြင့် မြေပေးမိန့် ထုတ်ပေးထားရှိခဲ့ပါသည်။ ယခုအခါတွင် အဆိုပါ မြေပေးမိန့်မူရင်းသည် ၎င်းလက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့် မိတ္တူမှန် ပြန်လည်ထုတ်ပေးနိုင်ပါရန် ဒေါ်ခေါန်ဖန်မှ တင်ပြလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များမှ ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစတင်၍ ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တင်ပြမြေနေရာအား ဒေါ်ခေါန်ဖန်အမည်ဖြင့် မြေပေးမိန့် မိတ္တူမှန် ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၅၀၃၊ ၅၀၆၉၀**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၈၂)ဧက၊ မြေကွက်အမှတ်(ဥ-၄၇၀)၊ ဦးမင်းထွေး (ဘ) ဦးကျော်မြ ၉/ပမန(နိုင်) ၁၃၇၈၈၆ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မေဇော်ခိုင် (ဘ) ဦးသိန်းဇော် ၁၀/ကထန(နိုင်) ၀၆၇၇၀၈မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၃-၂၀၂၂ရက်နေ့ထုတ် ဤသတင်းစာ၏စာမျက်နှာ(၃၁)ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဦးပိုင်အမှတ် (၁၈) အား ဦးပိုင်အမှတ် (၁၈၂) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်းဒါယကာ
## ဦးယိုအင်စွန်(ခ)ဦးခွေးလေး
### (သီတာဦးပွဲရုံ)
### အသက်(၉၁)နှစ်

ဒေါ်ကျင်မေ၏ခင်ပွန်း၊ ဦးအောင်သောင်း- ဒေါ်Sandra Taikwel၊ ဒေါ်နွယ် နွယ်အေး၊ ဦးChau-ဒေါ်ခင်ဝင်းသူ၊ ဦးဝင်းကြည်-ဒေါ်သီတာမေ၊ ဦးအောင်မျိုးသိန်း(Adrian)-ဒေါ်ဥမ္မာဝေတို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ Dr. Lawrence Thawng Voom Thang၊ မောင် Andrew Bawi Lian Uk၊ Dr. Christopher San Mang၊ မဖွေးဆုသူ(Hilarie)နောက်ဆုံးနှစ် M.B.,B.S၊ မောင် Matthew A' Tike တို့၏ ချစ်လှစွာသော အဘိုးသည် ၈-၃-၂၀၂၂ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၂၈ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

အံ့ညြဖွယ်သံလွင် ကုမ္ပဏီလီမိတက် ကုမ္ပဏီမှတ်ပုံတင်အမှတ် -115581074 သည် ၉-၃-၂၀၂၂ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ယခင်အစုရှယ်ယာ ၂၀၀၀၀ တန်ဖိုးကျပ်သိန်း ၂၀၀၀ မှ အစုရှယ်ယာ ၁၀၀၀ စု တန်ဖိုးကျပ် သိန်း ၁၀၀ သို့ လျှော့ချမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည့်အတွက် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါရန်နှင့် အများပြည်သူများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**အံ့ညြဖွယ်သံလွင်ကုမ္ပဏီလီမိတက်**

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

တော်ဝင်ကင်း ကုမ္ပဏီလီမိတက် ကုမ္ပဏီမှတ်ပုံတင်အမှတ် -115656864 သည် ၉-၃-၂၀၂၂ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ယခင်အစုရှယ်ယာ ၂၀၀၀၀ တန်ဖိုး ကျပ်သိန်း ၂၀၀၀ မှ အစုရှယ်ယာ ၁၀၀၀ စု တန်ဖိုးကျပ် သိန်း ၁၀၀ သို့ လျှော့ချမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည့်အတွက် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါရန်နှင့် အများပြည်သူများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒါရိုက်တာအဖွဲ့**

**တော်ဝင်ကင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/ရွှေနံ့သာအနောက်ရပ်၊ မြေဧရိယာ ၀ဒသမ၀၈၂ဧက ၊ မြေကွက်အမှတ် (ဥ-၄၆၉)၊ ဦးငြိမ်းမောင် (ဘ)ဦးလှမောင် ၁၃/သပန(နိုင်)၀၃၈၈၉၁ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မေဇော်ခိုင် (ဘ)ဦးသိန်းဇော် ၁၀/ကထန(နိုင်)၀၆၇၇၀၈မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ၊ ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၁)၊ ဦးပိုင်အမှတ်(၂၈၄/၂)မြေကွက်အား မူလက ဦးမဂျီနော်အမည်ဖြင့် မြေခွန်စည်းကြပ်ခဲ့ပါသည်။ ထို့နောက် ဦးပိုင်(၂၈၄/၂ခ)အပိုင်းအား (၂၇-၄-၂၀၁၅) ရက်တွင် အရပ်စာချုပ်ဖြင့် ဦးမဂျီနော်မှ တူဖြစ်သူ ဦးမဂျီမုန်းဆန့်သို့ မေတ္တာဖြင့် ပေးကမ်းခဲ့ပါသည်။ ကျန်ရှိသည့် ဦးပိုင်(၂၈၄/၂က)၊ဧရိယာ(၀ဒသမ၇၀၁)ဧက အပိုင်းကို ဦးမဂျီနော်မိုင် ၁/မကန(နိုင်)၀၄၆၅၀၃အမည်ဖြင့် ယခုအခါ မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ စိတ္တသုခလမ်း၊ မြေကွက်အမှတ် (၅၈၅)၊ မြေအလျားxအနံ (၄၀'x၆၀')၊ စတုရန်းပေ ၂၄၀၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရွှေရည်ဝင်းလဲ့ ၁၄/အဂပ(နိုင်)၁၉၂၇၅၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထားထားနွယ် ၈/ပခက(နိုင်)၁၉၂၉၁၁က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ် (၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်မဖြူ (စစ်တွေ)
### အသက် (၉၀)

[ဒေါက်တာဦးစိန်ထွန်း-ဒေါ်နှင်းမြ (ကျောက်တော်)] တို့၏သမီး၊ [ ဦးဂုရာဖြူ-ဒေါ်လှမဖြူ (စစ်တွေ)]တို့၏ သမီးချွေးမ၊ [ ဦးအောင်လှဖော် (စံပြမုန့်ဆိုင်-စစ်တွေ)] ၏ ဇနီး၊ (ဦးဝင်းမောင်)-ဒေါ်လှလှစံ (စံပြမုန့်ဆိုင်-စစ်တွေ)၊ ဦးမောင်မောင်သာ (1st Eng)-ဒေါ်သိန်းသိန်းစံတို့၏ ချစ်လှစွာသောမိခင်၊ မျိုးခိုင်ထွန်း၊ စိုးလှိုင်ဝင်း၊ မြတ်စိုးထွန်း၊ ဝေယံအောင်၊ ဖူးပွင့်နေခြည်သာတို့၏ ချစ်လှစွာသော အဘောင်ရှင်သည် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ (၈၂- ၆လွှာ A) နေအိမ်၌ ၈-၃-၂၀၂၂ ရက် (တနင်္လာနေ့) ည ၈:၀၅ နာရီတွင် ဇ၆ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၂၂ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဆရာကြီးဦးစိန်ဝင်း
### မော်ကျွန်း အထက(၁)၊ ဘိုကလေး အထက(၁)
### မရမ်းကုန်း အထက(၁)
### အသက် (၈၈)နှစ်

မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၁၄)၊ အောင်ဆန်း(၈)လမ်း၊ အမှတ်(၃)ရပ်ကွက်နေ (ဦးစောမောင်-ဒေါ်မြိုင်)တို့၏သား (ဒေါ်ခင်ခင်မြင့်)၏ခင်ပွန်း၊ ဦးသတိုးတေဇ (ခ) ဦးခင်မောင်ဝင်း- ဒေါ်သန်းသန်းအေး၊ ဒေါ်သီတာဝင်း၊ ဦးအောင်ကိုဦး-ဒေါ်သန္တာဝင်း၊ ဒေါ်ပပဝင်း၊ ဦးလှိုင်မင်းထက်ကောင်း (ဒေါ်စန္ဒာဝင်း)၊ ဦးကောင်းမြတ်ဝင်း-ဒေါ်ဘေဘီဝင်းမြင့် တို့၏မွေးသဖခင်၊ မြေး(၅)ယောက်၊ မြစ်(၁)ယောက်တို့၏ ချစ်လှစွာသော အဘိုး ဆရာကြီးဦးစိန်ဝင်း (မော်ကျွန်း အထက-၁၊ ငြိမ်း)သည် ၉-၃-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက်(၈:၃၀)နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၁၁-၃-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် မော်လမြိုင်ကျွန်းသုသာန်၌ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး/ရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဇမ္ဗူသီရိမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်(၄၄)

| | | |
|---|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်း၏ကိုယ်စား မန်နေဂျာ ဒေါ်အေးအေးစိုး) | နှင့် | ၁။ ဦးလင်းလင်းထွန်း<br>၂။ ဆန္ဒဘုန်းပြည့်မိသားစု ကုမ္ပဏီလီမိတက်<br>၃။ ဦးပြည့်လင်းအောင် |
| တရားလို | | တရားပြိုင်များ |

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ လေ့ကြီးတပ်ကျေးရွာနေ ဦးလင်းလင်းထွန်း(ဘ)ဦးငွေထွန်း(ယခုနေရပ် လိပ်စာ မသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အငှားဝယ်စနစ်ဖြင့် ဝယ်ယူရာတွင် ပေးသွင်းရန်ကျန်ရှိသောငွေနှင့် ရက်လွန်ကြေးငွေ အတိုးငွေ အပါအဝင် စုစုပေါင်းငွေကျပ် (၅၉၅၀၈၇၀/-) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်း ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် မတ် ၃၀ရက်(၁၃၈၂ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခန့်ခြူးငယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဇမ္ဗူသီရိမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
### ပေါက်တောမြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးအမှုအမှတ် - ၈

| | | |
|---|---|---|
| ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)<br>(ယခင်မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်)<br>(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်ဇောလှိုင် (ဒုမန်နေဂျာ)<br>မင်းပြား-ပေါက်တောကားလမ်း၊ ပြည်သူ့ဆေးရုံအနီး<br>အမှတ် (၃)ရပ်ကွက်၊ ပေါက်တောမြို့၊ ရခိုင်ပြည်နယ်) | နှင့် | ဦးမောင်ထွန်းနု ပါ (၂) |
| တရားလို | | တရားပြိုင်များ |

အထက်ပါအမှုတွင် တရားပြိုင်များဖြစ်ကြသည့် (၁) ဦးမောင်ထွန်းနု (ဘ)ဦးနီထွန်းအောင် အမှတ် (၄)ရပ်ကွက်၊ ပေါက်တောမြို့ (ယခုလိပ်စာမသိ)၊ (၂) ဒေါ်နွဲ့နွဲ့ခင် (ဘ) ဦးမောင်ချစ်ဦး၊ ဦးဥတ္တမလမ်း၊ အမှတ် (၄)ရပ်ကွက်၊ ပေါက်တောမြို့ (ယခု လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ကမ္ဘာ့ရတနာဘဏ်လီမိတက်က တရားပြိုင်များထံမှ တရားလိုဘဏ်က ၃၁-၁၂-၂၀၁၉ ရက်ထိ ဘဏ်ချေးငွေအရင်းတိုး စုစုပေါင်း ၄၄၆၁၂၃၃.၄၉ ကျပ်တိတိ (လေးဆယ့်လေးသိန်းခြောက်သောင်း တစ်ထောင်နှစ်ရာသုံးဆယ်သုံးကျပ်နှင့် လေးဆယ့်ကိုးပြားတိတိ)အတွက် ဘဏ်ချေးငွေအာမခံ အပေါင်ပစ္စည်းများထုခွဲရောင်းချပေးစေလိုမှု (အပေါင်ဒီကရီ) လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် မတ် ၂၂ရက် (၁၃၈၂ ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။၎င်းပြင်တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဦးကျော်မြင့်)**
**မြို့နယ်တရားသူကြီး**
**ပေါက်တောနယ်မြို့တရားရုံး**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၀-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၉-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၄၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၆,၈၂၅) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၇၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၀၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



# ရန်ကုန် (ဝါးတန်း/ဒလ) ကားကူးဇက် (ယာဉ်ကူးတို့) ခရီးလမ်း၌ ကုန်စည်နှင့် မော်တော်ယာဉ်များအား ရေယာဉ် နှစ်စင်းဖြင့် ပြေးဆွဲပို့ဆောင်

**ရန်ကုန် မတ် ၁၀**

ရန်ကုန် ဝါးတန်းနှင့် ဒလ ကားကူးဇက် (ယာဉ်ကူးတို့) ခရီးလမ်း၌ ခရီးသည်၊ ကုန်စည်နှင့် မော်တော်ယာဉ်များ ကူးသန်းသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ် ဌာနခွဲ) မှ ကားကူးဇက်ရေယာဉ် နှစ်စင်းဖြင့် အလှည့်ကျ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

" ပြီးခဲ့တဲ့ ရက်တွေက တစ်ရက်ပျမ်းမျှအနေနဲ့ အသွား၊ အပြန် ရှစ်ခေါက် နဲ့ ၁၀ ခေါက်ပဲ ရတယ်။ ယာဉ်အစီးရေ ၁၈၀ ကျော်နဲ့ ၂၀၀ ကျော်ကြား ကူးသန်းသွားလာကြတယ်။ မတ် ၉ ရက်က ၁၂ ခေါက် ပြေးဆွဲပေးနိုင်ခဲ့တယ်၊ ကားအစီးရေ ၂၆၅ စီး ပို့ဆောင်နိုင်ခဲ့တယ်။ ရန်ကုန်ဝါးတန်းဘက်ကမ်းနဲ့ ဒလဘက်ကမ်းတွေမှာ မော်တော်ယာဉ် စုပြုံမှုတွေ မဖြစ်ပေါ်စေရေးနဲ့ ခရီးသည်တွေ အဆင်ပြေချောမွေ့စေဖို့အတွက် ကားကူးဇက် ရေယာဉ် နှစ်စင်းနဲ့ အတတ်နိုင်ဆုံး ပြေးဆွဲပေးသွားမှာပါ။ ပိတ်ရက်တွေဆိုရင်တော့ ခေါက်ရေလျော့သွားတယ်၊ လတ်တလောအခြေအနေမှာ အသွား၊ အပြန် ၁၂ ခေါက်

စာမျက်နှာ ၈ ကော်လံ ၁ ❑

## ယနေ့ သတင်းအညွှန်း

ဂျပန်နိုင်ငံ၌ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ ၄ ဒသမ ၅ ရာခိုင်နှုန်း ရှိကြောင်း သိရ စာ ၁၃

ကိုဗစ်-၁၉ ဆိုင်ရာ နိုင်ငံရေးအားပြိုင်မှုများနဲ့အတူ ကိုဗစ်-၁၉ ရဲ့ အရေးပါမှုများ စာ ၁၄

လူငယ်များအား အသုံးချမှု ရပ်တန်းက ရပ်ကြပါ စာ ၂၀



နည်းပြဂွါဒီယိုလာနှင့် အဂူရို

# အဂူရိုကို နောက်ထပ် တစ်နှစ် အီတီဟက်၌ ဆက်လက်မြင်တွေ့လိုနေသည့် ဂွါဒီယိုလာ

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် အသက် (၃၂နှစ်) အရွယ် အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယို အဂူရိုကို အီတီဟက်၌ နောက်ထပ်တစ်နှစ် ဆက်လက်နေရန် စည်းရုံးနိုင်လိမ့်မည်ဟု မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မန်စီးတီးအသင်းနှင့် အဂူရိုတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းသည် နောက်ဆုံးနှစ်သို့ ရောက်ရှိလာပြီဖြစ်သော်လည်း နည်းပြဂွါဒီယိုလာက အသင်းအတွက် ဂိုးအများဆုံးသွင်းယူထားသည့် အဆိုပါ ကစားသမားကို အသင်းတွင် ဆက်ရှိနေရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

အဆိုပါ အာဂျင်တီးနားတိုက်စစ်မှူးသည် ဇွန်လတွင် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ၎င်းကို ခေါ်ယူမည့် အသင်းများအနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခွင့်ရရှိမည်ဖြစ်သည်။ အဂူရိုကို ဥရောပကလပ်အသင်းအများအပြားက ခေါ်ယူရန် ချိတ်ဆက်ကမ်းလှမ်းခြင်းခံထားရကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် မန်စီးတီးအသင်းအတွက် ဒဏ်ရာကြောင့် ပွဲစဉ်အများအပြားကို လွဲချော်ခဲ့သူဖြစ်ပြီး လက်ရှိအချိန်အထိ ပရီမီယာလိဂ်တွင် ခြောက်ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသည်။ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်တွင် ၂၈ ပွဲကစားပြီးချိန်တွင် ၆၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

အောင်ဇော်